# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၅၆)၊ အမှတ် (၀၅၆)


## ဆရာ တပည့် ဆက်ဆံရေး

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့် ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

**အတ္တဝဂ်(ဓမ္မပဒ - ၁၅၉)**



# (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကျောက်စာတိုင်၌အလေးပြု

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ချီတက်လမ်းလျှောက်ခြင်းနှင့် အထိမ်းအမှတ် ကျောက်စာတိုင်တွင် အလေးပြုခြင်းတို့ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)၊ ကျောင်းသားသမဂ္ဂများမှ အဖွဲ့ဝင်များနှင့် ဒီမိုကရေစီအရေး လှုပ်ရှားသူများအပါအဝင် အင်အား ၁၀၀ ကျော်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိ မဟာအတုလမာရဇိန် ကြေးသွန်းဘုရားကြီးရှေ့၌ စတင်စုဝေးကာ ကျောင်းသားသမဂ္ဂများက ပေးပို့သော သဝဏ်လွှာများကို အသီးသီးဖတ်ကြားကြပြီးနောက် (၉၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရာ ပြည်သူ့ရင်ပြင်သို့ ချီတက်လမ်းလျှောက်ကြသည်။

"၁၉၂၀ နောက်ပိုင်းနှစ်တွေတုန်းက လုပ်ခဲ့တဲ့ အစဉ်အလာအတိုင်း ပြန်လုပ်တာပါ။ အရင်နှစ်တွေတုန်းက မြို့မကျောင်းသားဟောင်းတွေ ကိုယ့်အစီစဉ်နဲ့ကိုယ် လုပ်တာမျိုးတွေ ရှိပါတယ်။ အခုတော့ အားလုံးတစ်စုတစ်ဝေးတည်း လုပ်ခွင့်ရတဲ့အတွက် အင်မတန်ကောင်းပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၃* ◆

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆရာကြီး ဦးရာဇတ် ကြေးရုပ်တုဖွင့်ပွဲ တက်ရောက်



သတင်း၊ စာမျက်နှာ-၃

## သုံးနိုင်ငံချစ်ကြည်ရေး ကားမောင်းပွဲခရီးစဉ် တမူးနယ်စပ်သို့ ရောက်ရှိ




သတင်း၊ စာမျက်နှာ-၇

**မောင်တောခရိုင်ရှိ မြင်းလွတ်နှင့် ခမောင်းဆိပ်တို့ကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းမည်**

စာမျက်နှာ-၆

**တီပီပီနှင့် အာရ်ဆက်ပ်မည်သို့ပင်ရှိစေ ဘက်ပေါင်းစုံပါဝင်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများတွင် တရုတ်ပါဝင်မည်**

စာမျက်နှာ-၁၀

**အိုဘားမားလက်ထက်က ဒဏ်ခတ်အရေးယူမှုများကို ဒေါ်နယ်ထရမ့် ဆက်လက်ဆင်နွှဲမည်လော**

စာမျက်နှာ-၁၁


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# နိုင်ငံကာကွယ်ရေးနှင့် လုံခြုံရေးအတွက် လိုအပ်သော မဟာအင်အား

မကြာသေးမီရက်ပိုင်းအတွင်းက ရန်ကုန်မြို့ရှိ လူစည်ကားရာဈေးဝယ်ကုန်တိုက်ကြီးများအတွင်း အသေးစားပေါက်ကွဲမှုများ ဖြစ်ပွားခဲ့သည့် သတင်းများ မီဒီယာများတွင် ပါရှိလာသည်။

အဆိုပါ ပေါက်ကွဲမှုများတွင် အားဖြည့်အချိုရည်ပုလင်းများအတွင်း ဓာတုဆေးရည်များကို ထည့်သွင်း၍ အခြေအနေတစ်ရပ်တွင် ပေါင်းစပ်စေကာ ပေါက်ကွဲမှုဖြစ်ပွားအောင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။ လူစည်ကားရာကုန်တိုက်ကြီးများတွင် ကိုယ်ပိုင်လုံခြုံရေးအစီအစဉ်များ၊ လုံခြုံရေးဝန်ထမ်းများရှိပြီးဖြစ်သကဲ့သို့ ပုံမှန်စစ်ဆေးမှုများ ပြုလုပ်လေ့လည်းရှိကြရာ အဆိုပါ လုံခြုံရေးစနစ်ကို ကျော်ဖြတ်နိုင်သည့် နည်းလမ်းတစ်ရပ်ကို အသုံးပြုခဲ့ကြခြင်း ဖြစ်ဟန်တူပြီး ၎င်းဖောက်ခွဲမှုကို ပြုလုပ်ခဲ့သည့် မသမာသူတို့က ပြည်သူလူထု အထိတ်တလန့်ဖြစ်ရုံ၊ အသံမြည်ရုံသက်သက်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ရန် ခက်သည်။

သည့်မတိုင်မီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ကန့်သတ်နေရာများသို့ ကျူးကျော်ဝင်ရောက်မှုနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ရာ အဆိုပါ ဝင်ရောက်မှုများမှာ မသိနားမလည်၍ အမှတ်တမဲ့ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်ဟုပင် လွယ်လွယ်ဖြင့် ယုံကြည်စိတ်ချထားရန်ခက်သည်။ အဆိုပါ ဖြစ်ရပ်များမတိုင်မီကလည်း သတင်းတစ်ရပ်တွင် တစ်ဖက်နိုင်ငံသားလင်မယားဟုဆိုသူ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့က ၎င်းတို့၏ ဇာတိရပ်ရွာကိုပြန်ရန်ဟုဆိုကာ မြန်မာနိုင်ငံ၏ အရှေ့ဘက်တံခါးတစ်ခုဖြစ်သည့် မြဝတီမှသည် အနောက်ဘက်တံခါးရှိရာ ရခိုင်ပြည်နယ်သို့အရောက် အထောက်အထားမဲ့ဝင်ရောက်ဖြတ်သန်းခဲ့သည်ကိုလည်း ဖတ်ရှုခဲ့ရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က မြန်မာနိုင်ငံ မောင်တောမြို့မှသည် စစ်တွေ-ရန်ကုန်-မော်လမြိုင်-ကော့သောင်း-ရနောင်းအထိ ခြေကျင်သွားရောက်ခဲ့ကာ ယင်းမှသည် နိုင်ငံရပ်ခြားသို့ထွက်ခွာခဲ့ပြီး လွန်ခဲ့သည့်နှစ်နှစ်ခန့်က ရန်ကုန်သို့ ပြန်လည်ဝင်ရောက်ကာ ယင်းမှတစ်ဆင့် ပျဉ်းမနားကို ခြေကျင်လျှောက်သွားရင်း ပြီးခဲ့သည့် ရက်ပိုင်းက လမ်းတွင်ဖမ်းမိခဲ့သည့် အထောက်အထားမဲ့ လျှောက်သွားနေသူ တစ်ဦးသတင်း ပါရှိခဲ့သည်။

အထက်ပါ သတင်းများမှာ မီဒီယာများတွင် ပါရှိခဲ့သော ဖြစ်ရပ်များဖြစ်ပြီး သတင်းမီဒီယာများက မသိရှိခဲ့ရသော ဖြစ်ရပ်များလည်း များစွာ ရှိနေလိမ့်မည်ဟု ယုံကြည်မိသည်။ ရပ်ကွက်တစ်ခုအတွင်း လူဝင်လူထွက်များကို တင်းတင်းကျပ်ကျပ် စောင့်ကြည့်စစ်ဆေးသည့် ခေတ်ကာလမျိုးမှာပင် လူစည်ကားရာမြို့ကြီးများ၌နေထိုင်ခဲ့ရုံမက ခြေကျင်လှည့်လည်သွားလာကာ နယ်စပ်ကိုပင်ဖြတ်ကျော်ထွက်သွား/ပြန်ဝင်လုပ်နိုင်ခဲ့သည့်အနေအထားကို ကြည့်ခြင်းအားဖြင့် သာမန်လူဝင်၊ လူထွက်ကိစ္စဟူ၍သာ ရှုမြင်ရန် မဟုတ်တော့ဘဲ နိုင်ငံကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအထိ မျှော်တွေးကြရန် လိုအပ်မည်ဟု သုံးသပ်မိသည်။ ရဲတပ်ဖွဲ့နှင့်သာဆိုင်သည့်ကိစ္စ၊ လုံခြုံရေးဝန်ထမ်းများနှင့်သာဆိုင်သည့်ကိစ္စ၊ လူဝင်မှုကြီးကြပ်ရေးနှင့်သာဆိုင်သည့်ကိစ္စအဖြစ်သာ ပေါ့ပေါ့ တန်တန် မမြင်ဘဲ ပေါင်းစပ်ဆောင်ရွက်ကြရန်နှင့် လုံခြုံရေးသတိအစဉ်ရှိကြရန် တိုက်တွန်းလိုသည်။

ရှေးတရုတ်ဘုရင်များလက်ထက်က ပိုင်နက်နယ်မြေများ ကာကွယ်ရေး၊ ရန်သူတို့ ကျူးကျော်ဝင်ရောက်မှုများကို တားဆီးနိုင်ရေးအတွက် မိုင်ပေါင်းများစွာ ရှည်လျားသော မဟာတံတိုင်းကြီးကို တည်ဆောက်ခဲ့သည်။ ကျူးကျော်ရန်ကို ကာကွယ်နိုင်ရေးအတွက် တံတိုင်းကြီးပေါ်တွင် ပြအိုး၊ ပစ္စင်၊ ရင်တားများ၊ အစောင့်စစ်သည်များနှင့်တကွ အခိုင်အမာကာကွယ်ထားခဲ့သည့်တိုင်အောင် အကြိမ်ပေါင်းများစွာ ကျူးကျော်ဝင်ရောက်ခံခဲ့ရကြောင်း မှတ်သားခဲ့ရဖူးသည်။ ဆိုလိုသည်မှာ နယ်မြေတစ်ခုသို့မဟုတ် တိုင်းပြည်နိုင်ငံတစ်ခုကို ကာကွယ်မှုတွင် အဓိကကျသည်မှာ သက်မဲ့နံရံတံတိုင်းများမဟုတ်ဘဲ သက်ရှိနိုင်ငံသား၊ တိုင်းသူပြည်သားများပင်ဖြစ်သည်။ နိုင်ငံကာကွယ်ရေး၊ ရပ်ရွာလုံခြုံရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများရှိနေသည့်တိုင် နိုင်ငံအပေါ် သစ္စာစောင့်သိရှိသေသော နိုင်ငံသူ နိုင်ငံသား၊ တိုင်းသူ ပြည်သားများ၏ မိမိတို့နိုင်ငံအပေါ် ကာကွယ်ရေးနှင့် လုံခြုံရေးသတိတို့က နိုင်ငံအတွက် ကြီးမားလှသော မဟာအင်အားဟု ဆိုနိုင်ပါကြောင်း။ ။

# ပန်းတဥ်းတန်းအရုဏ်တော်ဝတ်အသင်း ရွှေပြားသင်္ကန်းတော်များ လှည့်လည်အပူဇော်ခံ

**ကြည့်မြင်တိုင် နိုဝင်ဘာ ၂၄**

ကြည့်မြင်တိုင်မြို့နယ် ပန်းတဥ်းတန်းအရုဏ်တော်ဝတ်အသင်းကြီးမှ ကြီးမှူး၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၇၅)ကြိမ်မြောက် ရွှေရတုအဖြစ် ဆက်ကပ်လှူဒါန်းပူဇော်မည့် ရွှေပြားသင်္ကန်းတော်များ လှည့်လည်အပူဇော်ခံပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်းမနှင့်တော်ဝင်လမ်းထောင့်ရှိ အသင်းဓမ္မာရုံမဏ္ဍာပ်မုခ်ဦးရှေ့၌ ပြုလုပ်သည်။

ထို့နောက် ပထမနေ့အဖြစ် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံပြီး ဒုတိယနေ့ နိုဝင်ဘာ ၂၄ ရက်တွင် စမ်းချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။



စေတီတော်ဂေါပကအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ပြီးခဲ့သောနှစ် (၇၄) ကြိမ်မြောက်အထိ တစ်ပေပတ်လည်ခြောက်ကျပ်သား၊ ငါးကျပ်သား၊ သုံးကျပ်သား၊ နှစ်ကျပ်သား၊ တစ်ကျပ်သားရွှေပြားသင်္ကန်းတော် ၁၀၁၀ ပြား၊ ရွှေစင်ရွှေသား အလေးချိန် ၂၆ ပိဿာ ၁၉ ကျပ်သားကို အောင်မြင်စွာလှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် (၇၅)ကြိမ်မြောက် စိန်ရတုတွင် ရဟန်းရှင်လူပြည်သူအများကောင်းမှု ရွှေပြားများ၊ ရွှေပဒေသာပင်ဘဏ်အတိုးရငွေမှ ရွှေပြားများ၊ အာစိဏ္ဏကံစုဘူး အလှူရှင်များမှ ရွှေပြားများ၊ အင်းစိန်ကြို့ကုန်း သီရိရတနာဓမ္မာရုံမှ လှူဒါန်းသော ရွှေပြားများ၊ တစ်ဦးချင်းနှင့်မိသားစုအလိုက် လှူဒါန်းထားသော ရွှေပြားများ လှူဒါန်းမှုအဖြစ် တစ်ပြားလျှင် အလေးချိန်တစ်ကျပ်သားစီရှိသော ရွှေပြားသင်္ကန်းတော် ၂၈၈ ပြား၊ ရွှေစင်ရွှေသား အလေးချိန် နှစ်ပိဿာ ၈၈ ကျပ်သား (တန်ဖိုးငွေကျပ် ၁၇၂၈ သိန်း) လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ထင်သာမြင်သာပြုပြင်စရာ

# ယာဉ်သွားလမ်းပေါ်ချထားသောဆိုင်းဘုတ်များကြောင့် ခရီးသွားပြည်သူများအနှောင့်အယှက်ဖြစ်

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့သည် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ လူဦးရေထူထပ်ပြီး မော်တော်ယာဉ်အသုံးပြုမှုများပြားသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိ၍ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ/ယာကို တိုးချဲ့ပေးခဲ့သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမှ အထိုက်အလျောက် အဆင်ပြေခဲ့သည်။




သို့ရာတွင် မကာဟိုခမ်းရပ်ကွက် (အထက)အနီးရှိ ဝန်ဆောင်မှုလုပ်ငန်းကို ယခုအခါ လူသွားစင်္ကြံသာမက ယာဉ်သွားလမ်းပေါ်အထိပါ ၎င်းတို့၏ ဆိုင်းဘုတ်များကို ပိတ်ဆို့ချထားသဖြင့် ခြေကျင်သွားလာသူများနှင့် ယာဉ်အသုံးပြုသူများအတွက် အနှောင့်အယှက်ဖြစ်စေလျက်ရှိသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို အရေးယူဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။

**မောင်ယဉ်ကျေး**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများလှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ယနေ့အထိ အလှူငွေလက်ခံရရှိမှုစုစုပေါင်းမှာ ငွေကျပ် ၇၈၆၀၀၀ ဖြစ်ကြောင်း သိရသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း၌ ကျင်းပမည်ဖြစ်ပြီး အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ · ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ · ၅၉ |
| ထိုင်း | တစ်ဘတ် | ၃၆ · ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ · ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၆၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။






အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများက ဆရာကြီးဦးရာဇတ်ရုပ်တုကို ဖွင့်လှစ်ပြီးတွေ့ရစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆရာကြီးဦးရာဇတ် ကြေးရုပ်တုဖွင့်ပွဲ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတက္ကသိုလ် ထူထောင်ပေးခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ကျဆုံးခဲ့သည့် အမျိုးသားစီမံကိန်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဆရာကြီးဦးရာဇတ်ရုပ်တုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ရာဇတ်ခန်းမဆောင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆရာကြီး ဦးရာဇတ်ရုပ်တုဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်က ရုပ်တုဖြစ်မြောက်ရေး ကြိုးပမ်းအားထုတ်မှုအကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆရာကြီးဦးရာဇတ်၏ သားကြီးဦးတင်မြင့်နှင့်မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က ကျေးဇူးတင်စကားများ ပြောကြားကြပြီး ပါဠိဘာသာ ထူးချွန်ဆုရကျောင်းသူအား ရွှေတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းကို ဆရာကြီး ဦးရာဇတ်၏သားကြီး ဦးတင်မြင့်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆရာကြီးဦးရာဇတ်ရုပ်တုကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ရုပ်တုဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်၊ သားကြီးဦးတင်မြင့်နှင့်တာဝန်ရှိသူများက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)**

# မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းနှင့် မွတ်စလင်အဘွားများသုခရိပ်သာသို့ အလှူငွေများပေးအပ်



ရန်ကုန် နိုဝင်ဘာ ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် မေရီချက်(ပ်)မင်း နားမကြားသောကလေးများကျောင်းသို့ အလှူငွေ သိန်းသုံးဆယ် ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားတွင် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ညွှန့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျောင်းသမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါ ကျောင်းအတွင်း နားမကြားသောကလေးများ လက်တွေ့သင်ကြားနေမှုများ၊ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးမှုအစီအစဉ်များကို လှည့်လည်ကြည့်ရှုသည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံခရစ်ယာန် အသင်းတော် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းသည် နားမကြားသော ကလေးများကိုပညာသင်ကြားပေးရန်နှင့် ပညာသင်ကြားပေးမည့် ဆရာဆရာမများမွေးထုတ်ပေးရန် ရည်ရွယ်လျက် ၁၉၂၀ပြည့်နှစ်တွင် ဗြိတိသျှအမျိုးသမီး Ms. Mary Chapman က ဖွင့်လှစ်ပေးခဲ့သည်။ ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၃၇၀ ကျော် ပညာသင်ကြားလျက်ရှိသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် သုခလမ်းရှိ ကျိုလီယာမွတ်စလင် သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးဖွင့်လှစ်ထားသည့် အဘွားများသုခရိပ်သာသို့ အလှူငွေကျပ်သိန်းနှစ်ဆယ် ပေးအပ်လှူဒါန်းသည်။

**(သတင်းစဉ်)**

# ၂၀၁၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကျင်းပ၊ ပြည်ထောင်စုဝန်ကြီး ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၁၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း လာရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ခန်းမအတွင်း လက်ဝတ်ရတနာဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ ရတနာကုန်သည်များ စျေးနှုန်းတင်သွင်းလွှာများတွင် အချက်အလက်များ ဖြည့်စွက်ရေးသားအဆိုပြု၍ သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှု၊ ကော်မတီအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သဘာပတိအဖွဲ့ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြပွဲပဉ္စမနေ့တွင် အခြေခံစျေး ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀ အထိ တန်ဖိုးသတ်မှတ်သည့်ကျောက်စိမ်းအတွဲများနှင့် အခြေခံစျေး ယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀ အထိ တန်ဖိုး သတ်မှတ်ထားသည့် အချောထည်ကျောက်စိမ်းအတွဲ စုစုပေါင်း အတွဲ ၁၂၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထပ်မံရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် နံနက် ၈ နာရီမှစ၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်၊ စျေးပြိုင်စနစ်တို့ဖြင့် ရောင်းချရန် ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် အချောထည်ကျောက်စိမ်းအတွဲများကို မိမိတို့စိတ်ကြိုက်လွတ်လပ်စွာ လှည့်လည်ကြည့်ရှု ရွေးချယ်မှတ်သားခြင်း၊ စျေးနှုန်းတင်သွင်းလွှာများတွင် အချက်အလက်များ ဖြည့်စွက် ရေးသားအဆိုပြု၍ သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ပြပွဲဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ် ကူညီဆောင်ရွက်ပေးကြသည်။

ယခုပြပွဲ၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၆ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၇ ရက်တွင် ကျောက်စိမ်းအတွဲ ၁၁၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျောက်စိမ်း အတွဲ ၃၅ တွဲနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၆၆ တွဲကို စျေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်စီ (သတင်းစဉ်)**

# အမျိုးသားနေ့အထိမ်းအမှတ် ပြည်တွင်းငြိမ်းချမ်းရေးတောင်းဆိုပွဲ မုံရွာမြို့၌ ပြုလုပ်

**မုံရွာ နိုဝင်ဘာ ၂၄**

အမျိုးသားနေ့အထိမ်းအမှတ်ပြည်တွင်းငြိမ်းချမ်းရေး တောင်းဆိုပွဲကို မုံရွာမြို့ရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ်အပါအဝင် ငြိမ်းချမ်းရေးကို လိုလားသောပြည်သူများပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက လမ်းလျှောက် ဆန္ဒဖော်ထုတ်ခြင်းနှင့်အတူ မုံရွာကန်သာယာရှိ လွတ်လပ်ရေးကျောက်တိုင်ကျွန်းတွင် ငြိမ်းချမ်းရေးတောင်းဆိုခြင်းများကို ပြုလုပ်ခဲ့သည်။

"အမျိုးသားနေ့ကိုလွတ်လပ်ရေးရပြီးစကာလက လွတ်လပ်ရေးလှိုင်းကြီးနဲ့အတူတက်တက်ကြွကြွ ဆောင်ရွက်ရာကနေ ဖဆပလအစိုးရတက်လာပြီးတဲ့နောက် ပြည်တွင်းစစ်တွေဖြစ်ရာက ငြိမ်းချမ်းရေးဟာ အလှမ်းဝေးသထက်ဝေးလာတာနဲ့အတူ အမျိုးသားနေ့ကိုလည်းအလှမ်းဝေးအောင် ပြုလုပ်ထားကြတာ ခေတ်အဆက်ဆက်ယနေ့တိုင်ပါပဲ။ ၁၉၂၀ ခုဝန်းကျင်က အမျိုးသားရေးစိတ်ဓာတ်တွေနဲ့ ပြန်လည်ကျင်းပတာတွေ မတွေ့ရတာဒီနေ့အထိပါပဲ"ဟု သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက် နာယက ဆရာကြီး ဦးအံ့မောင်က ပြောပြသည်။

နှစ် ၇၀ နီးပါး ပြည်တွင်းစစ်မီးကြောင့် ပြည်ထောင်စုကြီး၏ သက်ရှိသက်မဲ့ရတနာဥစ္စာများ ပျက်စီးဆုံးပါးရခြင်း၊ ဖွံ့ဖြိုးတိုးတက်စည်ပင်သောပြည်ထောင်စုကြီး ဖြစ်ပေါ်လာရန်အခွင့်အလမ်းများ၊ အချိန်များ ပျက်စီးဆုံးရှုံးရခြင်း၊ ပြည်ထောင်စုကြီး၏နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့ နိမ့်ကျပျက်စီးရခြင်းစသည်တို့ကြောင့် ပြည်တွင်းစစ်အမြန်ရပ်စဲရန်အတွက် ငြိမ်းချမ်းရေးတောင်းဆိုပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေး တောင်းဆိုသူများသည် မုံရွာမြို့ တင်ဝင်းထွန်း သာသနာ့ဗိမာန်ရှေ့တွင် စုရုံးကာ ဗိုလ်ချုပ်လမ်းအတိုင်း ကန်သာယာရှိ ကျောက်တိုင်ကျွန်းပေါ်အရောက် လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

ငြိမ်းချမ်းရေးလိုလားသူများသည် ကျောက်တိုင်ကျွန်းပေါ်တွင် ငြိမ်းချမ်းရေးအတွက် တစ်မိနစ်ငြိမ်သက် ဆုတောင်းခြင်း၊ နိုင်ငံတော်အလံနှင့် ခေါင်းဆောင်ကြီးများကို အလေးပြုခြင်းများ ပြုလုပ်ကြပြီး ငြိမ်းချမ်းရေးစကားများကို ပြည်သူများကိုယ်စား ပြောကြားခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဗဟိုကော်မတီဝင်များ၊ မြို့နယ်အသီးသီးမှ ပါတီဝင်များ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့မှပုဂ္ဂိုလ်များ တက်ရောက်ကြသည်။



ရှေးဦးစွာ သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားမိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့တွင် ထုတ်ပြန်သည့်ကြေညာချက်ကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်က ဖတ်ကြားပြီး အခမ်းအနားသို့ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့မှ ပေးပို့သော သဝဏ်လွှာကိုမှတ်တမ်းတင်ကာ နာယက ဦးတင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

နံနက် ၁၁ နာရီတွင် အမျိုးသားနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ကဗျာဆရာကိုလေး (အင်းဝဂုဏ်ရည်)နှင့် စာရေးဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)တို့က အမျိုးသားနေ့ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ဟောပြောကြသည်။

**ကိုလတ် (သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

သမိုင်းဆိုတာ ဖျောက်ဖျက်ပစ်လို့မရပါဘူး။ အစဉ်ထာဝရ သတိရနေ အောင် နှစ်တိုင်းအခုလိုချီတက်လမ်းလျှောက် ပြီး အလေးပြုတာမျိုးတွေလုပ်သင့်တယ်"ဟု (၉၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးကော်မတီဝင် ဦးငြိမ်းဇော်အောင်က ပြောသည်။

ထိုသို့ ချီတက်လမ်းလျှောက်ရာတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊ ဦးအရိယကျောင်းတိုက်ဝင်းအတွင်းရှိ အထိမ်းအမှတ်ကျောက်စာတိုင်(၁၉၂၀ ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်ကောလိပ်နှင့်ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားပေါင်း ၅၀၀၀ ကျော် အစည်းအဝေးကျင်းပပြီး ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသောနေရာ)တွင် ကျဆုံးလေပြီးသောကျောင်းသားခေါင်းဆောင်များကို အလေးပြုခြင်း၊ ရွှေတိဂုံစေတီတော်အောင်မြေတွင် အောင်မြေနင်း၍ ဆုတောင်းခြင်းနှင့် ရွှေတိဂုံစေတီတော်အနောက်တောင်ထောင့်(စနေထောင့်)ရှိ အထိမ်းအမှတ် ကျောက်စာတိုင် (တက္ကသိုလ်ကျောင်းသားကြီး ၁၁ ဦး ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်ဆန္ဒပြရန် သစ္စာဓိဋ္ဌာန်ပြုခဲ့ကြသည့် အထိမ်းအမှတ်ကျောက်စာတိုင်)တွင် အလေးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဇော်မင်းလတ်**



# အမျိုးသားနေ့အထိမ်းအမှတ်မြို့မကျောင်းသားများ ဂါရဝပြု

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျောက်စာတိုင်ဂါရဝပြုပွဲနှင့် အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် အမျိုးသားနေ့အထိမ်းအမှတ် ကျောက်စာတိုင်ရှိရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် စနေထောင့်၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ဂါရဝပြုပွဲဖြစ်မြောက်ရေးအတွက် ကြီးမှူးကျင်းပသော ရန်ကုန်မြို့ မြို့မကျောင်းသားကျောင်းသူဟောင်းများအသင်းသားများက ၁၉၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် စိုက်ထူခဲ့သော အမျိုးသားနေ့အထိမ်းအမှတ်ကျောက်စာတိုင်ရှေ့တွင် ဆက်လက်ဆောင်ရွက်သွားမည့် အမျိုးသားရေးတာဝန်များအားရွတ်ဆိုကာ ဂါရဝပြုကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

နှစ်စဉ်မြို့မကျောင်းသား ကျောင်းသူဟောင်းများအသင်းမှ အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ စကားဝါလမ်းရှိ အသင်းရုံးရှိရာ မွန်မြတ်ရတနာခန်းမ၌ အမျိုးသားနေ့စာပေဟောပြောပွဲများ၊ အထက(၂) ဒဂုံ(မြို့မ) ကျောင်းသားကျောင်းသူများက ကပြဖျော်ဖြေပွဲများနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## (၉၆) နှစ်မြောက် အမျိုးသားနေ့ ရန်ကုန်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို မရမ်းကုန်းမြို့နယ် အစိုးရအထက်တန်းကျောင်း အမှတ်(၁) စန္ဒိမာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနား၌ (၉၆)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက ဖတ်ကြားပြီး အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာ (ထက်၊ လယ်၊ မူ)မြို့နယ်အဆင့် အမှတ်တရ စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသားကျောင်းသူတို့အား ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## (၉၆)နှစ်မြောက် အမျိုးသားနေ့ လယ်ဝေး၌ကျင်းပ

**လယ်ဝေး နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်မြန်မာသီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမျိုးသားနေ့ သဝဏ်လွှာကိုဖတ်ကြားသည်။ ထို့နောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ဇာတိမာန်သီချင်းဖြင့် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။


**မောင်ကျော်ကြီး**

# ပြည်မြို့ သရေခေတ္တရာ ပျူယဉ်ကျေးမှု အမွေအနှစ်နယ်မြေသို့ လေ့လာ

**ပြည် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နှင့်ဇီးကုန်းမြို့နယ်မှ စာရေးဆရာအသင်းတို့က နိုဝင်ဘာ ၁၉ ရက်က ပြည်မြို့နယ် သရေခေတ္တရာပျူယဉ်ကျေးမှု အမွေအနှစ်နယ်မြေသို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် သရေခေတ္တရာရှေးဟောင်းနယ်မြေအတွင်း လက်ရှိတူးဖော်နေသော ကုန်းအမှတ် HMA (၆၄) ခင်ဘကုန်းနေရာသို့ရောက်ရှိလာကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်များဌာနခွဲ (သရေခေတ္တရာဌာနစု) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက အကျယ် ပေ ၂၀၀၊ အနက် ခြောက်ပေရှိ ခင်ဘကုန်းတွင် တူးဖော်ရရှိမှုအခြေအနေကိုလည်းကောင်း၊ သရေခေတ္တရာယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၏ သိကောင်းစရာ သမိုင်းအချက်အလက်များကို ရှင်းပြခဲ့ကြောင်း သိရသည်။ သရေခေတ္တရာနယ်မြေသည် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်သော ကမ္ဘာလုံးဆိုင်ရာစံတန်ဖိုး ပြည့်စုံသည့်အတွက် ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ခြင်းခံခဲ့ရသော ရှေးဟောင်းယဉ်ကျေးမှု နယ်မြေတစ်ခုဖြစ်သည်။ လက်ရှိတူးဖော်နေသော ခင်ဘကုန်းမှာ ယခင်သမိုင်းတန်ဖိုးကြီးမားသော ပျူခေတ်ရွှေပေလွှာအချပ် ၂၀ ရရှိခဲ့သော နေရာတစ်ခုဖြစ်ပြီး ယနေ့တူးဖော်ဆဲကာလတွင် ရွှေအပိုင်းအစများ၊ မြေမီးဖုတ်ရုပ်ကြွများ အပါအဝင် အမျိုးအစားပေါင်း ၃၀ တူးဖော်ရရှိ ထားကြောင်း သိရသည်။



**ကိုသက်(ဇီးကုန်း)**

## စစ်တွေမြို့တွင် အာမခံလုပ်ငန်း ပညာပေးဟောပြော

**စစ်တွေ နိုဝင်ဘာ ၂၄**

အာမခံလုပ်ငန်းအကြောင်း အသိပညာပေးရှင်းလင်းခြင်းနှင့် လျော်ကြေးငွေပေးအပ်ပွဲကို စစ်တွေမြို့ မေယုလမ်းရှိ မြန်မာ့အာမခံရုံးတွင် ယနေ့နံနက် ၉ နာရီက ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်တာဝန်ခံ ဦးခင်ဖေက အာမခံလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အာမခံလုပ်ငန်းနှင့်ပတ်သက်၍ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကြသည်။

ထို့နောက် တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ခရီးစဉ် ချမ်းသာအောင်ယာဉ်လိုင်းမှ 6I/---- ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သော ကျောက်တော်မြို့နယ်မှ ဦးအောင်ကျော်စိန်အား အထူးခရီးသွားအာမခံလျော်ကြေးငွေကျပ် ၂၀၇၃၇၆၃ ကို ပြည်နယ်တာဝန်ခံက ပေးအပ်ချီးမြှင့်သည်။

**ကိုကြီးစော**

# တောင်ငူမြို့နယ်၌ သံဃာအပါး ၂၀၀၀ ကျော်အား သံဃဒါနဆွမ်းဆန်တော် လောင်းလှူ



**တောင်ငူ နိုဝင်ဘာ ၂၄**

တောင်ငူမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို နှစ်စဉ်နှစ်တိုင်း သမိုင်းဝင်ရွှေဆံတော်ဘုရားကြီးရင်ပြင်ပေါ်တွင်သာ လောင်းလှူကြရာမှ တစ်မူထူးခြားစွာ တတိယအကြိမ် ရွှေဆံတော်ဘုရားကြီးအရှေ့ဘက် မုခ်မုစ၍ တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း ကေတုမတီ- တောင်ငူမုခ်ဦးအထိ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် သံဃာအပါး ၂၀၀၀ ကျော်တို့အား လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကြီးတွင် တောင်ငူမြို့ ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၃၇ ကျောင်းမှ သက်ကြီးဝါကြီး ၁၃ ပါး အပါအဝင် သံဃာအပါး ၂၀၀၀ ကျော်နှင့် သီလရှင်လေးကျောင်းမှ သီလရှင်ဆရာကြီး/ ဆရာလေးများကို တောင်ငူတပ်နယ်မှ မိသားစုဝင်များ၊ တောင်ငူမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များ၊ အစ္စလာမ် ဘာသာဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းများ၊ နိုင်ငံရေးပါတီများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများက ဗိုလ်မှူးဖိုးကွန်းလမ်းတစ်လျှောက် စီတန်းကာ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# သံတမန်ရေးရာ သင်တန်းဆင်းများ ဆရာကန်တော့ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်လျက်ရှိသော အခြေခံနှင့်အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများ၏ ဆရာကန်တော့ပွဲကို ယနေ့ နံနက် ၁၀ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အုပ်ချုပ်ရေးဆိုင်ရာကိစ္စများ ဥပဒေနှင့်အညီ ဆောင်ရွက်ရေးဆွေးနွေး



**ပုသိမ် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းသည် နိုဝင်ဘာ ၂၃ ရက်က ပုသိမ်မြို့နယ် စုပေါင်းရုံးခန်းမ၌ ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းအုပ်ချုပ်ရေးမှူးက ၂၀၁၂ ခုနှစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအား ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများနှင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့အား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**မြင့်ဟန် (ပြန်/ဆက်)**

# မောင်တောမီးလင်းရေး တစ်ရက်လျှင် စက်သုံးဆီ ၁၇၅ ဂါလန် ပိုမိုသုံးစွဲနေရ

**မောင်တော နိုဝင်ဘာ ၂၄**

အကြမ်းဖက် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မောင်တောဒေသတွင် လုံခြုံရေးအခြေအနေအရ လျှပ်စစ်မီးပေးချိန်တိုးမြှင့်ထား၍ စက်သုံးဆီသုံးစွဲမှုမှာ တစ်ရက်လျှင် ဆီဂါလန် ၁၇၅ ဂါလန် ပိုမိုသုံးစွဲနေရကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။

"အရင်က မီးပေးတဲ့အခြေအနေကတော့ ပြည်နယ်အစိုးရရဲ့ အထောက်အပံ့နဲ့ တစ်ညကို လေးနာရီ၊ မီးလင်းရေးကော်မတီရဲ့အထောက်အပံ့နဲ့ ပေးတာက တစ်နာရီ စုစုပေါင်း ငါးနာရီပေးပါတယ်။ အောက်တိုဘာ ၉ ရက်ကစပြီး ပံ့ပိုးပေးနေတဲ့ ငါးနာရီအပြင် လုံခြုံရေးအခြေအနေအရ မီးပေးချိန်ကို နောက်ထပ်လေးနာရီခွဲ ထပ်မံတိုးမြှင့်ပေးလိုက်တဲ့အတွက် တစ်ညကို ဆီဂါလန် ၁၇၅ ဂါလန်ပိုပြီး သုံးစွဲနေရပါတယ်"ဟု ဦးသန့်ဇင်ထွန်းက ပြောသည်။

ရခိုင်ပြည်နယ်အစိုးရက ပံ့ပိုးမှုအားဖြင့် မောင်တောခရိုင် မီးလင်းရေးအတွက် လစဉ် စက်သုံးဆီ ဒီဇယ်ဂါလန် ၄၇၀၆ ဂါလန် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မီးလင်းရေးကော်မတီကလည်း လစဉ် ဂါလန် ၂၀၀၀ ခန့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယင်းပံ့ပိုးမှုမှ ထောက်ပံ့ပေးနေသည့်အခြေအနေမှ လုံခြုံရေးအခြေအနေကြောင့် တစ်ရက် စက်သုံးဆီဂါလန် ၁၇၅ ဂါလန်တိုးမြှင့်၍ ထောက်ပံ့ပေးနေရကြောင်း သိရသည်။

"ဒီအခြေအနေတိုင်း ဆိုရင် မောင်တောခရိုင်အတွက် မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် မျှော်မှန်းထားတာထက်စောပြီး ရရှိအောင် တွန်းအားပေးဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်" ဟု ဦးသန့်ဇင်ထွန်းက ဆိုသည်။

မောင်တောခရိုင်တွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရန် မျှော်မှန်းထားပြီး ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်- မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းရယူရန် ဆောင်ရွက်လျက်ရှိကာ တစ်ချိန်တည်းမှာပင် ဓာတ်အားခွဲရုံလေးခုကိုလည်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



မောင်တောမြို့ မီးလင်းရေးသုံးစွဲသည့် စက်သုံးဆီပီပါများကို တွေ့ရစဉ်

**သတင်း- မြင့်မောင်စိုး**

**ဓာတ်ပုံ- အေဝမ်းစိုး (ကြေးမုံ)**

**ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ**

# ကမ်းနားလမ်း ညဈေးတန်းဒုတိယနေ့ လသာမြို့နယ်ဈေးသည်များ ရောင်းချသည့်နေရာတွင်သာ စည်ကား

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့လယ်၌ နိုဝင်ဘာ ၂၃ ရက်ညနေမှ စတင်ရောင်းချခွင့်ပြုခဲ့သော ကမ်းနားလမ်း ညဈေးတန်း၏ ဒုတိယနေ့ဖြစ်သော နိုဝင်ဘာ ၂၄ ရက်ညနေနှင့် ညပိုင်းတွင် စဉ့်အိုးတန်းကမ်းနားထိပ်မှ လမ်း ၃၀ ကမ်းနား မှတ်တိုင်အကြား လသာမြို့နယ်မှ ဈေးသည်များ ရောင်းချသည့် နေရာတွင်သာ ဈေးရောင်းသူ ဝယ်ယူစားသုံးသူများဖြင့် စည်ကားနေသည်ကို မြင်တွေ့ရသည်။ **(ယာပုံ)**

မဟာဗန္ဓုလပန်းခြံလမ်း၊ ဘဏ်လမ်းများတွင်မူ ရေပိုက်လိုင်းများသွယ်တန်းထားသည်ကို မြင်တွေ့ရသော်လည်း ဈေးရောင်းချမှု လုံးဝမမြင်တွေ့ရသေးပါ။ လမ်း ၃၀ မှတ်တိုင်မှ ပန်းဆိုးတန်း၊ ကမ်းနားထိပ်အပိုင်းတွင်လည်း ဖွင့်လှစ်သော ဈေးသည်အရေအတွက်မှာ အသေးစားဆိုင်ပေါင်း ၁၀ ဆိုင် ဝန်းကျင်သာရှိသည်ကို မြင်တွေ့ရသည်။

လသာမြို့နယ် မဟာဗန္ဓုလလမ်းဘေး စားသောက်ဆိုင်များသည် ညဈေးတန်း ပထမနေ့တွင် ညဈေးတန်းတွင်သာ ဖွင့်လှစ်သော်လည်း ဒုတိယနေ့တွင် ညဈေးတန်းနှင့် မူလမဟာဗန္ဓုလ လမ်းဘေးနေရာတွင်ပါ ပြန်လည်၍ နှစ်နေရာ ဖွင့်လှစ်ရောင်းချမှု မြင်တွေ့ရသည်။ အနော်ရထာလမ်းမပေါ်၌ လမ်းဘေးယာဉ်ရပ်နားရာ နေရာအပြင် ကားလမ်းမဘေး ယာဉ်ကြော နှစ်ကြောအတွင်းမှာပင် စားသောက်ဆိုင်အချို့ ဈေးတည်ခင်း ရောင်းချနေသည်ကို နိုဝင်ဘာ ၂၄ ရက် ညနေ ၅ နာရီခန့်တွင် လမ်းမတော် လူကူး ခုံးကျော်တံတားပေါ်မှ မြင်တွေ့ရသည်ဟု ယင်းတံတားပေါ်မှ ဖြတ်သန်းသူတစ်ဦးက ပြောသည်။

"ညဈေးတန်းနဲ့အတူ အများပြည်သူသွားလာမှုများတဲ့ မြို့လယ်ကားလမ်းမပေါင်း ၁၁ လမ်းမှာ ၂၄ နာရီဈေးရောင်းချခွင့်မပြုခြင်းကို အကောင်အထည်ဖော်တာ အောင်မြင်လျှင် ရန်ကုန်မြို့လယ် ယာဉ်နှင့် လူ အသွားအလာများ အဆင်ပြေလာနိုင်ပါတယ်" ဟု လမ်းမတော်မြို့နယ်နေ ဦးမောင်ကျော်က ပြောသည်။

ကမ်းနားလမ်း ညဈေးတန်းကို ဆိုင်ခန်းနေရာများ ချထားရာတွင် မကျေနပ်မှုများလည်း ရှိနေကြောင်း သိရသည်။ သက်ဆိုင်ရာမှ အကောင်အထည်ဖော်ခဲ့သော ကမ်းနားလမ်း ညဈေးတန်းနှင့် ရန်ကုန်မြို့လယ် ကားလမ်းမပေါင်း ၁၁ လမ်းတွင် ၂၄ နာရီ ဈေးမရောင်းရဆိုသော ဖြစ်စဉ်များ ဆောင်ရွက်နေစဉ် လသာမြို့နယ် စဉ့်အိုးတန်းအလယ်လမ်းတွင် လမ်းအတွင်း ဈေးမရောင်းရ တားမြစ်စာသားကို လမ်းမိသားစုများက ဈေးသည်များအနီး ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။

**ခင်ဆိုင်**



# မောင်တောခရိုင်ရှိ မြင်းလွတ်နှင့် ခမောင်းဆိပ်တို့ကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းမည်

**မောင်တော နိုဝင်ဘာ ၂၄**

မောင်တောခရိုင်၌ မောင်တောမြို့ ဘူးသီးတောင်မြို့ တောင်ပြိုလက်ဝဲမြို့တို့အပြင် မြင်းလွတ်နှင့် ခမောင်းဆိပ်တို့ကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"မောင်တောက လူဦးရေများတော့ မြို့အုပ်ချုပ်ရေးအတွက် လက်လှမ်းမီဖို့လိုတယ်။ မြို့ကိုလည်း တရားဥပဒေစိုးမိုးရေးတွေရအောင် မြို့တွေ တိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်တယ်။ ခမောင်းဆိပ်မြို့နဲ့ မြင်းလွတ်မြို့က မြို့ဖွဲ့စည်းပုံလည်း ကျထားပြီးပြီ"ဟု ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။

ဒေါက်တာချမ်းသာက "မြို့ဖြစ်လာတဲ့အခါ ဖွံ့ဖြိုးမှုအပိုင်းလည်း ပိုကောင်းလာမယ်။ ဆေးရုံလို၊ စာသင်ကျောင်းလို အစိုးရအဆောက်အအုံတွေ ပေါ်လာမယ်။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာမယ်။ အရင်ကထက် ပိုဖွံ့ဖြိုးလာမယ်"ဟု ပြောကြားသည်။

မောင်တောခရိုင်သည် မြစ်ချောင်းနှင့် တောင်ကုန်းတောင်တန်းပေါများသော ဒေသတစ်ခုဖြစ်ပြီး နတ်မြစ်၊ မေယုမြစ်နှင့် မြောက်မှတောင်သို့ သွယ်တန်းနေသည့် မေယုတောင်တန်းတို့မှာ ထင်ရှားလှပြီး မောင်တောခရိုင်သည် တောတောင်ရေမြေသဘာဝကောင်းမွန်ပြီး မြစ်ချောင်းပေါများခြင်းကြောင့် စိုက်ပျိုးရေး၊ ငါးပုစွန်မွေးမြူခြင်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းများ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က "မြို့နှစ်မြို့ကို ပြည်ထောင်စုက အတည်ဖြစ်ပြီဆိုတာနဲ့ အဲဒီဒေသမှာ မြေလွတ် ရှိ မရှိ ကြည့်မယ်။ စိုက်ပျိုးရေးလုပ်လို့ရမယ့် မြေလွတ်တွေ ဖော်ထုတ်လို့ရရင် တိုင်းရင်းသားဒေသခံတွေကို ဦးစားပေးချပေးသွားမယ်" ဟု ပြောကြားသည်။

မောင်တောခရိုင်၌ လူဦးရေ ရှစ်သိန်းကျော်ရှိပြီး အများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိသည်။



မောင်တောမြို့အဝင်မုခ်ဦးကို တွေ့ရစဉ်

မောင်တောခရိုင်သည် အရှေ့ဘက်၌ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ တောင်ဘက်၌ ရသေ့တောင်မြို့နယ်၊ အနောက်ဘက်နှင့်မြောက်ဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)**

**ဓာတ်ပုံ - နေလင်း**

# ကျီးကန်းပြင် နယ်ခြားစောင့် ရဲဌာနချုပ်အား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ကြောင်း သံသယရှိသူ ၁၃ ဦး ထပ်မံဖမ်းဆီးရမိ



**နေပြည်တော် နိုဝင်ဘာ ၂၄**

အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)ကို အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည်ဟု သံသယရှိသူ ၁၃ ဦးကို ယနေ့ နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးပိတ်ကျေးရွာနှင့် ဦးရှည်ကျကျေးရွာများမှ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကျီးကန်းပြင်ရဲစခန်းအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည်ဟု သံသယရှိသူ ဝါးပိတ်ကျေးရွာမှ အီနူနှင့် အာယုတို့ကို ယနေ့ နံနက် ၇ နာရီခန့်က လည်းကောင်း (**ယာပုံ**)၊ ဦးရှည်ကျကျေးရွာမှ ရှားအာလောင် အပါအဝင် ၁၁ ဦးအား ၈ နာရီခွဲခန့်က လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

မောင်တော - ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှာ သာမန်အခြေအနေတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရေငန် ပုစွန်၊ ငါးခြောက်၊ ဝါးနှင့် အခြားပစ္စည်းပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ မောင်တောသို့ သွင်းကုန်မှာ ဘိလပ်မြေ၊ ဒန်အိုးဒန်ခွက်နှင့် အဝတ်အထည်ပို့ကုန် ၁၀ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

"တခြားနယ်စပ်တွေနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်မှုက မတူဘူး။ ထိုင်း၊ တရုတ်နိုင်ငံနယ်စပ်တွေမှာ အဲ့ဒီဘက်က မြန်မာနိုင်ငံဘက်ကို သွင်းကုန်အနေနဲ့ တင်သွင်းမှုများတယ်။ ဘင်္ဂလားဒေ့ရှ်မှာက အထည်ချုပ်လုပ်ငန်းပဲများတော့ ပို့ကုန်အနေနဲ့ ဆောင်ရွက်တာနည်းတာကိုတွေ့ရတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သွင်းကုန်အနေနဲ့ ဒေါ်လာခြောက်သောင်းကျော်ပဲရှိတယ်" ဟု ဦးခင်ကျော်မြင့်က ပြောကြားသည်။

"နယ်စပ်တွေမှာက ကုန်သည်အချင်းချင်းနားလည်မှုနဲ့ အရောင်းအဝယ်လုပ်ကြတာ။ ကုန်ပစ္စည်းရောင်းပြီးမှ ငွေချေကြတာ။ ဒီဘက်က နယ်မြေအခြေအနေကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်က ကုန်သည်က ဒီဘက်ကို ပစ္စည်းပို့လိုက်ရင် ဆုံးမလားဆိုတဲ့ စိုးရိမ်စိတ်ဖြစ်နေတယ်။ ဒါကြောင့် ဒီဘက်ကို ကုန်ပစ္စည်းမပို့ဖြစ်တာ" ဟု ဦးအောင်မြင့်သိန်းက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ပစ္စည်းများမှာ စစ်တွေနှင့် မောင်တောမြို့တို့မှ အဓိက ဝင်ရောက်သည်။ မောင်တောမြို့မှာ ဘင်္ဂလားဒေ့ရှ်နှင့် အဓိကကုန်သွယ်မှုပြုရာ နယ်စပ်ဂိတ်ဖြစ်သည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၇ ဒသမ ၆၆၉သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၅ ဒသမ ၃၆၉ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၆၆ သန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၂ ဒသမ ၉၄၂ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၇ သန်း ရှိခဲ့ကြောင်း သိရသည်။

မောင်တောကုန်သွယ်ရေးဆိပ်ကမ်းမှ ကုန်တင်ကုန်ချလုပ်သား ဦးမာမက်က "အလုပ်ရှိရင်တော့ တစ်နေ့ ငါးထောင်လောက်ရတယ်။ ဟိုဘက် ဒီဘက် ကုန်ပစ္စည်းပို့တာမရှိတော့ အလုပ်လည်းမရှိဘူး။ ဝင်ငွေလည်းမရှိဘူး။ မကြာခင် ကုန်သွယ်မှု ပြန်ကောင်းလာမယ်လို့တော့ ထင်ပါတယ်"ဟု ပြောကြားသည်။

နယ်မြေ အခြေအနေအရ မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်တန့်နေခြင်းကြောင့် မောင်တော ကုန်သွယ်ရေးဆိပ်ကမ်း၌ ဘင်္ဂလားဒေ့ရှ်သို့ ဝါးများတင်ပို့ရန် အခက်ခဲဖြစ်နေပြီး ကုန်သည်များအနေဖြင့် ဆုံးရှုံးနစ်နာမှုများ ရှိနေကြောင်း မောင်တောမြို့ ရွှေရတနာမြေကုမ္ပဏီမှ သိရသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သန်း ၆၀၀၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထည့်ဝင်ငွေကျပ် သန်း ၄၀၀ စုစုပေါင်း သန်း ၁၀၀၀ ဖြင့် မောင်တောမြို့ ကညင်ချောင်း၌ ကုန်သွယ်ရေးဇုန်တစ်ခု တည်ဆောက်နေပြီး လက်ရှိအချိန်တွင် ပင်မရုံး၊ ကုန်လှောင်ရုံ၊ ဆိပ်ခံတံတားနှင့် ရုံးခန်းအချို့ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

● *ကျောဖုံးမှ*

သန့်စင်ခန်းအပြင်ဘက်ရှိ အမှိုက်ပုံး၌ တစ်ကြိမ် စုစုပေါင်း လေးကြိမ် အသေးစားပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်တွင် ထိခိုက်သေဆုံးဒဏ်ရာရမှု မရှိကြောင်း သိရသည်။

"ပေါက်ကွဲတဲ့အသံတော့ ကြားတယ်။ ဒါပေမယ့် ဒီနေရာက စက်မှုဇုန်ဆိုတော့ ပစ္စည်းတွေ အတင်အချလုပ်နေရင်းနဲ့ အသံထွက်တယ်လို့ပဲထင်နေတာ။ ပြီးမှ ပေါက်ကွဲမှုဖြစ်တယ်ဆိုတာ သိရတယ်။ သုံးကြိမ်လောက် ပေါက်ကွဲတဲ့အသံတော့ ကြားမိတယ်။ အသံကတော့ သိပ်အကျယ်ကြီးတော့ မဟုတ်ပါဘူး။ နာရီဝက်လောက်ကြာပြီးမှ ပေါက်တဲ့အသံကတော့ နည်းနည်းပိုကျယ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ရောက်လာပြီး ရှာဖွေမှုတွေလုပ်နေတာ တွေ့ရတယ်။ ကျွန်တော်တို့ကိုလည်း ဝေးဝေးမှာရှောင်နေဖို့ သတိပေးတယ်။ သူတို့ ရှာနေတုန်းမှာပဲ နောက်တစ်ကြိမ်ပေါက်ကွဲတဲ့ အသံကြားလိုက်ရသေးတယ်" ဟု အဆိုပါရုံး၏ အောက်ထပ်ရှိ မော်တာနှင့်လျှပ်စစ်ပစ္စည်းဆိုင်မှ ဆိုင်ရှင် ဦးမောင်ဦးက သူ၏ အတွေ့အကြုံကို ပြောပြသည်။

ဖြစ်စဉ်ဖြစ်ပွားရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းစစ်ဆေးစဉ် ယင်းနေရာအနီး၌ M-150 အချိန်ကိုက်ဗုံး... အချိန်ရည်ပုလင်းဖြင့် ပြုလုပ်ထားသည့် မိုင်းတစ်လုံးကို ရှာဖွေတွေ့ရှိသဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

"အားလုံးပေါင်း အသေးစားပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွားခဲ့ပါတယ်။ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ နဲ့ မိနစ် ၄၀ ကြားမှာ ဖြစ်သွားတာပါ။ အချိုရည်ပုလင်းကနေတစ်ဆင့် ပေါက်ကွဲမှုဖြစ်တာပါ။ အဲဒီနောက်ပိုင်းမှာတော့ သက်ဆိုင်ရာက ရှာဖွေမှုတွေလုပ်တဲ့အခါမှာ မပေါက်ကွဲသေးတဲ့ အချိုရည်ပုလင်းတစ်လုံး ထပ်တွေ့လို့ ဖောက်ခွဲဖျက်ဆီးလိုက်ရပါတယ်" ဟု အဆိုပါဖြစ်ပွားမှုကို လာရောက်စစ်ဆေးနေသည့် နယ်မြေခံရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းပေါက်ကွဲမှုဖြစ်စဉ်သည် နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ Ocean Center ၌ ပေါက်ကွဲခဲ့သည့် အသေးစားပေါက်ကွဲမှု သုံးကြိမ်နှင့် နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင်း သာကေတမြို့နယ် Capital Hypermarket ၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှု လေးကြိမ်တို့နှင့် ဖြစ်စဉ်တူညီမှုရှိကြောင်း ကနဦးသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဂဟေနှင့် စက်ပြင်သင်တန်း သင်တန်းဆင်း

**လောက်ကိုင် နိုဝင်ဘာ ၂၄**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း(လောက်ကိုင်)၏ လျှပ်စစ်ဂဟေနှင့် စက်ပြင်သင်တန်း အမှတ်စဉ်(၁၆/၂၀၁၆) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်က အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်မှူး ဦးကျော်ကျော်ဇော်က သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဘက်စုံထူးချွန်ဆုရရှိသော သင်တန်းသား မောင်ချိန်ကျွင်းရှီ၊ လျှပ်စစ်ဂဟေထူးချွန်ဆုရရှိသော မောင်ကျန်ကျီးဟွာ၊ စက်ပြင်ထူးချွန်ဆုရရှိသော မောင်လီရှင်မော့တို့အား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြသည်။

**မဝေ**

# မီးဘေးအန္တရာယ် ကာကွယ်ရေး သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင်ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကိုအကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ဈေးဆိုင်တိုင်း၌ D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

**မီးသတ်ဦးစီးဌာန**

# သစ်ထုတ်လုပ်မှုများရပ်ဆိုင်းချိန်တွင် ဆင်ယဉ်များကို သဘာဝခရီးသွားလုပ်ငန်းနှင့် ဆင်စခန်းများတည်ထောင်၍ ဆင်စီးခြင်းများအတွက် အသုံးပြုသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ သစ်ထုတ်လုပ်မှုများရပ်ဆိုင်းချိန်တွင် လူနှင့် ယဉ်ပါးအောင် လေ့ကျင့်ပေးထားသည့် သစ်ဆွဲဆင်နှင့် သစ်ထုတ်လုပ်ခြင်းအတွက် အသုံးမလိုတော့သည့် ဆင်ယဉ်များကို သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)နှင့် ဌာနဆင်များကို အစာရေစာကောင်းမွန်သော စားကျက်များ၌ ဆင်ငါးကောင်မှ ခုနစ်ကောင်အထိ ပါဝင်သော ဆင်ဝိုင်းများ၊ ဆင်စခန်းများတည်ထောင်၍ ဆင်စီးခြင်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

လက်ရှိအချိန်တွင်လည်း မြန်မာ့သစ်လုပ်ငန်းမှ အလုပ်လုပ်နိုင်စွမ်းမရှိသည့် အနားဆင်များကို သဘာဝကိုအခြေခံသည့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် စီမံထားရှိပြီး ပုဂ္ဂလိကပိုင်ဆင်များကိုလည်း ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း၊ ဆင်များ၏ အနာဂတ်နှင့်ပတ်သက်သော ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းသစ် / သစ်မာ တန် သုံးသိန်းခြောက်သောင်းငါးထောင် ထုတ်လုပ်မည်ဖြစ်သည့်အတွက် မြန်မာ့သစ်လုပ်ငန်းမှ အလုပ်ဆင်များအနေဖြင့် သစ်တန် နှစ်သိန်းခုနစ်သောင်းတစ်ထောင်ကို ထုတ်လုပ်နိုင်ပြီး ကျန်ရှိသည့် သစ်တန် ကိုးသောင်းလေးထောင်ကို ပုဂ္ဂလိကဆင်များ ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သဘာဝတောတောင်အခြေအနေအရ ယဉ်ပါးအောင်လေ့ကျင့်ထားသည့် ဆင်များသည် သဘာဝသစ်တောများမှ သစ်ထုတ်လုပ်ခြင်းများအတွက် စီးပွားရေးအရ တွက်ခြေကိုက်ပြီး သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်ကြောင်း၊ သဘာဝသစ်တောများမှ သစ်ထုတ်လုပ်မှုလျှော့ချလာခြင်းကြောင့် သစ်ဆွဲဆင် လိုအပ်မှုနည်းပါးကာ သဘာဝတောဆင်ရိုင်းများကို ဖမ်းဆီးခွင့်ပိတ်ပင်ထားပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း လူများသင်ကြားပေးထားသည့် ရှားပါးတိရစ္ဆာန်များဖြစ်သော သစ်ဆွဲဆင်ယဉ်များနှင့် တောဆင်ရိုင်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် သစ်ထုတ်လုပ်မှုများ ပိတ်သိမ်းရပ်နားထား၍ အလုပ်လက်မဲ့ဖြစ်နေသော ဆင်များအတွက် စနစ်တကျ ပြန်လည်စုစည်းနိုင်ရေး ဆောင်ရွက်ထားမှု ရှိ မရှိ ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ မေးမြန်းမှုနှင့်စပ်လျဉ်း၍ ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် အာရှတိုက်အတွင်း အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဆင်ဦးရေကို ပိုင်ဆိုင်ထားကာ အိမ်မွေးဆင်များကို မှတ်ပုံတင်ထားပြီး စာရင်းများအရ သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် ပုဂ္ဂလိကပိုင်ဆင်အရေအတွက်မှာ ၄၇၄၈ ကောင်ရှိကြောင်း၊ ဆင်များကို အလွန်မြင့်မားသော တောင်ပေါ်ဒေသများမှလွဲ၍ မြန်မာနိုင်ငံနေရာအနှံ့အပြား၌ တွေ့ရှိရပြီး အထူးသဖြင့် တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ သဘာဝတောများတွင် အဓိကကျက်စားလျက်ရှိကြောင်း သိရသည်။



မြိုင်ဟေဝန်ဆင်စခန်းရှိ ဆင်များကို တွေ့ရစဉ်

မြန်မာနိုင်ငံ၌ ရှေးမြန်မာမင်းများလက်ထက်ကပင် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြပြီး ၁၈၇၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဆင်ထိန်းသိမ်းရေးဥပဒေသည် မြန်မာနိုင်ငံအတွက် ပထမဆုံး တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးဥပဒေဖြစ်ကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(၁၉၉၄)အရ ဆင်များကို လုံးဝကာကွယ်သည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်း၍ ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တောရိုင်းဆင်များကို ထိန်းသိမ်းကာကွယ်ရန် ယင်းတို့၏ မူလစားကျက်နယ်မြေများကို ဆင်ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဟူးကောင်းချိုင့်ဝှမ်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြောက်ဇာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရခိုင်ရိုးမ ဆင်ဘေးမဲ့တောများကို ဖွဲ့စည်းထားပြီး စုစုပေါင်း ဧရိယာအကျယ်အဝန်း ၉၂၀၅ ဒသမ ၄၅ စတုရန်းမိုင်ရှိကြောင်း သိရသည်။

ဌာနဆင်များကို ကောင်းမွန်သောစားကျက်များ၌ ဆင်ဝိုင်းများထူထောင်၍ ဆင်ခေါင်း၊ ဆင်အုပ်၊ ဆင်ဝိုင်းတာဝန်ခံ၊ ဆင်ဆေးကု၊ နယ်တာဝန်ခံနှင့် ဒေသတာဝန်ခံတို့က အဆင့်ဆင့်တာဝန်ယူစစ်ဆေးအုပ်ချုပ်လျက်ရှိကြောင်း၊ နေ့စဉ် ဆား / မန်ကျည်းပုံမှန်ကျွေးခြင်း၊ ကျန်းမာရေးအတွက်လိုအပ်သော ဆေးဝါးများကုသပေးခြင်း၊ ကျန်းမာရေးချို့တဲ့သော ဆင်များအား ဖြည့်စွက်အစာကျွေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ပုဂ္ဂလိကဆင်များကိုလည်း လိုအပ်ပါက ဌာနမှ ဆင်ဆေးဆရာဝန်များက နယ်လှည့်ဆေးကုသပေးခြင်း၊ ဆင်ဘက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ဆင်များ၏ အနာဂတ်ကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့ရေး ဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - MOECF**


---

**❊ ကျောဖုံးမှ**

ထို့အပြင် KIA ၊ TNLA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များသည် မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီးရှိ တပ်မတော်စခန်းတစ်ခုကို ယနေ့ နံနက် ၆ နာရီခွဲခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်း သိရှိရသည်။

**(သတင်းစဉ်)**

**KIA လက်နက်ကိုင်အဖွဲ့က ပြည်ထောင်စုလမ်းမကြီးအား ပိတ်ဆို့မှုပြ မြေပုံ**




## သုံးနိုင်ငံ ချစ်ကြည်ရေးကားမောင်းပွဲခရီးစဉ် တမူးနယ်စပ်သို့ ရောက်ရှိ

**တမူး နိုဝင်ဘာ ၂၄**

D & T Travels & Tours Co.,Ltd အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား ဧည့်သည် ၄၂ ဦး၊ ထိုင်းနိုင်ငံသား ဧည့်သည် ခြောက်ဦးနှင့် မြန်မာနိုင်ငံမှ ခုနစ်ဦး စုစုပေါင်း ၅၅ ဦးတို့သည် နိုဝင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က မော်တော်ယာဉ် အစီး ၂၀ ဖြင့် အိန္ဒိယနိုင်ငံ မိုးရေးမြို့မှ တမူးမြို့ အမှတ်(၁) နယ်စပ်ဂိတ်သို့ ရောက်ရှိလာသည်။

အဆိုပါအဖွဲ့သည် တမူး-ကလေး-ပုဂံ - မန္တလေး - နေပြည်တော် - ရန်ကုန်-မော်လမြိုင်-မြဝတီ ခရီးကို ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ကာ နိုဝင်ဘာ ၃၀ ရက်တွင် မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်၍ မြဝတီ - ကျိုက်ထီးရိုး - ရန်ကုန် - နေပြည်တော်-မန္တလေး-ပုဂံ-ကလေး-တမူး ခရီးစဉ်ဖြင့် လာရောက်ကာ ဒီဇင်ဘာ ၁၄ ရက်တွင် တမူးနယ်စပ်ဂိတ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(တမူး)**




---

## အပြည်ပြည်ဆိုင်ရာ ဓိဝကမ္မပေဒဉာဏ်စမ်းပြိုင်ပွဲ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အပြည်ပြည်ဆိုင်ရာ ဓိဝကမ္မပေဒ ဉာဏ်စမ်းပြိုင်ပွဲ (International Dental Quiz 2016) သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ သုံးဦးသည် အုပ်ချုပ်သူ ဆရာတစ်ဦးနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ အဆိုပါပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ University of Malaya ၌ နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

# နယ်စပ်ရေးရာဝန်ကြီးဌာနက မူဆယ်မြို့ စစ်ဘေးရှောင်စခန်းများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ခြုံစောင်များ ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ စစ်ဘေးရှောင်စခန်းများရှိ ဒေသခံပြည်သူများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအိမ်ထောင်စု ၁၀၀၀၊ လူဦးရေ ၃၄၆၀ အတွက် ဆန်အိတ် ၂၈၄ အိတ်၊ ဆီ ၅၄၅ ပိဿာ၊ ကုလားပဲ ၁၂၁၁ ပိဿာ၊ ဆား ၁၂၂ ပိဿာနှင့် ခြုံစောင်အထည် ၁၀၀၀ တို့ကို ထောက်ပံ့ပေးခဲ့ရာ ယနေ့နံနက်ပိုင်းက မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လွှဲပြောင်းပေးအပ်ခဲ့သည်။

မူဆယ်ဒေသ၌ လတ်တလောဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စစ်ဘေးရှောင်ဒေသခံတိုင်းရင်းသားပြည်သူများကို မူဆယ်မြို့ရှိ မဟာဝန်(မြောက်) ဘုန်းကြီးကျောင်း၊ ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ အောင်မင်္ဂလာဘုန်းကြီးကျောင်း၊ နမ့်ခွမ်ဘုန်းကြီးကျောင်း၊ ဟိုမွန်ရပ်ကွက် ကချင်နှစ်ခြင်းခရစ်ယာန်ကျောင်း၊ စိန့်ပီတာခရစ်ယာန်ကျောင်း၊ ဂေါ်ရခါး သာရေး နာရေးလူငယ်အသင်းတို့၌ လည်းကောင်း၊ ဝန်ထမ်းမိသားစုများအား အထက(၂)နှင့် အမက(၄)တို့၌လည်းကောင်း ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ လိုအပ်သော ကူညီစောင့်ရှောက်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# ဒီစစ်ပွဲတွေကို ရပ်တန့်စေချင်တယ်၊ အရင်လို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ခရီးသွားလာချင်ပါတယ်

**ကိုမိုးအောင်**

မူဆယ် နိုဝင်ဘာ ၂၄

**ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့အတွင်းရှိ တပ်စခန်း၊ ရဲစခန်းများနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းများကို နိုဝင်ဘာ ၂၀ ရက်က KIA ၊ TNLA နှင့် MNDAA ပူးပေါင်းအဖွဲ့များက အလစ်အငိုက်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာ ရရှိမှုများရှိခဲ့သည်။ လက်ရှိ မူဆယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသော အဆိုပါဒဏ်ရာရလူနာများကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။**

ဦးကျော်ထွန်းသည် (ရွှေဘိုခရိုင်၊ ဆိပ်ခွန်မြို့)မှ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်တင်၊ ကုန်ချဝန်ထမ်းတစ်ဦးဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက်က ဖြစ်ပွားခဲ့သော ပစ်ခတ်မှုတွင် ယာဘက်ခြေထောက် လက်နက်ကြီးထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိပြီး ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူနေသည်။ ၄င်းက "အခုလို တိုက်ပွဲ တွေဖြစ်တာ မလိုလားဘူး၊ မဖြစ်စေချင်ဘူး၊ ဖြစ်ရင် သူတို့လက်နက်ကိုင်အချင်းချင်းပဲ ထိခိုက်တာမဟုတ်ဘူး။ ကျွန်တော်တို့ပြည်သူတွေကပါ အဲ့ဒီစစ်ရဲ့ဒဏ်ကို ခံစားနေရတာ၊ စစ်ပွဲတွေကို မြန်မြန် ရပ်စေချင်တယ်" ဟု ပြောသည်။



ကိုမိုးအောင်



ကိုကျော်မိုးဝင်း



ကိုသီဟ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ နေထိုင်သူ ကိုမိုးအောင်(၂၃)နှစ်သည် ပစ်ခတ်တိုက်ခိုက်မှု၌ ဝဲဘက် ပေါင်တွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ)ရရှိပြီး ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိရာ ၄င်းက "ဘယ်အဖွဲ့ကိုမှ အပြစ်မတင်လိုပါဘူး၊ အခုလို ဖြစ်တော့ ကျွန်တော်တို့လို ခရီးသွား ပြည်သူလူထုတွေကို မငဲ့ညှာကြဘူး၊ ဒီစစ်ပွဲတွေကို ရပ်တန့်စေချင်တယ်။ အရင်လို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ခရီးသွားလာချင်ပါတယ်" ဟု ရင်တွင်းခံစားချက်ကို ပြောပြသည်။

ဦးရန်ရှင်ချိုင် (၅၄)နှစ် တရုတ်အမျိုးသားသည် မုံးပေါ်ဒေသ၌ နေထိုင်သူဖြစ်ပြီး ပစ်ခတ်တိုက်ခိုက်မှုအတွင်း ယာဘက်ခြေထောက်၊ ဝဲဘက်ပေါင်နှင့် ရင်အုံဝဲဘက်တွင် လက်နက်ကြီးစ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး မူဆယ်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ ၄င်းက "ခြံထဲမှာ အလုပ်လုပ်နေတုန်း လက်နက်ကြီးကျပြီး အခုလိုဒဏ်ရာရခဲ့တာ၊ စစ်ဖြစ်မယ်ဆိုရင် ပြည်သူတွေကို မထိခိုက်စေချင်ဘူး။ ကျွန်တော်တို့လို ကျေးရွာပြည်သူတွေဆိုရင် ပိုပြီးဒုက္ခရောက်တယ်" ဟု ပြောကြားသည်။

ဦးမြတ်စိုး(၅၇)နှစ်သည် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး ပန်ဆိုင်း(ကြူကုတ်)သို့ သွားသည့် မောင်းတံဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် ပစ်ခတ်တိုက်ခိုက်မှုတွင် ယာဘက်လက်မောင်း လက်နက်ကြီးစ ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး မူဆယ်ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ ဦးမြတ်စိုးက "ဘယ်နေရာ၊ ဘယ်ဒေသမှ အခုလို စစ်ပွဲတွေ မဖြစ်စေချင်ဘူး၊ ဖြစ်တိုင်းလည်း ဘာမှမသက်ဆိုင်တဲ့ ပြည်သူတွေကိုထိခိုက်နေတယ်။ နိုင်ငံအတွက်လည်း အကျိုးမဖြစ်နိုင်ဘူး၊ နိုင်ငံပိုပြီးနစ်နာစေတယ်" ဟု ပြောကြားသည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ အေးဂျင့်ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုကျော်မိုးဝင်း(၃၄)နှစ်သည် ကုန်သွယ်ရေးဇုန်ရဲကင်း၏ အရှေ့ဘက်၌ နေထိုင်ပြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အိမ်တွင်းသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲ၍ ဝဲဘက်လက်မောင်းပြုတ်ဒဏ်ရာနှင့် ယာဘက်ပါး၌ ထိမှန်ဒဏ်ရာရရှိခဲ့ကာ ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။ "ကျွန်တော်တို့ မိသားစု နံနက်စာစားဖို့ ပြင်ဆင်နေတုန်း လက်နက်ကြီး ပေါက်ကွဲတာ၊ အိမ်မှာရှိတဲ့ အမေ(ယောက္ခမ)နဲ့ ကျွန်တော့်ဇနီးတို့ကိုပါ ထိခိုက်ခဲ့ပြီး အမေကတော့ စိုးရိမ်ရတဲ့အခြေအနေကြောင့် ပြင်ဦးလွင် စစ်ဘက်ဆိုင်ရာ ဆေးရုံမှာဆေးကုနေတယ်။ ကျွန်တော်နဲ့အတူ မူဆယ်ဆေးရုံမှာ ကျန်ခဲ့တဲ့ ဇနီးကတော့ ဒီနေ့မနက်ပဲ ဆုံးသွားတယ်" ဟု စိတ်မကောင်းဖွယ်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ နမ့်ပေါ်တံတားအနီး၌ ကုန်စုံဆိုင် (အသေးစား) လာရောက်ဖွင့်လှစ် ရောင်းချနေသူ ကိုသီဟ(၃၄)နှစ်သည် တိုက်ခိုက်မှုတွင် လက်နက်ကြီးစ ထိမှန်မှုကြောင့် ဝဲလက်တွင် ဒဏ်ရာတစ်ချက် (မစိုးရိမ်ရ)ရရှိခဲ့ပြီး မူဆယ်မြို့ ပြည်သူ့ဆေးရုံ အရိုးဆောင်၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။ ယင်းတိုက်ခိုက်ပစ်ခတ်မှုအား "လုံးဝမထင်ဘူးပေါ့ဗျာ၊ အခုလိုဖြစ်မယ်ဆိုတာ၊ နောက်နောင် ဒီလိုအဖြစ်မျိုးတွေ မကြုံချင်တော့ဘူး၊ မဖြစ်စေချင်ဘူး၊ ထိခိုက်ဆုံးရှုံးမှုတွေကို ကျွန်တော်တို့လို ပြည်သူတွေပဲ အများဆုံးခံနေရတာ" ဟု ပြောကြားသည်။

ကိုဇော်ရှိုင်း(၂၃)နှစ်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မှ နမ့်ပေါ်တံတားအနီး၌ ကုန်စုံဆိုင် (အသေး) လာရောက်ဖွင့်လှစ် ရောင်းချနေထိုင်သူဖြစ်ပြီး နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက နမ့်ပေါ်တံတား ရဲကင်းကို လာရောက်တိုက်ခိုက်မှုကြောင့် ယာဘက်ပေါင်၌ သေနတ်ထိမှန်ဒဏ်ရာ ရရှိခဲ့ပြီး မူဆယ်မြို့ ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိပါသည်။ ဆေးဝါးကုသမှု ခံယူရင်း "ပေါင်အထဲက ကျည်ဆန်ကို မြန်မြန်ထုတ်ပေးစေချင်တယ်။ အိမ်ကို အလွန်ပြန်ချင်တယ်။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့မြို့မှာပဲ ပြန်ကုချင်တယ်၊ ဟိုမှာက မိသားစုတွေရှိတယ်၊ ဆရာဝန်ကတော့ ဒဏ်ရာအခြေအနေက ကျည်ဆန်ထုတ်ပြီးရင်တော့ သက်သာပြီလို့ပြောပါတယ်" ဟု ကိုဇော်ရှိုင်းက သူ၏ဆန္ဒကို ထုတ်ဖော်ပြောကြားသည်။

**အယ်လ်စိုး(မူဆယ်)**



# မူဆယ်မြို့ပေါ်ရှိ စစ်ဘေးရှောင်စခန်းများသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မူဆယ် နိုဝင်ဘာ ၂၄**

မူဆယ်မြို့တွင် ဖွင့်လှစ်ထားသော စစ်ဘေးရှောင်စခန်းများရှိ ပြည်သူ ၃၇၀၀ အား နိုဝင်ဘာ ၂၃ ရက်က ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဦးစီးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆန်အိတ် ၁၀၀၊ ငွေကျပ် ၂၄ သိန်းနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသည့် အင်္ကျီအထည် ၃၂၀၀၊ စောင်အထည် ၁၀၀၀ ၊ ဆန်အိတ် ၁၀၀၊ ငါးသေတ္တာ ၆၅ ဖာ၊ ခေါက်ဆွဲခြောက်ဖာ ၁၅၀၊ သကြား ငါးအိတ်၊ နို့မှုန့် ငါးဖာ၊ အာဟာရမှုန့် ငါးဖာတို့ကို မူဆယ်မြို့ ကမ္ဘောဇဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများ သွားရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၂၃ ရက်က မူဆယ်မြို့ရှိ အထက(၂)ကျောင်းသို့ စစ်ဘေးတိမ်းရှောင်လာသည့် ပန်ဆိုင်း(ကြူကုတ်)၊ မုံးပေါ်၊ မုံးကိုး၊ မိုင်းယု၊ နမ့်အွမ်အခြေခံပညာကျောင်းများမှ ပညာရေးဝန်ထမ်း ၁၀၉ ဦးအတွက် ဆန်ငါးအိတ်၊ အာလူးတစ်အိတ်၊ ခေါက်ဆွဲ ၁၀ ဖာ၊ စောင် အထည် ၅၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးက ခရိုင်ပညာရေးမှူးထံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၄**

**ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့၌ ၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ ပူတာအိုမြို့ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့၌ ၀ ဒသမ ၀၄ လက်မဖြစ်သည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့၌ အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**(မိုး/ဇလ)**

# RCSS နှင့် TNLA တိုက်ပွဲတွင် တံတားတစ်စင်း ဖျက်ဆီးခံရ

**နေပြည်တော် နိုဝင်ဘာ ၂၄**


RCSS နှင့် TNLA လက်နက်ကိုင်အဖွဲ့များ နမ္မတူမြို့နယ် မိုင်းဆင်ကျေးရွာအနီး ယမန်နေ့ မွန်းလွဲပိုင်းက တိုက်ပွဲဖြစ်ပွားစဉ် မိုင်းဆင်တံတားဖျက်ဆီးခံခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နမ္မတူမြို့နယ် မိုင်းဆင်ကျေးရွာအနီး RCSS နှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားပြီး မိုင်းဆင်တံတား ဖျက်ဆီးခံရကြောင်း သတင်းရရှိသဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နမ္မတူ-မုံဝီးသွားကားလမ်း မိုင်တိုင်အမှတ်(၄/၄ ဒသမ ၅)အကြား၊ မိုင်းဆင်ဘေလီတံတား၏ အလယ်ကြမ်းခင်းအချို့ မီးလောင်ပျက်စီးနေသည်ကို တွေ့ရကြောင်း သိရသည်။



ထို့ပြင် တံတားအနီးတွင် TNLA အဖွဲ့မှ ကျန်ရစ်ခဲ့သည့် အစိမ်းရောင်ကျောပိုးအိတ်တစ်လုံး၊ ပျောက်ကြားလျှာထိုးဦးထုပ်တစ်လုံး၊ မိုင်းခွဲရာတွင် အသုံးပြုသည့် ၁၂ ဗို့ ဆိုင်ကယ်ဘက်ထရီခြောက်တစ်လုံး၊ ပေ ၅၀ အရှည်ခန့်ရှိ အစိမ်းရောင် ဝိုင်ယာကြိုးပျော့နှစ်ချောင်း တွေ့ရှိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**





# ကွတ်ခိုင်မြို့အတွင်းသို့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကွတ်ခိုင်မြို့အတွင်း ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက လက်နက်ကြီးဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ရန်သူပစ်ခတ်လိုက်သည့် ဗုံးသီးများမှာ ကွတ်ခိုင်မြို့ သုသာန်နေရာနှင့် အိုရီယမ်တယ်တိုးဂိတ်ကုမ္ပဏီအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ကကပြည်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆန်ကျရောက်ပေါက်ကွဲ အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ




**နေပြည်တော် နိုဝင်ဘာ ၂၄**

နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာတွင် ယမန်နေ့ညနေပိုင်းက KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်လိုက်သော လက်နက်ကြီး ကျည်ဆန် ကျရောက်ပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ယမန်နေ့ ညနေ ၄ နာရီခန့်က နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာအုပ်စု ဟိုနားကျေးရွာမှ ဦးပီကိုင်းရှော့နှင့် ၎င်း၏သားများဖြစ်သော ပီကျုံးကိုင်းနှင့် ပီကပ်စောတို့သည် နေအိမ်၌ရှိစဉ် KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆန် နေအိမ်ခေါင်မိုးပေါ် ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဦးပီကိုင်းရှော့နှင့် ပီကပ်စောတို့ သေဆုံးခဲ့ပြီး ပီကျုံးကိုင်းမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ ပီကျုံးကိုင်းအား ကောင်းကတ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က နမ့်ခမ်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးပြီး ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)၊ ဓာတ်ပုံ-နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီ**



# TNLA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ခရီးသွားယာဉ်များကို ပစ်ခတ်ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူဆယ်မှ ကွတ်ခိုင်သို့ ကုန်စည်များတင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်တစ်စီးအား ယနေ့နံနက် ၁၁ နာရီ မိနစ်၅၀ ခန့်က မိုင်တိုင်အမှတ် ၂၃၃ အနီးတွင် TNLA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသည့် အသက် ၄၅ နှစ်ခန့်ရှိ ယာဉ်နောက်လိုက်တစ်ဦးမှာ ဦးခေါင်းတွင် ကျည်ထိမှန်သေဆုံးခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင်လည်း ခြောက်ဘီးယာဉ်တစ်စီးသည် နမ့်ကွတ်မှကွတ်ခိုင်သို့ မောင်းနှင်လာပြီး မိုင်တိုင်အမှတ် ၂၂၄ အနီးသို့ရောက်ရှိစဉ် TNLA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ယာဉ်အားလမ်းပိတ်ဆို့ပြီး လမ်းပေါ်ကန့်လန့်ဖြတ်ရပ်တန့်စေကာ ယာဉ်မောင်း ဇာနည်စိုးနှင့် ယာဉ်နောက်လိုက် သူရမောင်တို့အား မောင်းထုတ်၍ မော်တော်ယာဉ်ကို လက်နက်ငယ်များ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း ကကပြည်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပင်လုံမြို့၌ မီးပုံးပျံလုပ်ရန် ယမ်းများထောင်းနေစဉ် မတော်တဆပေါက်ကွဲပြီး တစ်ဦးသေဆုံး၊ ခြောက်ဦး ဒဏ်ရာရရှိ

**ပင်လုံ နိုဝင်ဘာ ၂၄**

ပင်လုံမြို့ ရပ်ကွက် (၂) သစ်ခွလမ်း မြို့သစ်၌ နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းနှစ်သစ်ကူးနေ့အတွက် မီးပုံးပျံလုပ်ရန် သစ်သားဆုံအတွင်း ယမ်းများထောင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာများရရှိကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ရဲလင်းဦး (၁၈ နှစ်)မှာ ဒဏ်ရာများရရှိသဖြင့် လွိုင်လင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့ပြီး ခွန်ကျော်ထွန်း (၃၆ နှစ်)၊ နေလင်းဦး (၁၄ နှစ်)၊ သန်းထွန်း (၁၅ နှစ်)၊ ကောင်းထက်စံ (၁၅ နှစ်)၊ သိန်းစိုး (၁၆ နှစ်)၊ ခွန်ဦး (၁၆ နှစ်)တို့မှာ ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန် / ဆက်)**



## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့အများအားဖြင့် သာယာမည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်


နိုဝင်ဘာ ၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ၌ ဖော်ပြခဲ့သော "စစ်တွေမြို့ စည်းကမ်းထိန်းသိမ်းရေးနှင့် ကူညီစောင့်ရှောက်ရေး ရဟန်းတော်များအဖွဲ့ မောင်တောမြို့ပြည်သူများအားထောက်ပံ့" သတင်း၏ တတိယစာပိုဒ်တွင် စစ်တွေမြို့ လူမှုကူညီရေးအဖွဲ့မှ **အစား** စစ်တွေမြို့ ရခိုင်လူမှုရေးအသင်း (ဂျပန်ပြန်များ)ကိုယ်စားအဖွဲ့ဝင် ဟုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် ငွေကျပ် ၁၅၃၀၇၀၀၀ **အစား** ၁၅၃၇၀၀၀ ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(ခရိုင် ပြန်/ဆက်)**

# တီပီပီနှင့် အာရ်ဆက်ပ်မည်သို့ပင်ရှိစေ ဘက်ပေါင်းစုံပါဝင်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများတွင် တရုတ်ပါဝင်မည်

**ပေကျင်း နိုဝင်ဘာ ၂၄**

ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှု (တီပီပီ)နှင့် တရုတ်ထောက်ခံဒေသတွင်း အလုံးစုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (အာရ်ဆက်ပ်) မည်သို့ပင်ရှိစေ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန်နှင့် စီးပွားရေးပွင့်လာစေရန် တရုတ်နိုင်ငံအနေဖြင့် ဘက်ပေါင်းစုံ ပါဝင်သော ကုန်သွယ်ရေးဆိုင်ရာသဘော တူညီမှုများတွင် တက်ကြွစွာပါဝင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၂၄ ရက်က ဖော်ပြခဲ့သည်။




အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က တီပီပီမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီးနောက် တရုတ်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး အသေးစိတ်အစီအစဉ်များကို ရှင်းလင်းရာတွင် တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှန်ဒန်ယန်က ၄င်း အစီအစဉ်များသည် ကျယ်ပြန့်ပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပါဝင်ကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် အာဆီယံ အဓိကကျောရိုးပြုထားသော အာရ်ဆက်ပ် ညှိနှိုင်းမှုအမြန် အဆုံးသတ်ရန်အတွက် ကြိုးစားဆောင်ရွက်နေကြောင်း ရှန်က ပြောကြားသည်။

ထရန့်ကရွေးကောက်ပွဲလှုပ်ရှားမှုကတိစကားအဖြစ် ကုန်သွယ်ရေးနှင့်ပတ်သက်ပြီး ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ရဦးမည်ဟု ပြောကြားပြီးနောက် အာရှ-ပစိဖိတ်ဒေသ ခေါင်းဆောင်များက လွတ်လပ်စွာကုန်သွယ်မှု၊ သဘောတူညီမှုအသစ်များနှင့်ပတ်သက်ပြီး အဖြေရှာနေချိန်တွင် ပီရူးနိုင်ငံ၌ကျင်းပသော အေပက်အစည်းအဝေးတွင် တရုတ်သမ္မတရှီကျင့်ဖျင်က ထိုသို့ကတိပြုပြောကြားလိုက်သည်။ **(ရိုက်တာ)**

# တွစ်တာတွဲဖက်တည်ထောင်သူ တွစ်တာသို့ ခဏတာ ဝင်မရသောကြောင့် အင်တာနက်တွင် အုတ်အော်သောင်းတင်းဖြစ်

**နယူးယောက် နိုဝင်ဘာ ၂၄**

တွစ်တာ တွဲဖက်တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဂျက်ခ်ဒေါစီ၏ ကိုယ်ပိုင်တွစ်တာအကောင့်သည် တွစ်တာသို့ခဏတာဝင်၍မရသောကြောင့် အင်တာနက်တွင် အုတ်အော်သောင်းတင်းဖြစ်သွားသည်။

နည်းပညာမှားယွင်းမှုတစ်ခုကြောင့် အကောင့်သည် တွစ်တာထဲသို့ ဝင်၍မရသောအခြေအနေ ခဏတာဖြစ်ပွားခဲ့ကြောင်း ဒေါစီကတွစ်တာတွင် ဖော်ပြထားသည်။

ယင်းဖော်ပြချက်ကို တွစ်တာအသုံးပြုသူ ၂၉၀၀ ကျော်တို့က ၄င်းတို့၏ တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့ရာ တွစ်တာအသုံးပြုသူအင်တာနက် ချစ်သူ ၅၀၀၀ ကျော်က သဘောကျနှစ်ခြိုက်မှုကိုဖော်ပြသည့် like ပေးခဲ့ကြသည်။

အချို့တွစ်တာအသုံးပြုသူ အင်တာနက်ချစ်သူများက ပြက်လုံးတစ်ခုအနေဖြင့် တွစ်တာဖောက်ထွင်းတိုက်ခိုက်ခံရပြီလား၊ ရုရှားတို့၏ လက်ချက်ဖြစ်မည်ဟု ပြောခဲ့သည်။

နည်းပညာမှားယွင်းမှုကြောင့် ၁၅ မိနစ်ခန့် တွစ်တာထဲဝင်၍ မရခြင်းသည် တွစ်တာအသုံးပြုသူအင်တာနက်ချစ်သူများအတွက် အံ့ဩဖွယ်ရာ အဖြစ်အပျက်တစ်ခုဖြစ်ခဲ့သည်။

**(ဆင်ဟွာ)**

# ဆန္ဒပြဆန့်ကျင်သူ ၁၅၀ ကျော်ကို နိုင်ဂျီးရီးယားလုံခြုံရေးအင်အားစုများက သတ်ဖြတ်ခဲ့ဟုဆို

**အဘူဂျာ နိုဝင်ဘာ ၂၄**

နိုင်ဂျီးရီးယားရှိ လုံခြုံရေးအင်အားစုများသည် ဩဂုတ်လ ၂၀၁၅ ခုနှစ်ကတည်းက ငြိမ်းချမ်းစွာဆန္ဒပြဆန့်ကျင်ခဲ့ကြသူ လူ ၁၅၀ ကျော်ကို သတ်ဖြတ်လိုက်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့က အခိုင်အမာပြောကြားခဲ့သည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာမှုအဖွဲ့က နိုင်ဂျီးရီးယားတပ်မတော်သည် အရှေ့တောင်ပိုင်းဒေသတွင်လွတ်လပ်ရေးရရှိရန် ကြိုးပမ်းလှုပ်ရှားခဲ့ကြသည့် Biafra အဖွဲ့ကို ထောက်ခံသော ဆန္ဒပြသူများအားစစ်လက်နက်များ အသုံးပြုလျက် အသက်ဆုံးရှုံးသည်အထိ အင်အားသုံးနှိမ်နင်းမှုများ ပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်းနိုင်ဂျီးရီးယားတပ်ဖွဲ့ကမူ မလိုလားအပ်သော အင်အားသုံးနှိမ်နင်းမှုများကို လုပ်ဆောင်ခဲ့ခြင်းမရှိဟုဆိုကာ စွပ်စွဲချက်များကို ငြင်းဆန်ခဲ့သည်။ နိုင်ဂျီးရီးယားတပ်မတော်က အထွေထွေလွတ်ငြိမ်းချမ်းသာမှုအဖွဲ့သည် တပ်မတော်၏ နာမည်ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းအောင်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွတ်ငြိမ်းချမ်းသာမှုအဖွဲ့အစည်း၏ သတင်းထုတ်ပြန်မှုသည် ဓာတ်ပုံပေါင်း ၁၀၀ ကျော်နှင့် ဗီဒီယိုဖိုင် ၈၇ခုတို့တွင်ပါဝင်ခဲ့သည့် လူပေါင်း ၂၀၀နီးပါးတို့အားတွေ့ဆုံမေးမြန်းထားမှုများအပေါ်အခြေခံ၍ ထွက်ပေါ်လာသည့် သတင်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။ သတင်းထုတ်ပြန်မှုအတွင်းပါရှိသည့် စွပ်စွဲချက်များအနက် လိုအပ်သည်ထက်ပို၍ လွန်ကဲစွာသတ်ဖြတ်နေသည်ဟူသောအချက်ပါဝင်နေပြီး နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းအိုနစ်ရှာမြို့၌ ၂၀၁၆ ခုနှစ်မေလက Biafra အောက်မေ့ဖွယ်အထိမ်းအမှတ်ပြုလုပ်သည့်နှစ်ရက်တာအတွင်း လူ ၆၀ ကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်ဟု ဆိုသည်။ လူအုပ်အားထိန်းချုပ်ရာတွင် အဆင်အခြင်ကင်းမဲ့စွာ လုပ်ဆောင်ခဲ့မှုကြောင့် လူ ၁၅၀ ထက်မနည်း သေဆုံးခဲ့ရကြောင်း၊ အမှန်တကယ်သေဆုံးသူအရေအတွက်စုစုပေါင်းမှာ ယခုထက်ပင်များနေနိုင်သေးကြောင်း နိုင်ဂျီးရီးယားရှိ လွတ်ငြိမ်းချမ်းသာမှုအဖွဲ့၏ ခေတ္တညွှန်ကြားရေးမှူး မက်မစ်ကာမရာကပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ဆောက်လုပ်စအဆောက်အအုံပြိုကျ၊ ၆၇ ဦးထက်မနည်းသေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်နိုင်ငံ အရှေ့ပိုင်းကျန်ဇီပြည်နယ်တွင် နိုဝင်ဘာ ၂၄ ရက်က ဆောက်လုပ်စလျှပ်စစ်ဓာတ်အား အအေးပေးတာဝါ ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၆၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး အပျက်အစီးအစုအပုံများအောက်တွင် ပိတ်မိနေမှုများရှိသည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီက ဆင်ဟွာသို့ ပြောခဲ့သည်။



အဆိုပါပြိုကျမှုသည် ဖန်ချန်ဒေသတွင် ဒေသစံတော်ချိန် နံနက် ၇ နာရီက ဖြစ်ပွားခဲ့ပြီး ကယ်ဆယ်ရေးလုပ်သားများလည်း အခင်းဖြစ်ပွားရာနေရာ၌ ရောက်နေကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဆက်လက်ပြောကြားခဲ့သည်။

အရေအတွက်မည်မျှဟု မသိရသူများသည် အပျက်အစီးများအောက်တွင် ပိတ်မိနေသောကြောင့် သေဆုံးမှုဦးရေမှာ တိုးပွားလာနိုင်ကြောင်း ၄င်းသတင်းဌာနက ဆက်လက်ပြောကြားသည်။ ဒဏ်ရာရ အလုပ်သမား ငါးဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အသက်အန္တရာယ် ထိခိုက်သည့် မတော်တဆမှုများသည် တရုတ်နိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ဖြစ်ဖန်များသောကြောင့် လျော့ရဲလာသော စံနှုန်းများအပေါ် မကျေမနပ် ဒေါသထွက်မှုများ ကြီးထွားလာကြောင်း သိရသည်။ ဆယ်စုနှစ်သုံးနှစ်ကြာ မြင့်တက်လာသော စီးပွားတိုးတက်မှုသည် မိုင်းတွင်း ဘေးဒုက္ခမှသည် စက်ရုံမီးလောင်မှုအထိဖြစ်ပေါ်လျက်ရှိသည့် မတော်တဆမှုများကြောင့် တဖြည်းဖြည်း ထိခိုက်ဆုံးရှုံးမှု များပြားလာလျက်ရှိသည်။

ထိုကဲ့သို့ မတော်တဆမှုများတွင် ဘေးကင်းလုံခြုံရေး တိုးတက်လာအောင် ဆောင်ရွက်မည်ဟု တရုတ်နိုင်ငံက ကတိကဝတ်ပြုခဲ့သည်။ သွေးနှင့်ပေးဆပ်ခဲ့ရသည့် ဖြစ်ရပ်များကို သင်ခန်းစာယူရန် အာဏာပိုင်များအား တရုတ်သမ္မတရှီကျင့်ဖျင်က တိုက်တွန်းပြောကြားထားသည်။ **(ရိုက်တာ)**

# တူရကီတောင်ပိုင်းအုပ်ချုပ်ရေးရုံးအဆောက်အအုံတွင် ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံး



**အစ္စတန်ဘူလ် နိုဝင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုများ၏တိုက်ခိုက်မှုများနှင့်ရင်ဆိုင်လာရနိုင်သည်ဟု အမေရိကန်ကသတိပေးခဲ့ပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် တူရကီတောင်ပိုင်း အဒနာမြို့ရှိ အုပ်ချုပ်ရေးရုံးအဆောက်အအုံတွင် ကြာသပတေးနေ့က ပေါက်ကွဲမှု တစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး အဆောက်အအုံအပြင်ဘက်၌ရှိနေသူ လူ ၃၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရ သည်။

တူရကီရှိ မက်ဒီတာရေးနီးယန်းကမ်းခြေမှ ကီလိုမီတာ ၄၀ (မိုင်၂၅)အကွာ အုပ်ချုပ်ရေးရုံးအဆောက်အအုံ၏ အပြင်ဘက်ကားပါကင်၌ ယာဉ်တစ်စီးပေါက်ကွဲသွားပြီး မည်းနက်နေသည့် မီးခိုးလုံးကြီးများ ကောင်းကင်ယံပေါ်သို့ တစ်ရှိန်ထိုးတက်သွားသည်ကို ဗီဒီယိုဖန်သားပြင်ပေါ်မှတွေ့မြင်လိုက်ရသည်။ အဆောက်အအုံပြတင်းပေါက်များပွင့်ထွက်သွားခဲ့ပြီး အဆောက်အအုံ၏ ခြောက်ထပ်မြောက် မျက်နှာစာရှိ အစိတ်အပိုင်းများမှာ တစ်စစီပျက်စီးသွားခဲ့သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူး မာမွတ်ဒီမာတက်စ်က နံနက် ၈ နာရီအချိန်တွင် အုပ်ချုပ်ရေးရုံးရှေ့တွင် ရပ်ထားသည့် ယာဉ်တစ်စီးပေါက်ကွဲခဲ့ကာလူနှစ်ဦးသေဆုံးသွားကြောင်း ပြောကြားခဲ့သည်ကို ကိုးကားလျက် နိုင်ငံပိုင်အနာဒိုလူ သတင်းအေဂျင်စီက ဖော်ပြသည်။

အဒနာ၌ ကွန်ဖရင့်စည်းဝေးပွဲတက်ရောက်နေသည့် စွမ်းအင်ဝန်ကြီးဘီရတ်အယ်လ်ဘာရတ်ခ်က အဆိုပါပေါက်ကွဲမှုတွင် လူ ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြောကြားခဲ့သည်။ အဒနာသည် အမေရိကန်တပ်မတော်က ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်နှိမ်နင်းမှုများ လုပ်ဆောင်ရာဖြစ်သည့် အင်ဆာလစ်လေတပ်အခြေစိုက်စခန်းမှ ၁၀ မိုင်(၁၆ ကီလိုမီတာ) အကွာခန့်တွင်တည်ရှိသည်။ အမေရိကန်တပ်မတော်မှ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ မိသားစုဝင်အသီးသီးကို အဒနာမှ ထွက်ခွာသွားရန် ညွှန်ကြားထားကြောင်း သိရသည်။

**(ရိုက်တာ)**

# အိုဘားမားလက်ထက်က ဒရုန်းစစ်ပွဲများကို ဒေါ်နယ်ထရန့် ဆက်လက်ဆင်နွှဲမည်လော

**တင်လင်းအောင် . . . .**

**လုပ်ကြံသတ်ဖြတ်မှုအစီအစဉ်များကို ပစ်မှတ်ထားသည့် စစ်ဘက်ဆိုင်ရာ ဒရုန်းတိုက်ခိုက်မှုများအပေါ် အမေရိကန်သမ္မတ ဘားရက်အိုဘားမားအနေဖြင့် ထိရောက်သော စည်းမျဉ်းများ၊ ဥပဒေသများချမှတ်ရန် ပျက်ကွက်ခဲ့ရာ ရွေးကောက်ခံ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ယင်းကိစ္စများကို အမွေဆက်ခံ ဆက်လက်ဆောင်ရွက်လိမ့်မည်ဟု ယူဆရသည်။**



အမေရိကန်သမ္မတ ဘားရက်အိုဘားမားလက်ထက်တွင် ဒရုန်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၇၄၅ ဦးအပါအဝင်စုစုပေါင်းလူ ၄၆၆၆ဦးသေဆုံးခဲ့ကြောင်း ကိန်းဂဏန်းအချက်အလက်သစ်များအရ သိရသည်။

ဒရုန်းဆိုင်ရာကျွမ်းကျင်သူများက အကြမ်းဖက်စစ်ပွဲများတွင် အမေရိကန်တို့ တိတ်တခိုးအသုံးပြုခဲ့သော ဒရုန်းများကို ရွေးကောက်ခံ အမေရိကန်သမ္မတဒေါ်နယ်ထရန့်အနေဖြင့် ကမ္ဘာ့လူသားများ ရင်ဆိုင်နေရသော အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို ပုံးကြဲရန်နှင့် ဆိုမာလီပင်လယ်ဓားပြတို့ကို မောင်းထုတ်ရန် ပိုမိုအဆင့်မြင့်သည့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများအဖြစ် ဆက်လက်အသုံးပြုမည်ဟု ယုံကြည်ထားကြသည်။

သို့သော်လည်း ထိုသို့ပြုလုပ်ခြင်းသည် အပြစ်မဲ့ပြည်သူသေဆုံးမှုနှုန်းကို မြင့်တက်စေနိုင်ခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်နေကြသည်။ လန်ဒန်ရှိ စုံစမ်းဖော်ထုတ်သတင်းစာဆရာအဖွဲ့ကကောက်ယူခဲ့သော ကိန်းဂဏန်းများအရ လွန်ခဲ့သောရှစ်နှစ်က အမေရိကန်သမ္မတဘားရက်အိုဘားမားသည် ပါကစ္စတန်၊ ယီမင်နှင့် ဆိုမာလီရှိ အိုင်အက်စ်အကြမ်းဖက်သမားများကို နှိမ်နင်းရန်အတွက် စီအိုင်အေဒရုန်းတိုက်ခိုက်မှု ၅၄၁ ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယင်း ပမာဏသည် ၄င်း၏နောင်တော်အမေရိကန်သမ္မတ ဂျော့ဘုရှ်လက်ထက်နှင့် နှိုင်းယှဉ်လိုက်လျှင် ၁၀ ဆပိုများကြောင်း သိရသည်။ အဆိုပါ ဒရုန်းတိုက်ခိုက်မှုများကြောင့် အနည်းဆုံး အရပ်သား ၃၂၅ ဦးအပါအဝင် စုစုပေါင်းလူဦးရေ ၂၉၀၆ ဦးမှ ၄၆၆၆ ဦးအထိ သေဆုံးခဲ့သည်ဟု စုံစမ်းဖော်ထုတ်သတင်းစာဆရာအဖွဲ့ကယုံကြည်ခဲ့သည်။ ဒရုန်းတိုက်ခိုက်မှုအတော်များများကို အမေရိကန်တို့က ထိုးစစ်ဆင်မည်ဟု တရားဝင်ကြေညာမထားသော နေရာများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဗြိတိန်အခြေစိုက် သတင်းစာပညာနှင့် သတင်းအစီရင်ခံသည့် အဲယားဝါးဟုခေါ်သည့်အဖွဲ့ကလည်း ၂၀၁၄ ခုနှစ်ကတည်းက ဆီးရီးယားနှင့် အီရတ်စစ်ပွဲဇုန်များတွင် ပင်တဂွန်ကအတည်ပြုခဲ့သော ဒရုန်းတိုက်ခိုက်မှု ၉၀၀ လောက်ပြုလုပ်ခဲ့သည်ဟုဆိုသည်။ အဲယားဝါးညွှန်ကြားရေးမှူးကလည်း ရွေးကောက်ခံ အမေရိကန်သမ္မတဒေါ်နယ်ထရန့်အနေဖြင့် ဒရုန်းများကို မည်သို့မည်ပုံ အဆင့်မြှင့်တင်မည်နည်းနှင့်ပတ်သက်ပြီး အမှန်တကယ် စိုးရိမ်မကင်းဖြစ်မိကြောင်း ပြောခဲ့သည်။

အိုဘားမား၏ ဒရုန်းများကို မည်သို့မည်ပုံ အသုံးပြုရမည်နည်းနှင့်ပတ်သက်ပြီး တိကျထိရောက်သော စည်းမျဉ်းများ၊ ဥပဒေသများချမှတ်ရန် ပျက်ကွက်ခဲ့ခြင်းက ၄င်း၏နေရာကို အမွေဆက်ခံမည့် နောင်လာနောက်သား အမေရိကန်သမ္မတအတွက် ယင်းကိစ္စအပေါ် လိုသလိုအသုံးချသွားဖွယ်ရှိသည်ဟု အဲယားဝါးညွှန်ကြားရေးမှူးက စိုးရိမ်မကင်းပြောခဲ့သည်။

လွန်ခဲ့သော ၂၀၀၈ ခုနှစ်က အိုဘားမား၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင် ၄င်းအနေဖြင့် ဒရုန်းစစ်ပွဲများကို ပိုမိုအရှိန်မြှင့်တင်လုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု အဲယားဝါးညွှန်ကြားရေးမှူးက သည်အင်ဒီပင်းန်ဒင့်န်သတင်းစာသို့ ပြောခဲ့သည်။

ထို့ပြင် အိုဘားမားအနေဖြင့် ပါကစ္စတန်မှ အယ်လ်ခိုင်ဒါများကို စစ်ဆင်နွှဲမည့်အကြောင်း အကြိမ် ၃၀ ထက်မနည်းပြောခဲ့သည်ဟု ၄င်းကဆက်လက်ပြောကြားခဲ့သည်။

ဤကဲ့သို့သော အကြောင်းများကြောင့် ယခုအိုဘားမားနေရာတွင်ဆက်ခံမည့် အမေရိကန်သမ္မတဖြစ်လာမည့် ဒေါ်နယ်ထရန့်နှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မိကြောင်း ၄င်းကပြောခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်နယ်ထရန့်၏ မဲဆွယ်စည်းရုံးရေးကာလများတွင်လည်း အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်မည်ဆိုသည်ကို ပြောကြားခဲ့ကြောင်း ၄င်းကဆက်လက်ပြောကြားခဲ့သည်။

လွန်ခဲ့သောလေးနှစ်က စီအိုင်အေနှင့် ပင်တဂွန်တို့က အနောက်ကမ္ဘာအနေဖြင့် အရပ်သားများသေဆုံးမှုမရှိဘဲ လေကြောင်းစစ်ပွဲများကို ဆင်နွှဲနိုင်သည်ဟု အကြံပေးခဲ့သည်။ သို့သော် တကယ့်လက်တွေ့တွင် ဤအချက်မှာမှန်ကန်မှုမရှိခဲ့ပေ။ ရွေးကောက်ခံ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တွင်လည်း ဤကိစ္စနှင့်ပတ်သက်ပြီး အတွေ့အကြုံမရှိပေ။ အကြီးမားဆုံးသော အမှားတစ်ခုမှာ အိုဘားမားအစိုးရလက်ထက်တွင် လုပ်ကြံသတ်ဖြတ်မှု အစီအစဉ်များကို ပစ်မှတ်ထားသည့် စစ်ဘက်ဆိုင်ရာ ဒရုန်းတိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး ကောင်းမွန်သည့် စည်းမျဉ်းစည်းကမ်းစာအုပ်မပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။

ယခုအချိန်တွင် ရွေးကောက်ခံ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် အိုဘားမားလက်ထက်က နည်းနာများအတိုင်း ဆက်လက်အမွေခံ ကျင့်သုံးဦးမည်ဖြစ်သည်။ သို့သော်လည်း ရွေးကောက်ခံ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏အကြံအစည်များ စင်းလုံးချောအောင်မြင်ဖို့ဆိုလျှင် လုံလောက်သော ငွေကြေးပမာဏ လိုအပ်နေကြောင်း အဲယားဝါးညွှန်ကြားရေးမှူး မစ္စတာဝုဒ်ကပြောခဲ့သည်။ ရွေးကောက်ခံ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် ၄င်း၏အကြံအစည်များ အောင်မြင်ရန်မှာ လွှတ်တော်ထံ ရန်ပုံငွေသစ်ထပ်မံတောင်းခံ ရဖွယ်ရှိကြောင်း သိရသည်။

**သည်အင်ဒီပင်းန်ဒင့်န်**

(၂၁-၁၁-၂၀၁၆)

**အိုဘားမား၏ ဒရုန်းများကို မည်သို့မည်ပုံ အသုံးပြုရမည်နည်းနှင့် ပတ်သက်ပြီး တိကျထိရောက်သော စည်းမျဉ်းများ၊ ဥပဒေသများ ချမှတ်ရန် ပျက်ကွက်ခဲ့ခြင်းက ၄င်း၏နေရာကို အမွေဆက်ခံမည့် နောင်လာနောက်သား အမေရိကန်သမ္မတအတွက် ယင်းကိစ္စ အပေါ် လိုသလိုအသုံးချသွားဖွယ်ရှိ**

## လွှတ်လပ်၍ ဘက်မလိုက်သောကောင်စီက ပတ်ဂွန်ဟေး၏အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး ဒီဇင်ဘာတွင်စစ်ဆေးမည်




**ဆိုးလ် နိုဝင်ဘာ ၂၄**

အထူးအစိုးရရှေ့နေတစ်ဦးက တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး၏အစိုးရအတွင်း တရားမဝင်အာဏာလွှမ်းမိုးခြယ်လှယ်မှုအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး လက်ခံစစ်ဆေးမည်ဖြစ်ကြောင်း၊ ၄င်းပါဝင်သည့် လွှတ်လပ်၍ဘက်မလိုက်သောကောင်စီအနေဖြင့် လာမည့်ဒီဇင်ဘာအစောပိုင်းတွင် စစ်ဆေးမှုများကို စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၂၃ ရက်က ဖော်ပြခဲ့သည်။

အင်္ဂါနေ့တွင် အထူးအစိုးရရှေ့နေခန့်အပ်ရေး ဥပဒေပြဋ္ဌာန်းမှုသည် စတင်အသက်ဝင်လာမည်ဖြစ်သည်။ ပတ်ဂွန်ဟေး၏ ကာလရှည်ကြာသိကျွမ်းခင်မင်ခဲ့သည့် သူငယ်ချင်းဖြစ်သူ ချွိုင်ဆွန်ဆယ်လ်နှင့် လက်ထောက်ဟောင်းနှစ်ဦးတို့ကို ရပိုင်ခွင့်အာဏာအလွဲသုံးမှုဖြင့် စွဲချက်တင်ခဲ့သည်။

ဥပဒေပြဋ္ဌာန်းမှုတွင် ပတ်ဂွန်ဟေးအနေဖြင့် အမှုစစ်ဆေးရန်အတွက် အရည်အချင်းပြည့်မီသူအားထောက်ခံရန် ပါလီမန်အား တိုက်တွန်းရမည်ဖြစ်ကြောင်းပါရှိသည်။ အင်အားကြီးအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီနှင့် ဒုတိယအကြီးမားဆုံးပါတီဖြစ်သော ပြည်သူ့ပါတီတို့က အမှုစစ်ဆေးရန် အရည်အချင်းပြည့်မီသူနှစ်ဦးအား ငါးရက်အတွင်းရွေးချယ်ရမည်ဖြစ်သည်။

ထို့နောက် ပတ်ဂွန်ဟေးအနေဖြင့် အထူးအစိုးရရှေ့နေတစ်ဦးအား ခန့်အပ်ရမည်ဖြစ်သည်။ ဝန်ထမ်းများ၊ ပြည်သူ့ရှေ့နေများပါဝင်မည့် လွှတ်လပ်၍ဘက်မလိုက်သောကောင်စီသည် စုံစမ်း စစ်ဆေးမှုများကို စတင်စစ်ဆေးသည့်ရက်မှစ၍ ရက်ပေါင်း ၁၂၀ အတွင်းပြုလုပ်ရမည်ဖြစ်သည်။

ပတ်ဂွန်ဟေးသည် ပြည်သူ့ရှေ့နေများ၏ မေးခွန်းမေးမြန်းမှုများကို ရှောင်ရှားခဲ့သည်။ ပြည်သူ့ရှေ့နေများက ပတ်ဂွန်ဟေးသည် ချွိုင်နှင့် အခြားသူများနှင့် တရားမဝင်အာဏာလွှမ်းမိုးခြယ်လှယ်မှုအရှုပ်တော်ပုံအား လျှို့ဝှက်စွာပူးပေါင်းကြံစည်ခဲ့သည်ဟု ပြောခဲ့သည်။ လွှတ်လပ်၍ဘက်မလိုက်သောကောင်စီက ပတ်ဂွန်ဟေးအား တွေ့ဆုံမေးမြန်းမည့်အချိန်တွင် ပတ်အနေဖြင့် ၄င်းတွင်အပြစ်မရှိကြောင်း လျှောက်ထားမည်ဟုမျှော်လင့်ရသည်။

အထူးအစိုးရရှေ့နေက ပတ်အနေဖြင့် မည်သည့်အတွက်ကြောင့် ကုမ္ပဏီများအား ချွိုင်နှင့်ပတ်သက်နေသည့် အကျိုးအမြတ်မမျှော်ကိုးသည့် ဖောင်ဒေးရှင်းနှစ်ခုအတွက် ရန်ပုံငွေထည့်ဝင်ရန် စေခိုင်းခဲ့သနည်းဟုဆိုသည့် မေးခွန်းအားမေးမြန်းဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။

ထို့ပြင် ချွိုင်အနေဖြင့် ဖောင်ဒေးရှင်းနှစ်ခုအား လိမ်ညာလှည့်ဖျားမည့်အစီအစဉ်နှင့်ပတ်သက်ပြီး ပတ်အနေဖြင့် သတိထားမိခြင်း ရှိ၊ မရှိနှင့် သက်ဆိုင်သည့်မေးခွန်းအားမေးမြန်းဖွယ်ရှိသည်ဟုမျှော်လင့်ရသည်။ ချွိုင်အနေဖြင့် တရားဝင်စာရွက်စာတမ်းများကို သမ္မတရုံးမှမည်သို့ မည်ပုံရရှိသွားကြောင်းကို မေးမြန်းဖွယ်ရှိကြောင်း သိရသည်။

ချွိုင်နှင့် လက်ထောက်ဟောင်းနှစ်ဦး၏ပထမဆုံးကြားနာစစ်ဆေးမှုကို ဒီဇင်ဘာ ၁၃ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# သထုံမြို့မရဲစခန်း၌ ဖြစ်ပွားခဲ့သည့် အချုပ်သားကို စစ်ဆေးစဉ် သေဆုံးခဲ့မှု၌ ပါဝင်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**သထုံ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့မရဲစခန်း၌ မတ် ၂၁ ရက်ကဖြစ်ပွားခဲ့သည့် ချုပ်နှောင်ထားသောအချုပ်သားတစ်ဦးအား စစ်ဆေးစဉ် သေဆုံးခဲ့မှုတွင်ပါဝင်ခဲ့သည့် သထုံခရိုင်မှုခင်းအကူဌာနမှ ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးအား နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းက တစ်ဦးလျှင် အလုပ်နှင့် ထောင်ဒဏ် ရှစ်နှစ်စီ ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း ခရိုင်



တရားရုံးမှ သိရသည်။

ယခုနှစ် မတ် ၂ ရက်က သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ချမ်းမြေ့တည်းခိုခန်း၌ ဖြစ်ပွားခဲ့သည့် ငွေကျပ် ၁၁၃၆၀၇၀၀ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တည်းခိုခန်းမန်နေဂျာဖြစ်သူ ကျော်သက်အောင် (၃၂ နှစ်) ဆိုသူမှာ သထုံမြို့မ ရဲစခန်းတွင် (ပ) ၉၇/၂၀၁၆၊ ပြစ်မှုဆိုင်ရာပုဒ်မ-၃၈၀ ဖြင့် ချုပ်နှောင်ခံထားရပြီး ၎င်းအား စစ်ဆေးစဉ် မတ် ၂၁ ရက် နံနက် ၂ နာရီခန့်က သေဆုံးသွားခြင်းဖြစ်သည်။

ကျော်သက်အောင် သေဆုံးရသည့်အကြောင်းအရင်းမှာ အသည်းပေါက်ပြဲဒဏ်ရာကြောင့် ဝမ်းဗိုက်အတွင်း သွေးယိုစိမ့်ကာ သွေးထွက်လွန်ပြီး သေဆုံးရခြင်းဖြစ်ကြောင်း၊ ရရှိသောဒဏ်ရာမှာ ပြင်းထန်ဒဏ်ရာ၊ တုံးသောအရာဝတ္ထုများကြောင့်ဟု သထုံခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆေးစာပြန်ကြားချက်များအရ ယင်းအမှုအား စစ်ဆေးသည့်အဖွဲ့ဖြစ်သော သထုံခရိုင် မှုခင်းအကူဌာနမှ ဒုရဲအုပ် လှိုင်ဝင်းထွန်း၊ ရဲတပ်ကြပ်ကြီး ညဏ်စိုး၊ ရဲတပ်ကြပ် ကိုကိုဆွေ၊ ရဲတပ်ကြပ် ဝင်းညွန့်၊ ရဲတပ်ကြပ် စိုးအောင်၊ ရဲတပ်ကြပ် အောင်ကိုလတ်နှင့် သထုံမြို့မရဲစခန်းမှ ရဲတပ်ကြပ်တင်ထွေးစုစုပေါင်း ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးတို့အား သထုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ထွန်းသိန်းက တရားလိုပြုလုပ်ကာ (ပ)၁၅၇/၂၀၁၆၊ ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၂/၁၁၄ အမှုကြီးအမှတ်စဉ် (၃/၂၀၁၆) ဖြင့် အမှုဖွင့် တရားစွဲဆိုထားရာမှ ရုံးချိန်းပေါင်း ၃၀ အပြီးတွင် ယင်းအမှုအား သထုံခရိုင်တရားရုံးမှ ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**


# မကွေးမြသလွန်ဘုရားခြေရင်း မြစ်ကမ်းဆိပ်၌ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရေထဲခုန်ချ ပျောက်ဆုံး

**မကွေး နိုဝင်ဘာ ၂၄**

မကွေးမြို့ မြသလွန်ဘုရားအနောက်ဘက် ဆီမီးကိုးထောင်ပူဇော်သည့် မြစ်ဆိပ်ကမ်းတွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ နိုဝင်ဘာ ၂၂ ရက်က မြစ်အတွင်း ခုန်ချပျောက်ဆုံးခဲ့ကြောင်း သိရသည်။ အခင်းဖြစ်နေရာသို့ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြသလွန်ဂေါပကအဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

အမည်မသိအမျိုးသား(စုံစမ်းဆဲ)နှင့် မသက်စုအောင် (၂၂ နှစ်) ရွှေဘုံသာအရှေ့ရပ်ကွက် ရေနံချောင်းမြို့နယ်နေသူတို့မှာ အင်္ကျီအနွေးထည် ကျားဝတ်တစ်ထည်၊ မဝတ်တစ်ထည်၊ အမျိုးသား၊ အမျိုးသမီး ဖိနပ်တစ်ရန်စီ၊ အမျိုးသမီး လက်ပတ်နာရီတစ်လုံး၊ လက်ကိုင်ဖုန်းနှစ်လုံးတို့အား ချွတ်ထားခဲ့ပြီး မြစ်အတွင်းသို့ ခုန်ဆင်းသွားခဲ့ကြောင်း၊ လိုက်လံရှာဖွေလျက်ရှိကြောင်း မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး စိန်အောင်က ပြောကြားသည်။

**ကျော်ဇေယျ(မကွေး)**



မြစ်ထဲခုန်ချသူ နှစ်ဦးတို့၏ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ

# မြစ်ကြီးနား၌ ရပ်ထားသောရထားကို ကုန်ရထားက မျက်နှာချင်းဆိုင်မှ ဝင်တိုက်

**မြစ်ကြီးနား နိုဝင်ဘာ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပြည်ထောင် ဘူတာယာဒ်ဝင်းအတွင်းရပ်ထားသောမီးရထားကို မိုးညှင်းဘူတာမှထွက်ခွာလာသော ကုန်ရထားက နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်း ၂ နာရီခွဲခန့်တွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့ကြောင်း သိရသည်။

ပြည်ထောင်ဘူတာယာဒ်ဝင်းအတွင်း မိုင်တိုင်အမှတ် (၇၁၀/၁၆-၂၀) ကြားအမှတ် ၂ သံလမ်းတွင်ရပ်ထားသော အမှတ်(၈၁၀) အစုန် (မြစ်ကြီးနား-မြို့ဟောင်း) ဆီလုံးတွဲ အခွံ ရထားစက်ခေါင်းအမှတ် DF - 1346 နှင့် မိုးညှင်းဘူတာမှ ထွက်ခွာလာသောရထားအမှတ်(၂၄၇)အဆန် မိုးညှင်း - မြစ်ကြီးနား ကုန်ရထားစက်ခေါင်းအမှတ် DD - 1519 တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း သိရသည်။

ရထားနှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိသည့်အတွက်ကြောင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ရထားလမ်းပိတ်ဆို့မှုမရှိဘဲ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း မြစ်ကြီးနားရထားရဲစခန်းမှ သိရသည်။

**မင်းရာဇာ**




# တိုင်ထောင်ရာမှ ဓာတ်လိုက်၍ အမျိုးသားတစ်ဦးသေဆုံး

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားလမ်းဆိုင်ခန်းအမှတ် ၁၆/၉၀ ရှိ Asia Mobile ဖုန်းဆိုင်ရှေ့တွင် နိုဝင်ဘာ ၂၃ ရက်က ပရိုမိုးရှင်းပွဲပြုလုပ်ရန် အရှည် ၁၆ ပေခွဲခန့်ရှိ အောက်ခြေဒေါက် သုံးဒေါက်ပါ နီကယ်တိုင် Gionee Mobile ပိတ်စ အလံတိုင်ကိုထောင်ရာမှ လမ်းဘေးဓာတ်တိုင်ရှိ လျှပ်စစ်မီးကြိုးနှင့်ထိမိပြီး အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့သည်။

သေဆုံးသူမှာ အမှတ်(၅)ရပ်ကွက်၌ နေထိုင်သူ အောင်ကိုကို (၂၂ နှစ်) Gionee Mobile ကုမ္ပဏီဝန်ထမ်းဖြစ်ကြောင်းသိရပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ်ကို လှိုင်သာယာမြို့မရဲစခန်းက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၆၄)


**ရန်ကုန်တိုင်းဒေသကြီး**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**အိတ်ပိတ်တင်ဒါ (၅/၂၀၁၆)**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံမှုရှိစေရန်နှင့် လုံခြုံရေးကျိုးပေါက်မှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးအတွက် အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်ကြည့်ရှုစစ်ဆေးနိုင်သော Smart CCTV Camera ၃၆ လုံးခန့်တပ်ဆင်ရန်အတွက် ၂၇-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထားပြီး ဂေါပကရုံးအဖွဲ့ရုံးတွင် တင်ဒါစည်းကမ်းဖောင်များ ဝယ်နိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄**



**ဆုတောင်းပြည့်မယ်လမုစေတီတော်ဂေါပကအဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆုတောင်းပြည့်မယ်လမုစေတီတော် (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတော်တွင် စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ပါသည်။

စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရာတွင် (၂"× ၂") ပတ်လည် ရွှေဆိုင်း(ရာဆိုင်း) (၈၀၀)ခန့် ဝယ်ယူလိုပါသည်။

(က) ရွှေဆိုင်းဈေးနှုန်းတင်ဒါတင်သွင်းရန်
(ခ) ရွှေချခြင်းလုပ်ငန်းအတွက် တင်ဒါတင်သွင်းရန်

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၁၁-၂၀၁၆ ရက်(သောကြာနေ့)
**တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၁၂-၂၀၁၆ ရက်(တနင်္ဂနွေနေ့) ညနေ ၄း၀၀နာရီတိတိ

တင်ဒါခေါ်ယူသည့်ပုံစံ စည်းကမ်းများနှင့် အသေးစိတ်သိရှိလိုသည်များကို ဂေါပကရုံးနှင့် ဥက္ကဋ္ဌ ဖုန်း-၀၉-၃၁၀၄၄၁၅၈၊ အတွင်းရေးမှူး ဖုန်း-၀၉-၃၁၇၈၂၇၆၄၊ ရုံးအဖွဲ့ ဖုန်း-၀၉-၃၀၀၂၆၁၀၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**



**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသောလူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များနှင့် ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် (တတိယအကြိမ်) ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၂၅-၁၁-၂၀၁၆ ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ) တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)**
**ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း-၀၁-၆၃၅၂၉၉/၆၃၇၅၄၁**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(ကန့်ဘလူမြို့)၊ ကန့်ဘလူသရက်ခြံတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) ရုံးအဆောက်အအုံ (၄၀'×၂၀'×၁၂') RC ၁ ဆောင် 1 Lot (ရေ/မီး/မိလ္လာအပါအဝင်)
(၂) ၂" စက်ရေတွင်း (၃၅၀')အနက်တူးဖော်ခြင်း ၃တွင်း 1 Lot

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၂-၁၁-၂၀၁၆ရက်မှ ၂-၁၂-၂၀၁၆ရက်ထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၉-၁၂-၂၀၁၆ရက်၊ ညနေ ၁၆း၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၂၈၀၁၊ ၀၇၁-၂၂၅၄၂၊ ၀၉-၃၃၃၆၉၈၁၁

**တိုင်းစိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**



**သွင်းကုန်ကြေညာလွှာ ပျောက်ဆုံးခြင်း**

Smooth International Co.,Ltd ၏သွင်းကုန်ကြေညာလွှာအမှတ် ID-745066, ID-748962, ID-742949, ID-742951, ID-775463, ID-775464, ID-782389 နှင့် ပူးတွဲပါစာရွက်စာတမ်းများသည် အမှတ် ၆၄၇-အေ၊ ကမာရွတ်မြို့နယ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**လုမြတ်သူ ၁၂/ဗဟန(နိုင်)၀၈၁၆၅၅**
**ဖုန်း-၀၉-၉၇၇၈၆၀၅၂၂**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8B-9666 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8B/1796 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/1950 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1M-9438 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



ဆရာအာသာ ၏သင်ကြားမှု(၂၅)နှစ်ပြည့်(1991-2016)အထိမ်းအမှတ် အထူးအစီအစဉ်
SUCCESS Language Academy
ကျောင်းသားသစ် (15% Discount) နှင့်
ကျောင်းသားဟောင်း (ပုံမှန် Discount + 15%)
(မြို့လယ်ကျောင်း)
အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048,256954,202046
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
BASIC ENGLISH SPEAKING
10 - 11:30 (Mon~Thurs) 21 Nov
1 - 2:30 (Mon~Thurs) 28 Nov
1 - 4:00 (Sat + Sun) 3 Dec
BASIC FOUR SKILLS ENGLISH
1 - 4:00 (Sat + Sun) 27 Nov
6 - 7:30 (Mon ~ Thurs) 28 Nov
1 - 4:00 (Sat + Sun) 3,11 Dec
1 - 2:30 (Mon ~ Thurs) 5 Dec
10 - 11:30 (Mon ~ Thurs) 7 Dec
3:30 - 5 (Mon ~ Thurs) 12 Dec
PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 5 Dec
10 - 11:30 (Mon ~ Thurs) 12 Dec
1 - 4:00 (Sat + Sun) 17 Dec
INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 28 Nov
10 - 11:30 (Mon ~ Thurs) 12 Dec
9:30 - 12:30 (Sat + Sun) 31 Dec
BASIC WRITING
1 - 4:00 (Sat + Sun) 19 Nov
10-11:30 (Mon ~ Thurs) 5 Dec
VOCAB ENRICHMENT
10 - 11:30 (Mon ~ Thurs) 15 Nov
3:30 - 5 (Mon ~ Thurs) 28 Nov
BASIC GRAMMAR
9 - 12:00 (Sat + Sun) 26 Nov
10 - 11:30 (Mon ~ Thurs) 12 Dec
BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 28 Nov
7:30 - 10:30 (Sat + Sun) 3 Dec
7:30 - 9 (Mon~Thurs) 14 Dec
1- 2:30 (Mon~Thurs) 26 Dec
IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 3 Dec
IELTS (Preparation)
7:30-9:30 (Mon~Thurs) 15 Nov
1 - 3:30 (Mon~Thurs) 5 Dec
IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 5 Dec
IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 19 Dec
BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon~Thurs) 5 Dec
10 - 11:30 (Mon~Thurs) 12 Dec
1 - 2:30 (Mon~Thurs) 14 Dec
7:30 - 9 (Mon~Thurs) 26 Dec
BASIC GRAMMAR
7:30-10:30 (Sat + Sun) 3 Dec
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon~Thurs) 21 Nov
6 - 7:30 (Mon~Thurs) 5 Dec
9 - 12:00 (Sat + Sun) 31 Dec
IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 26 Dec
IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 28 Nov

# မိုးညှင်းမြို့နယ်၌ ဒုရဲမှူးကို ရိုက်နှက်ပြီး သေနတ်လုယူခဲ့မှုဖြစ်စဉ်၌ ပါဝင်သူကို ဖမ်းမိ

**မိုးညှင်း နိုဝင်ဘာ ၂၄**



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လုံးတုံ ရဲစခန်းပိုင်နယ်မြေတွင် နိုဝင်ဘာ ၂၂ ရက်က လွန်ခဲ့သော စက်တင်ဘာ ၁၉ ရက်က ရဲဘက်တရားခံပြေးတစ်ဦးကို မူးယစ်ဆေးဝါးသတင်းအရ သွားရောက်ဖမ်းဆီးရာမှ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သော်လည်း တရားခံမှာ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ရဲဝန်ထမ်းအရာရှိထံမှ ၃၂ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်နှင့်ကျည်ဆန် ၁၈ တောင့် ပျောက်ဆုံးခဲ့ရာ သေနတ်နှင့် ကျည်ဆန်များ သိုဝှက်ထိန်းသိမ်းထားသည်ကို ပြန်တွေ့ရှိ၍ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ဒုတိယရဲမှူး သန်းဝင်းအောင်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့တို့သည် မိုင်းနောင်ကျေးရွာ အနောက်တောင်ဘက် ကျောက်ဆင်ရပ်စေတီနှင့် ၆ ဖာလုံခန့်အကွာရှိ ယာယီတဲတွင် တရားခံအောင်ကျော်ဝင်းသည် ဆွမ်းပရာဘွမ်စခန်းခွဲ မိုင်တိုင်အမှတ် (၁၃၃/၂) အနီးဝါးခုတ်လုပ်ငန်းခွင် ရဲဘက်စခန်းမှ ထွက်ပြေးရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်စစ်ဆေးရာ အောင်ကျော်ဝင်းမှာ တဲအနောက်မှထွက်ပြေးသွားခဲ့သည်။ ၎င်းအား လိုက်လံဖမ်းဆီးရမိပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ဘိန်းဖြူထည့်ထားသော ဆပ်ပြာခွက် ၁၀ ခွက် စုစုပေါင်းအလေးချိန် ၁၁၇ ဒသမ ၄၀၀၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈၅ ပြား၊ ငွေစက္ကူရောရော ငွေကျပ် ၁၇၂၀၀၀၀၊ စနက်တံဖြုတ်မပါ BA-109 လက်ပစ်ဗုံးနှစ်လုံး၊ ဓားမြှောင်ငယ်တစ်ချောင်း၊ ဂျင်ကလိ ရှစ်ချောင်း၊ လေးခွတစ်လက်၊ အဆိပ်ဟုယူဆရသော ပုလင်းငယ်တစ်လုံးတို့ကို သိမ်းဆည်းနေစဉ် အောင်ကျော်ဝင်း၏ သားနှင့်အတူ လူ ၂၀ ခန့်ရောက်ရှိလာပြီး အဆိုပါဖမ်းဆီးအဖွဲ့အား ဝင်ရောက်တိုက်ခိုက်သဖြင့် ဒုတိယရဲမှူး အောင်နိုင်ဦးတွင် ဒဏ်ရာများရရှိခဲ့ကာ ၎င်းကိုင်ဆောင်ထားသည့် ၃၂ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်၊ ကျည် ၁၈ တောင့်တို့ကို ယူဆောင်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများဖမ်းဆီးရမိရေးနှင့် ပျောက်ဆုံးသွားခဲ့သော ၃၂ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်အပါအဝင် ကျည်ဆန် ၁၈ တောင့်တို့ကို ပြန်လည်ရရှိနိုင်ရေးအတွက် နန့်မွန်းကျေးရွာဒေသခံများ အကူအညီဖြင့် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်က သတင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူး တင်အောင်ဇော် ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ဖွဲ့ဝင်များ၊ လုံးတုံနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုတိယရဲအုပ်ခင်မောင်ကြည် ဦးစီးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားခံပြေးဖြစ်ပြီး စစ်ဆေးဆဲဖြစ်သော သားငယ်(ခ) လင်းနိုင်(၂၁ နှစ်) အား နန့်မွန်းကျေးရွာနှင့် မိုင်းနောင်ကျေးရွာကြား ကားလမ်းမအရှေ့ဘက် ပေ ၆၀၀ ခန့်အကွာ ၎င်း၏လယ်တဲတွင် ပုန်းအောင်းနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ တဲပေါ်တွင်ဖမ်းဆီးရမိခဲ့သည်။ ၎င်းအား ဆက်လက်စစ်ဆေးရာ လွန်ခဲ့သော စက်တင်ဘာ ၁၉ ရက်က ဒုတိယရဲမှူး အောင်နိုင်ဦးထံမှ ၃၂ ဗို့ ခြောက်လုံးပြူး သေနတ်တစ်လက်နှင့် ကျည်ဆန် ၁၈ တောင့်ကို ၎င်းက ယူဆောင်ခဲ့ပြီး မိမိလယ်တဲတွင် (ယခုဖမ်းဆီးရမိသည့်) သိုဝှက်ထားရှိခဲ့ကြောင်း၊ လွန်ခဲ့သောသုံးရက်က နိုင်ဦး မိုးညှင်းမြို့နေသူထံမှ ဘိန်းဖြူ (ပင်နီဆီလင်ပုလင်း တစ်ဝက်ခန့်)ဖြင့် လဲလှယ်ခဲ့ကြောင်း၊ ၎င်းတို့က အဆိုပါသေနတ်နှင့် ကျည်ဆန်များ မြှုပ်နှံထားသည့်နေရာကို တာဝန်ရှိသူများအားပြသသဖြင့် သိမ်းဆည်းပြီး ၎င်းတို့နှစ်ဦးအား မိုးညှင်းရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# ကုန်တင်ရေယာဉ်ကိုယ်စားလှယ်တစ်ဦး မျက်နှာသစ်စဉ် ခြေချော်၍ ချင်းတွင်းမြစ်ထဲပြုတ်ကျရာ ရေလုပ်သားက လိုက်ဆယ်စဉ် နှစ်ဦးစလုံး ရေနစ်

**မုံရွာ နိုဝင်ဘာ ၂၄**

မုံရွာမြို့ ရုံးကြီးရပ်ကမ်းနားလမ်းချောင်းပေါက်ဆိပ်တွင် နိုဝင်ဘာ ၂၃ ရက်က ဆိုက်ကပ်ထားသော ကုန်တင်အမြန်ရေယာဉ်ပေါ်မှ ရေယာဉ်ကိုယ်စားလှယ်တစ်ဦး မျက်နှာသစ်စဉ် ခြေချော်ပြီး ချင်းတွင်းမြစ်အတွင်းပြုတ်ကျသွား၍ ရေယာဉ်လုပ်သားက လိုက်လံဆယ်ယူရာ မြစ်လယ်တွင် နှစ်ဦးစလုံးဖက်လျက် မြုပ်သွားကြောင်း သိရသည်။

ကုန်တင်အမြန်ရေယာဉ်ပေါ်မှ မော်တော်လုပ်သားနှစ်ဦး ချင်းတွင်းမြစ်အတွင်း ပြုတ်ကျမျောပါသွားကြောင်း သတင်းအရ တာဝန်မှူး ရဲအုပ်နိုင်စိုးနှင့် အမြန်ရေယာဉ်စစ်ဆေးရေးအဖွဲ့မှ ရဲအုပ်ဇော်ဇော်တို့သွားရောက်စစ်ဆေးရာ ဇော်မျိုးမင်း မုံရွာ-နန့်တောကုန်တင်အမြန် ရေယာဉ်မှကိုယ်စားလှယ် ဇင်မင်းထွန်း(ခ) အရှည်ကြီးသည် ချင်းတွင်းမြစ်အတွင်း ဆိုက်ကပ်ထားသောမော်တော်ပေါ်မှ မျက်နှာသစ်စဉ် ခြေချော်ပြီး မြစ်တွင်းပြုတ်ကျသွားသဖြင့် ကုန်တင်ရေယာဉ်လုပ်သား အောင်ကြီးက လိုက်လံဆယ်ယူရာ မြစ်လယ်တွင် နှစ်ယောက်ဖက်လျက် နစ်မြုပ်သွားကြောင်း သိရသည်။ နစ်မြုပ်သွားသူနှစ်ဦးအား ဆယ်ယူရရှိရေးအတွက် အနီးဝန်းကျင်ရှိ စက်လှေလုပ်သားများက ဝိုင်းဝန်းရှာဖွေနေသော်လည်း ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း မုံရွာမြို့မရဲစခန်းမှူးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# တရားမဝင် အင်သစ်ခွဲသားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် ကလေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၂၃ ရက် နံနက် ၆ နာရီခန့်က ကလေးမြို့နယ် ကလေး-ကလေးဝကားလမ်း၊ ကျီးကုန်းကျေးရွာအနီး သွားရောက်စောင့်ဆိုင်းနေစဉ် ကလေးဝဘက်မှ ကလေးမြို့ဘက်သို့ ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာနေ စိုင်းစိုးမိုး (ခ)လုစိုးမိုး (၃၈ နှစ်) မောင်းနှင်ပြီး ကလေးမြို့ ပင်လုံရပ်ကွက်နေ ဦးမြင့်ဦး(ခ) ဦးဝင်းမြင့် (၅၅ နှစ်) လိုက်ပါလာသော ၁ခ/---- အဖြူရောင်ခြောက်ဘီးယာဉ်ကို ရပ်တန့်ရှာဖွေခဲ့ရာ တရားမဝင် သယ်ဆောင်လာသော အင်သစ်ခွဲသားဆိုဒ်စုံ ၁၄၆ ချောင်း ၇ ဒသမ ၅၂၇၈ တန် တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဆိုင်ကယ်နှင့် ထော်လာဂျီတိုက်မိ၊ သုံးဦးသေဆုံး

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် ကရင်စုပိုင်း သရက်ရိပ်အရက်ဆိုင်ရှေ့၌ နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီခွဲခန့်က ဆိုင်ကယ်နှင့် ထော်လာဂျီ မျက်နှာချင်းဆိုင် တိုက်မိကြပြီး ဆိုင်ကယ်စီးလာသူ သားသား(၂၁ နှစ်)၊ ဖြိုးလင်း (၁၇ နှစ်)၊ မင်းမင်းဦး (၁၆ နှစ်) ပေါင်မြို့နယ်နေသူတို့သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**


**စက်မှုသင်တန်းကျောင်း(ဆင်တဲ) အပတ်စဉ်(၁၆/၉၆)**
**သင်တန်းသား သင်တန်းသူဟောင်းများ၏**
**အာစရိယပူဇော်ပွဲ နှီးဆော်ဖိတ်ကြားလွှာ**

စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ အပတ်စဉ်(၁၆/၉၆)၏ နှစ်(၂၀)ပြည့်အထိမ်းအမှတ် သင်တန်းသား သင်တန်းသူများ ပြန်လည်တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို စက်မှုသင်တန်းကျောင်း(ဆင်တဲ)၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (၁၆/၉၆) သင်တန်းသား သင်တန်းသူဟောင်းများအနေဖြင့် ကိုယ်တိုင်ပါဝင်တက်ရောက်ကန်တော့ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ကိုရဲထွဋ် | ဖုန်း - ၀၉-၇၉၁၂၃၄၀၈၇ | သိန်းဇော်မြင့် | ဖုန်း - ၀၉-၂၅၀၅၃၄၈၁၈ |
| အောင်မြင့်ဦး | ဖုန်း - ၀၉-၇၈၄၉၇၆၉၆၈ | မင်းဇော်ထွန်း | ဖုန်း - ၀၉-၇၉၈၀၁၆၄၂၂ |
| မောင်လေး | ဖုန်း - ၀၉-၄၂၀၇၀၆၁၃၃ | အေးရွှေစင် | ဖုန်း - ၀၉-၂၅၃၃၂၆၄၆၇ |
| ဗီဇ | ဖုန်း - ၀၉-၄၀၀၃၀၈၇၆၅ | | |



**ကချင်ပြည်နယ်အတွင်း ဖမ်းဆီးရမိ**
**လိုင်စင်မဲ့မော်တော်ယာဉ်များအား ဈေးပြိုင်စနစ်ဖြင့်**
**လေလံတင်ရောင်းချမည့်အစီအစဉ်အား**
**ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်းကြော်ငြာခြင်း**

၂-၁၁-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာခဲ့သည့် ကချင်ပြည်နယ်အတွင်း ဖမ်းဆီးရမိ ပိုင်ရှင်မဲ့၊ လိုင်စင်မဲ့မော်တော်ယာဉ်များအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချသွားမည့်ကိစ္စအားရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဘဏ္ဍာသိမ်းမော်တော်ယာဉ်များတင်ဒါရောင်းချရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**



ဦးနှင်းဦး(ထားဝယ်)

**ထိပ်တန်း**

အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း

ခေတ်မီ Manual/Auto ကားများဖြင့် စိတ်တိုင်းကျ သင်ကြားပေးသည်။

➡ (၄၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းခြောက်အုံ ယာဉ်မောင်းသင်လေ့ကျင့်ရေးကွင်း
➡ တိုက်(၁၄)၊ တာတာကြည်အိမ်ရာ၊ တာတာကြည်လမ်းမကြီး သာကေတ(အဝိုင်း)အနီး

၀၁-၅၄၁၀၆၆
၀၉-၇၃၀၅၄၉၂၇
၀၉-၄၃၁၉၁၉၂၀
၀၉-၄၂၁၁၂၁၅၈၂
၀၉-၂၆၂၁၅၁၃၄၇



**BLUE DIAMOND CEMENT**

**ဘလူးဒိုင်းမွန်းဘိလပ်မြေ**

**STRENGTH FOREVER**

OFFICE TEL : 01-507115, 09-777777688

BLUE DIAMOND CEMENT



ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ အဆင့်မြင့်နည်းပညာနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။

# ဆူဇူကီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ဆက်လက်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို နိုဝင်ဘာ ၂၅၊ ၂၆ရက်တွင် ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ ဆီမီးဖိုင်နယ်တက်ပြီးဖြစ်ကာ လက်ကျန်နှစ်နေရာအတွက် အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် Philippine Sports ကွင်း၌ အိမ်ရှင်ဖိလစ်ပိုင်နှင့်လက်ရှိချန်ပီယံ ထိုင်း၊ Rizal Memorial ကွင်း၌ စင်ကာပူအသင်းနှင့်အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယနေ့ ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပြီး လက်ကျန်တစ်နေရာအတွက် နှစ်မှတ်ရထားသည့် အိမ်ရှင်ဖိလစ်ပိုင်၊ တစ်မှတ်စီရထားသည့် စင်ကာပူနှင့် အင်ဒိုနီးရှားတို့ မျှော်လင့်ချက်ရှိနေသည်။ ဖိလစ်ပိုင်အသင်းသည် ထိုင်းကိုအနိုင်ရရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်ပြီးစင်ကာပူနှင့် အင်ဒိုနီးရှားအသင်းတို့မှာ အနိုင်သုံးမှတ်အပြင် ဖိလစ်ပိုင် -ထိုင်းပွဲရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် ဗီယက်နမ်က နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်တက်သွားပြီး သုံးမှတ်စီရထားသည့်မြန်မာနှင့် မလေးရှားအသင်းတို့ မျှော်လင့်ချက်ရှိနေကာ နှစ်ပွဲစလုံးရှုံးခဲ့သည့် ကမ္ဘောဒီးယားအသင်းမှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ အိမ်ရှင်မြန်မာနှင့် မလေးရှား၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် အုပ်စုတွင်း၌ အသင်းများ အမှတ်တူပါက ဂိုးကွာခြားချက်ဖြင့် ဦးစားပေးဆုံးဖြတ်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် မလေးရှားကို သရေကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သည်။



**အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေသည့် မြန်မာအသင်း**

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တစ်ကြိမ်သာတက်ရောက်ခဲ့ဖူးပြီး ဒုတိယအကြိမ် တက်ရောက်ခွင့်ရရန် အခွင့်ရေးကောင်းနေခြင်း ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ပိုက်ကျော်ခြင်းကစားသမားများ ရွေးချယ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်း အောင်မြင်စေရန်နှင့် ပိုက်ကျော်ခြင်းအားကစားနည်း နိုင်ငံတစ်ဝန်း များပြားတိုးတက်



လာရန် ရည်ရွယ်၍ ၁/၂၀၁၆ အလုပ်အမှုဆောင်ညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ (၂၉)ကြိမ်မြောက် ဆီးဂိမ်းအတွက် ပဏာမလက်ရွေးစင် အားကစားသမားများကို ပြန်လည်ရွေးချယ်သွားမှာပါ။ ဒီဇင်ဘာလပထမပတ်မှာ ရွေးချယ်ရေးအဖွဲ့ဝင် ၂၇ ဦးနဲ့ စိစစ်ရွေးချယ်သွားမှာဖြစ်ပါတယ်။ ကစားသမား အမျိုးသား ၂၅ ဦးနဲ့ အမျိုးသမီး ၂၀ ရွေးချယ်ပြီး စခန်းသွင်းသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းမှာ ပိုက်ကျော်ခြင်းအားကစားနည်း တိုးတက်ပြန့်ပွားဖို့အတွက်လည်း အာရှပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အရှေ့တောင်အာရှပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် အခြားနိုင်ငံမှာရှိတဲ့ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တွေနဲ့ ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

အဆိုပါ ၂၉ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားသမားရွေးချယ်ပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၆ ရက်အထိ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းတွင် ကျင်းပမည်ဖြစ်၍ မြန်မာ့ပိုက်ကျော်ခြင်း လက်ရွေးစင်ဟောင်းများအပါအဝင် မည်သူမဆို ဝင်ရောက်ရွေးချယ်ခံနိုင်မည်ဖြစ်ကာ ဝန်ကြီးဌာနပေါင်းစုံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိတ်ပါဝင်စားသူများ ဝင်ရောက်ရွေးချယ်ခံနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) အပြီး ၁၆ သင်းအဆင့်တက်၊ အသင်းအချို့ထွက်ပေါ်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်း အဆင့် ပွဲစဉ် (၅)ပြိုင်ပွဲများ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (C)မှ ဆဲလ်တစ်နှင့် ဘာစီလိုနာပွဲတွင် ဘာစီလိုနာတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် ဘာစီလိုနာအတွက် အနိုင်ဂိုးများကို မက်ဆီက ပွဲချိန် ၂၄ မိနစ်နှင့် ၅၆ မိနစ်တွင်သွင်းယူခဲ့သည်။ ဘာစီလိုနာသည် ပွဲစဉ် (၅)အပြီး ရမှတ် ၁၂ မှတ်ရရှိကာ အုပ်စုပထမဖြင့် တက်ရောက်ရန်သေချာသွားပြီး မန်စီးတီးမှာ ဂလာဘတ်နှင့် တစ်ဂိုးစီသရေကျခဲ့၍ ရမှတ် ၈ မှတ်ဖြင့် အုပ်စုဒုတိယဖြင့်သာ တက်ရောက်နိုင်မည်ဖြစ်သည်။

တခြားပွဲစဉ်များအဖြစ် အုပ်စု (A)တွင် အာဆင်နယ်နှင့် ပီအက်စ်ဂျီတို့ နှစ်ဂိုးစီသရေကျခဲ့ပြီး လူဒိုဂိုရက်စ်နှင့် ဘေဆယ်မှာ ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စု (B)တွင် ဘက်ဆစ်တပ်စ်နှင့် ဘင်ဖီကာမှာ သုံးဂိုးစီသရေကျခဲ့ပြီး နာပိုလီနှင့် ဒိုင်နမိုကိဗ်တို့ ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စု (D)တွင် အက်သလက်တီကိုက ပီအက်စ်ဗွီကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်တို့က ရော့စ်တော့ကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲစဉ်(၅)အပြီး ၁၆ သင်းအဆင့်သို့ တက်ရောက်ရန် သေချာသွားသည့် အသင်းများမှာ ပီအက်စ်ဂျီ၊ အာဆင်နယ်၊ ဘာစီလိုနာ၊ မန်စီးတီး၊ အက်သလက်တီကို၊ ဘိုင်ယန်မြူးနစ်၊ မိုနာကို၊ လေဗာကူဆင်၊ ဒေါ့မွန်၊ ရီးရဲမက်ဒရစ်၊ လက်စတာ၊ ဂျူဗင်တပ်စ်၊ ဆီဗီလာတို့ဖြစ်ကြသည်။ **သီဟ**


AGRI LIVESTOCK '16
INTERNATIONAL AGRICULTURE & LIVESTOCK PRODUCTION EXHIBITION & CONFERENCE
7-9 DECEMBER 2016 TATMADAW HALL, YANGON
MYANMAR
အခမဲ့ဝင်ခွင့်
မြန်မာ့အကောင်းဆုံး နိုင်ငံတကာ တိရိစ္ဆာန်ကျန်းမာရေး၊ အစာနှင့် မွေးမြူရေးလုပ်ငန်း ထုတ်ကုန်များဆိုင်ရာ ကုန်စည်ပြပွဲကြီး
၇ရက်မှ ၉ရက်နေ့ ဒီဇင်ဘာလ၊ ၂၀၁၆ခုနှစ် • တပ်မတော်ခန်းမ၊ ရန်ကုန်မြို့
• စိုက်ပျိုးရေး၊တိရိစ္ဆာန် အစာ နှင့် မွေးမြူရေး ဆိုင်ရာ ကုန်ပစ္စည်း တင်သွင်းရောင်းချ သည့် အမျိုးအစားပေါင်း (၁၅၀)နှင့် နိုင်ငံပေါင်း (၁၆) နိုင်ငံမှ နောက်ဆုံးပေါ် နည်းပညာများ အားတွေ့မြင်နိုင်မည်၊
• တိရိစ္ဆာန်ကျန်းမာရေး နှင့် ကူးစက်ရောဂါများ ကိုကာကွယ်နိုင်သော နောက်ဆုံးပေါ် နည်းပညာများကို လေ့လာနိုင်မည်၊
• စီးပွားရေးလုပ်ငန်းသစ်များ စတင်လိုသူများနှင့် နယ်ပယ်သီးသီးမှ နည်းပညာရှင်များ တွေ့ဆုံ နိုင်မည့်အခွင့်အရေး
www.agrilivestock.net
AMBTarsus 09-259500191 mm@amtarsus.com



**ဖခင် အမည်မှန်**

ဦးမောင်မောင်လေး(ခ)ဦးစောထူးဒိုကြီး ၁/မညန(နိုင်) ၀၈၄၈၃၉၏ဖခင်အမည်မှန်မှာ ဦးဝေဇင်(ခ)ဦးဝီလ်ဆင်ကြီး ဖြစ်ပါကြောင်း။ **ဦးဝေဇင်(ခ)ဦးဝီလ်ဆင်ကြီး**



**ချင်းပြည်နယ်အစိုးရအဖွဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ချင်းပြည်နယ်အတွင်း အသေးစားရေအားစက်ရုံများ၏ တည်ဆောက်ရေးလုပ်ငန်း၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့် တင်ဒါများ ပေးသွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂၁-၁၁-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀-၁၂-၂၀၁၆ရက် ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့ ဖုန်း-၀၇၀-၂၁၉၄၄ သို့ ဆက်သွယ်စုံစမ်းမေး မြန်းဝယ်ယူနိုင်ပါသည်။



**မွန်ပြည်နယ်၊ လမ်းဦးစီးဌာန မော်လမြိုင်မြို့**

**၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

မွန်ပြည်နယ်၊ လမ်းဦးစီးဌာနလက်အောက်ရှိ မော်လမြိုင်ခရိုင်၊ သထုံခရိုင် လမ်းဦးစီးဌာနများတွင် (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော ကတ္တရာ၊ လမ်းခင်းကျောက်မျိုးစုံ၊ ဘိလပ်မြေ၊ သံချောင်း၊ မြစ်သဲ၊ ကျောက်စရစ်၊ တောသစ်နှင့် စက်ယာဉ်ယန္တရားစသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အောက်ပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရယူနိုင်သည့် နေ့ရက်** | - ၂၅-၁၁-၂၀၁၆ရက်(သောကြာနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာရယူနိုင်သည့် နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့ |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/ အချိန်** | - ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ |
| (ဃ) | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ |
| (င) | **တင်ဒါဖွင့်မည့်နေရာ** | - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၅၇-၂၄၇၅၉(မော်လမြိုင်ခရိုင်)
ဖုန်း-၀၅၇-၄၀၀၄၆(သထုံခရိုင်)



**အများသိစေရန်ကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရပ်ကွက်(၉)နယ်မြေ၊ စိန်ကုန်းရပ်ကွက်၊ ဗောဓိပင်လမ်း၊ အမှတ် ၁၁၀၆ခေါ်သော ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး တစ်ထပ်အိမ်နှင့် ၄င်းအိမ်တည်ရှိရာ ပေ(၄၀×၆၀) မြေကွက်မှာ ကျွန်တော်ဦးခင်ဇော်ဝင်း ၁၄/ပသန(နိုင်)၀၃၃၆၁၈ ကိုင်ဆောင်သူ အမှတ် ၁၁၀၆၊ ဗောဓိပင်လမ်း၊ ရပ်ကွက်(၉)နယ်မြေနေသူမှ လွှန်ခဲ့သော ၉-၁၀-၂၀၀၆ရက် ကတည်းက တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရရှိထားသောမြေကွက်နှင့်အိမ်ဖြစ်ကြောင်းနှင့် ပိုင်ရှင် ဦးခင်ဇော်ဝင်းတိုက်ရိုက်မသိရှိဘဲ ဤအိမ်၊ မြေကွက်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်ဇော်ဝင်း ၁၄/ပသန(နိုင်)၀၃၃၆၁၈**
**ရပ်ကွက်(၉)နယ်မြေ၊ သင်္ဘောကျင်း၊ ပုသိမ်မြို့၊ ဖုန်း-၀၉-၂၅၄၈၆၆၅၂၁**



**ဥတ္တရာသီ တောကိုမှီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၆၆/၆၇ မြေကွက်ပေါ်ရှိ ငါးထပ်တိုက်အဆောက်အအုံ၏ ငါးလွှာ (ခေါင်းရင်းခန်း) တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သည်ဟုဆိုသော ဦးဇော်လင်းစိုး ၁၄/ မမန(နိုင်)၀၀၀၃၀၈နှင့် ဒေါ်သီတာသန်း ၁၂/ တမန(နိုင်)၀၄၅၅၇၁ တို့က ရောင်းချလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ အဆိုပါတိုက်ခန်းအား အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသက်နိုင်ဖြိုး(LL.B,D.I.L)** (စဥ်-၂၉၁၂၁)
**ဦးဝင်းမျိုးသန့်(LL.B)** (စဥ်-၃၉၉၈၆)

**အထက်တန်းရှေ့နေများ**
အမှတ်၃၅၆၊ ရွက်လှလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၁၉၆၄၄၇



**ပိုင်စေ ဘာသာစုံ**

၄ တန်း၊ ၈ တန်း၊ ၁၀ တန်း
ဘာသာရပ်တစ်ခုချင်းအလိုက် ကျွမ်းကျင် ပညာရှင် အငြိမ်းစား/ဝါရင့် တက္ကသိုလ် ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင် နေအိမ်သို့ လာရောက်သင်ကြားပေးပါသည်။ (Study Guide) များလိုအပ်လျှင်လည်း ဆက်သွယ်နိုင်ပါသည်။
(၂၄)၊မဟာဗေလျှလမ်း၊ ရေကျော်၊ ပုဇွန်တောင်။
ဆရာဦးလှမြင့်ဦး (သချာ်) 09-73177816, 09-795888783



**တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

မလှိုင်မြို့နယ်၊ ရုံးပင်စောက်ကျေးရွာနေ (ဦးတင်အောင်)၏သမီး ဒေါ်မုန်း(ခ) ဒေါ်မုံး ၉/မလန(နိုင်) ၀၂၉၉၇၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၄င်း၏ မွေးသက္ကရာဇ် အမှန်မှာ (၇-၈-၁၃၁၁) ဖြစ်ပါကြောင်း။



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/3702 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



**မြေရောင်းမည်/ငှါးမည်။**
(အကျိုးဆောင်မလို)
**6011 Sqft**
အင်းယားမြိုင်လမ်း၊ရွှေတောင်ကြား
၀၉-၂၅၄၂၁၈၀၇၇၊၀၉၄၂၁၁၄၉၉၀၂
၀၉-၈၅၁၀၅၈၉

# ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု နည်းပညာသင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၂၄**
ခေါင်းဆောင်မှုတိုးတက်ရေးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာကို အထောက်အကူပြုနည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုရန်အတွက် အသက် ၁၆ နှစ်မှ ၂၀ ကြားရှိ အမျိုးသမီးငယ် ၁၀၀ ကို ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော Tech Age Girls သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ ချက်ထရီယမ် ဟိုတယ်၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

စာကြည့်တိုက်အခြေပြု စီမံချက်တစ်ခုဖြစ်သည့် Tech Age Girls Myanmar သင်တန်းသည် တစ်နှစ်ကြာ အစီအစဉ်ဖြစ်ပြီး Myanmar Book Aid and Preservation Foundation(MBAPF)က ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် စာကြည့်တိုက်မှူးများက တစ်ပတ်လျှင် လေးနာရီ သင်ကြားပေးကာ ပထမအဆင့်တွင် အယောက် ၁၀၀၊ ဒုတိယအဆင့်တွင် အယောက် ၆၀၊ နောက်ဆုံးအဆင့်တွင် အယောက် ၂၀ ကို အဆင့်ဆင့်ရွေးချယ်၍ ရန်ကုန်မြို့တွင် နေထိုင်စေပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ဦးဆောင်ပါဝင်သူ အမျိုးသမီးများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သင်တန်းအစီအစဉ်နှင့်ပတ်သက်၍ MBAPF ၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာ သန့်သော်ကောင်းက "စာကြည့်တိုက်ကို အခြေပြုလုပ်ဆောင်တဲ့ စီမံချက်ဖြစ်ပြီး တက်ရောက်သူတွေကို ကျွမ်းကျင်မှုအဆင့်မီတဲ့ စာကြည့်တိုက်မှူးတွေက သင်ကြားပေးကြတယ်။ တက်ရောက်ပြီး မိမိတို့ဒေသအသီးသီးကို ပြန်သွားတဲ့အခါ သူတို့လိုတဲ့ ပရောဂျက်တွေကို ဆက်လက်ပံ့ပိုးပေးဖို့ရှိပါတယ်။ ဒီပရောဂျက်က နောင်နှစ်တွေမှာလည်း ဆက်ရှိပါမယ်။ အဓိက ရည်ရွယ်ချက်ကတော့ စာကြည့်တိုက်တွေက လူထုရဲ့ အားကိုးရတဲ့ အချက်အချာနေရာ ဖြစ်သွားဖို့ပါ" ဟု ပြောသည်။

MBAPF ၏ စီမံကိန်းမန်နေဂျာ ဒေါ်အဝင်းကလည်း လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အမျိုးသမီးများလည်း ခေါင်းဆောင်မှုစွမ်းရည်များပြည့်ဝရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်ရှိသည့် အမျိုးသမီးများသည် မိမိတို့၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် နိုင်ငံအတွက် ဦးဆောင်မှုပေးနိုင်သည့်သူများဖြစ်ရန် အရေးကြီးကြောင်း ပြောကြားသည်။

" Digital Device တွေကို အသုံးပြုနူန်းကို ကြည့်တဲ့အခါ အမျိုးသမီးဦးရေက နည်းတာတွေ့ရတယ်။ ကုလသမဂ္ဂက ထုတ်ထားတဲ့ အစီရင်ခံစာတစ်ရပ်မှာ ဖော်ပြထားချက်အရ ၂၀၂၀ ခုနှစ်မှာ ကမ္ဘာ့လူဦးရေ ၇၀ ကနေ ၉၀ ရာခိုင်နူန်းအတွက် နည်းပညာရပ်တွေ တတ်ကျွမ်းတဲ့အလုပ်တွေ များစွာပေါ်ပေါက်လာမှာ ဖြစ်တယ်လို့ ခန့်မှန်းထားပါတယ်။ မြန်မာအမျိုးသမီးတွေအနေနဲ့လည်း ဒါကို အဆင်သင့်ဖြစ်ဖို့လိုပါတယ်။ ဒါကြောင့် စာကြည့်တိုက်တွေကို မြှင့်တင်ဖို့လိုအပ်တယ်။ အများပြည်သူက ယုံကြည်အားထားပြီး အသိပညာ၊ အတတ်ပညာ ရယူလိုတဲ့နေရာအဖြစ် ပြောင်းလဲဖို့လိုပါတယ်"ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိမြန်မာနိုင်ငံတွင် စာကြည့်တိုက်ပေါင်း ၆၄၀၀ ကျော် ရှိသော်လည်း ပြည်သူများအကြား စာဖတ်နူန်းမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။ ပြည်သူများ၏ စာဖတ်နူန်းတိုးလာရေးအတွက် ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍမှာ အရေးပါလျက်ရှိရာ စာကြည့်တိုက်များကို နည်းပညာအသုံးပြုသည့် ရပ်ရွာအကျိုးပြု လုပ်ငန်းနေရာများ ဖြစ်လာစေရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြန်/ဆက်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြတ်စန္ဒီ**



# ဗန်းမော်မြို့၌ စစ်ကျန်ဗုံးသီးတစ်လုံးတွေ့ရှိ

**ဗန်းမော် နိုဝင်ဘာ ၂၄**
ဗန်းမော်မြို့ သိမ်မဟာစေတီတော်ဝင်းအတွင်း မိုးကုတ်ဝိပဿနာရိပ်သာ၌ ဆွမ်းစားဆောင်တိုးချဲ့ဆောက်လုပ်ရန် မြေကျင်းတူးစဉ် စစ်ကျန်ဗုံးသီးတစ်လုံးကို နိုဝင်ဘာ ၂၂ ရက်က တွေ့ရှိခဲ့ကြောင်း သိရသည်။

ဆွမ်းစားဆောင်ဆောက်လုပ်ရန် မြေကျင်းတူးစဉ် အနက်လေးပေအရောက်၌ အလျား ၂၁ လက်မ၊ လုံးပတ် ၁၀ လက်မရှိသော ဒလက်ပါသည့် အဆိုပါ ဗုံးသီးဟောင်းကို တွေ့ရှိရခြင်းဖြစ်ပြီး ဗုံးမှာ အသက်မရှိ(မပေါက်ကွဲနိုင်)တော့ကြောင်း သိရသည်။ အဆိုပါဗုံးသီးကို နယ်မြေခံ စစ်အင်ဂျင်နီယာတပ်ရင်းမှ လာရောက်စစ်ဆေးပြီး စစ်လက်နက်ပစ္စည်းတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးအန္တရာယ်များနှင့် ယာဉ်စည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော

**အထက်မင်းလှ နိုဝင်ဘာ ၂၄**
မူးယစ်ဆေးဝါးအန္တရာယ်များနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး အသိပညာပေး ဟောပြောပွဲကို မင်းလှမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မြောက်မျှားကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မင်းလှမြို့နယ် လင်းကယ်ရဲကင်းမှ ရဲအုပ်အောင်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များက မြောက်မျှားကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများအား မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါး ရောင်းချခြင်းနှင့် လက်ဝယ်ထားရှိ သုံးစွဲခြင်းတို့အတွက် ပြစ်မှုပြစ်ဒဏ်များ၊ ကာမစိတ်ကြွဆေးနှင့် စိတ်ကြွရူးသွပ်ဆေးဝါးများ၏ ဆိုးကျိုးများ၊ ကော်ရှူခြင်း၏ ဆိုးကျိုးများကိုဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဆိုင်ကယ်စီးနင်းရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပို၍ မစီးရန်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ တစ်ပါတည်း ယူဆောင်လာကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများကို မော်တော်ယာဉ်ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

**ကိုသက်(အထက်မင်းလှ)**



# စိုက်ပျိုးရေးသိပ္ပံကျောင်း သင်ထောက်ကူပြုပစ္စည်းများနှင့် ပရိဘောဂများအတွက် အလှူငွေပေးအပ်

**ဒီးမော့ဆို နိုဝင်ဘာ ၂၄**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်စိုက်ပျိုးရေးသိပ္ပံကျောင်း(ဒီးမော့ဆို)သို့ သင်ကြားရေး အထောက်အကူပြုပစ္စည်းများနှင့် ပရိဘောဂများအတွက် ပြည်နယ်အစိုးရမှ အလှူငွေပေးအပ်ပွဲကို အဆိုပါ စိုက်ပျိုးရေးသိပ္ပံကျောင်း ခန်းမဆောင်၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ရေရှည်မျှော်မှန်းပြီး ကျောင်းသား ကျောင်းသူများ ကျွမ်းကျင်တတ်မြောက်အောင် စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားပါက သင်တန်းပြီးဆုံးလျှင် အထိုက်အလျောက်ကျွမ်းကျင်မှုရှိသော အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် သင်ထောက်ကူပစ္စည်း စုံလင်စွာဖြင့် ပညာသင်ကြားရမည်ဖြစ်သည့်အတွက် စိတ်ချမ်းသာမည်ဟုမျှော်လင့်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် ပြည်နယ်အစိုးရမှ လှူဒါန်းသော ခုတင် ၁၀၀၊ စားပွဲနှင့် ကုလားထိုင် ၁၁၁ စုံအတွက် အလှူငွေ ကျပ် ၁၀၅ ဒသမ ၅ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအုပ်ကြီးထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စာသင်ဆောင်နှင့် ပရိဘောဂပစ္စည်းများထားရှိသည့် အဆောင်၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသူကျောင်းသားများအသုံးပြုနေသည့်ရေသန့်စက် ပြန်လည်ပြင်ဆင်ရန်အတွက် အလှူငွေ ကျပ်သုံးသိန်းကိုလည်း ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**




# ဗန်းမော်မြို့ စာသင်ကျောင်းများ၌ သိပ္ပံရုပ်ရှင်ပွဲတော်လှည့်လည်ပြသ

**ဗန်းမော် နိုဝင်ဘာ ၂၄**
အခြေခံပညာ ကျောင်းသား ကျောင်းသူများ သိပ္ပံဘာသာရပ် သင်ကြားရာတွင် အထောက်အကူဖြစ်စေရန်အတွက် သိပ္ပံရုပ်ရှင်ကားများကို မြန်မာနိုင်ငံ ဂျာမန်ယဉ်ကျေးမှုဌာနက ဗန်းမော်မြို့ရှိ စာသင်ကျောင်းများ၌ နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၁၂ မြို့နယ်တွင် သိပ္ပံရုပ်ရှင်ကားများ သွားရောက်ပြသခွင့် ရထားပြီးဖြစ်သော မြန်မာနိုင်ငံ ဂျာမန်ယဉ်ကျေးမှုဌာနမှ တာဝန်ခံ ဦးပြည့်စုံဦး ဦးဆောင်သော အဖွဲ့က အသက် ငါးနှစ်မှ ၁၆ နှစ်အထိ အခြေခံပညာ ကျောင်းသားကျောင်းသူများအတွက် သိပ္ပံဘာသာရပ် သင်ကြားရာတွင် အထောက်အကူဖြစ်စေရန် သိပ္ပံရုပ်ရှင်ကားများကို လှည့်လည်ပြသခြင်းဖြစ်ကြောင်း သိရသည်။



ဗန်းမော်မြို့၌ ရုပ်ရှင်ကားများ ပြသရာတွင် မြန်မာနိုင်ငံ ဂျာမန်ယဉ်ကျေးမှုဌာနနှင့်အတူ ဗန်းမော်မြို့ရှိ ဆလန်ကမ္ဘာပညာရေး၊ စေတနာ ကိုယ်ပိုင်အလယ်တန်းကျောင်း၊ ပညာတံခွန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့နှင့် ပူးပေါင်း၍ ပြသခြင်းဖြစ်ကာ အရှေ့ညောင်ပင်ရပ် လမ်းသွယ်(၆)ရှိ စေတနာ ကိုယ်ပိုင်အလယ်တန်းကျောင်း၌ နိုဝင်ဘာ ၂၂ ရက်က စတင်ပြသခဲ့ပြီး ဗန်းမော်မြို့ရှိ အစိုးရစာသင်ကျောင်းများနှင့် ကိုယ်ပိုင်စာသင်ကျောင်း ၂၀ တွင် နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေး ဆွေးနွေး

**တောင်သာ နိုဝင်ဘာ ၂၄**
တောင်သာမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာများ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက်က တောင်သာမြို့မရဲစခန်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တောင်သာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်လင်းထွန်းတို့က မြို့နယ်အတွင်း မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုများ မရှိစေရေး၊ မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးနှင့် ပြည်သူများ လုံခြုံမှု ရှိစေရေးအတွက် အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြီး ဆွေးနွေးပွဲတက်ရောက်သော ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း မူခင်းကျဆင်းရေး ဆောင်ရွက်ရာတွင် အားနည်းချက် အားသာချက်များကို တင်ပြခဲ့ကြကာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပင်လောင်း နိုဝင်ဘာ ၂၄**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ မြို့နယ်ပညာရေးမှူးဖလား အသက် ၁၅ နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၂၁ ရက်က ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ရာ အမျိုးသမီးပွဲစဉ်တွင် အထက တင်းထက်အသင်းက အထက(၁) အသင်းကို ပင်နယ်တီဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် အထက(၁)ဘောလုံးအသင်းက အထက ပင်ခွန်ဘောလုံးအသင်းကို ပင်နယ်တီဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုရရှိသော ဘောလုံးအသင်းများနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ချီးမြှင့်ခဲ့သည်။

**ခွန်အာကာစိုး(ပင်လောင်း)**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၄)

# လက်ဆင့်ကမ်းအမွေ



ဦးဟန်ညွန့်(ဥပဒေ)

**ဖာနီဗယ်နှင့် မြန်မာပြည်**

စီစဉ်သူမောင်ဇေယျ၏ **"ဖာနီဗယ်နှင့် မြန်မာပြည်"**စာအုပ်တစ်အုပ်ဖတ်ရသည်။ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးသန့်(ပန်းတနော်)၊ ဦးအုန်းဖေ၊ ဦးသက်ထွန်း၊ ဒေါက်တာသန်းထွန်း၊ ဦးဝင်းကြည်၊ ဂျီအိပ်ချ်လုစ်၊ ဂျေအက်စ်ဖာနီဗယ်၊ ဝင်းဖေ၊ မောင်သာမညစသည့် ဆရာကြီးများ၏ ဆောင်းပါးစာတမ်း ၁၁ ပုဒ်ပါရှိသည်။ မြန်မာပြန်သူ **မောင်သာမည** ဖြစ်ပါသည်။

**အင်္ဂလိပ်ဘာသာ**

The Late J-S.Furnivall, to the younger Generation, children grow Up, ludu tekkatho, The cultural Institute, The future of Burmese Literature, The free Public library, Pyapon, Old Prome and new Prome, christinianity and Buddhism in Burma,Planning for national education စသည့် အင်္ဂလိပ်ဘာသာဖြင့် စာတမ်းကိုးခုပါဝင်သည်။

**မုဒိတာစကား**

"ဖာနီဗယ်နှင့် မြန်မာပြည်"စာအုပ်သည် ခေတ်သစ်မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ထိုက်သည့် ပုဂ္ဂိုလ်ကျော်တစ်ဦး၏ ရုပ်ပုံလွှာနှင့်ဆောင်ရွက်ချက်များကို မော်ကွန်းတင်ထားသည့်စာစုဟု ဆိုချင်ပါသည်။

ဗြိတိသျှအထက်တန်း အရာရှိကြီးများကြားထဲတွင် သာမန်မြန်မာချစ် အင်္ဂလိပ်လူမျိုးအနည်းအကျဉ်းပါရှိခဲ့ရာ ဒေါက်တာဖာနီဗယ်သည် မြန်မာအမျိုးသားတို့ကို အမှန်တကယ်ချစ်ခင်၍ အမှန်တကယ်အကျိုးဆောင်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးပေတည်း။

ဖာနီဗယ်ကွယ်လွန်ခဲ့သည်မှာ ၅၅ နှစ်ရှိပါပြီ။ သို့သော် မြန်မာနိုင်ငံနှင့်ပတ်သက်သော ဖာနီဗယ်၏မျှော်လင့်ချက်နှင့် ဆောင်ရွက်ချက်တို့မှာ ယနေ့တိုင် သတိရဖွယ်ဖြစ်နေဆဲ။ အထူးအားဖြင့် အာဏာရှင်စနစ်၊ တစ်ပါတီစနစ်အောက်တွင် နှစ်ပေါင်း ၅၀ ကျော်ဖြတ်သန်းခဲ့ရသည့်အတွက် လူငယ်မျိုးဆက်သစ်အနေဖြင့်မူ ဖာနီဗယ်နှင့်အလှမ်းဝေးခဲ့ရသည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ဖာနီဗယ်နှင့်မြန်မာလူငယ်များကို ပြန်လည်မိတ်ဆက်ပေးသည့် အနေဖြင့် Myanmar Knowledge Society က စီစဉ်လိုက်ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင် "ခေတ်သစ်မြန်မာ့သမိုင်းတွင် မမေ့သင့်မမေ့ထိုက်သည့် ပုဂ္ဂိုလ်ကျော်တစ်ဦး၏စိတ်နှလုံးမြင့်မြတ်မှု၊ ဉာဏ်ပညာကြီးမားမှု၊ ဇွဲလုံ့လပြင်းထန်မှု၊ အမှန်တရားမြတ်နိုးမှုတို့ကို လူငယ်မျိုးဆက်သစ်အား လက်ဆင့်ကမ်းလိုသောဆန္ဒဖြင့် MKS က အမှတ်တရ ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်"စသည်ဖြင့် မုဒိတာစကားပြောကြား၊ ရေးသားသည်။ လေးစားပွားများအပ်ပေသည်။

လူငယ်မျိုးဆက်သစ်များ လေ့လာဖတ်ရှု၊ နည်းနာယူအပ်သော စာအုပ်ကောင်းတစ်အုပ်အဖြစ် ကြိုဆိုဖတ်ရှုရာမှ၊ သုတေသီများ၏ ဆောင်ရွက်ချက်၊ ဉာဏ်ပညာထူးချွန်ချက်၊ အမှန်တရားမြတ်နိုးမှု၊ တရားသစ္စာတည်ပါပေသော အခြားအခြားသော မြန်မာသုတေသီများအကြောင်းကိုပါ ဆက်စပ်တွေးမြင်မိပါသည်။ ထိုစာအုပ်၏ ကျေးဇူးပါ။

**ဥပဒေပါမောက္ခ ဒေါက်တာဘဟန်**
**(၁၈၉၀-၁၉၆၉)**

ဥပဒေပါရဂူတစ်ဦးဖြစ်သည်။ အင်္ဂလိပ်-မြန်မာအဘိဓာန်ကျမ်းပြု ပညာရှင်တစ်ဦးလည်းဖြစ်သည်။ မြန်မာတိုင်းရင်းသားများထဲမှ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီတက္ကသိုလ်များ၌ ပညာဆည်းပူး၊ စာပေပါရဂူဒီလစ်နှင့် ပီအိပ်ချ်ဒီပါရဂူဘွဲ့ နှစ်မျိုးစလုံးရခဲ့သူများတွင် ပထမဦးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှလည်း ဂုဏ်ထူးဆောင်ဥပဒေပါရဂူ (အယ်လ်အယ်လ်ဒီဘွဲ့) ချီးမြှင့်ခံခဲ့ရသည်။ ၁၉၃၅ မှ ၁၉၅၇ ထိ ရန်ကုန်တက္ကသိုလ် ဥပဒေပါမောက္ခ၊ မဟာဌာနမှူး၊ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ်ထမ်းဆောင်ကာ ထူးချွန်ထက်မြက်သော ဥပဒေပညာရှင်များကို မွေးထုတ်ပေးခဲ့သည်။ အထူးသဖြင့် ဝေါဟာရပေါင်း ငါးသောင်းခွဲကျော်ပါဝင်သည့် အင်္ဂလိပ်-မြန်မာအဘိဓာန်ကြီးကို အသက် ၆၀ ကျော်မှ တစ်ဦးတည်းအောင်မြင်စွာပြုစုခဲ့သည်။ အမေရိကန်ကောလိပ်၊ တက္ကသိုလ်များတွင် မြန်မာ့ဥပဒေ၊ မြန်မာ့ဓလေ့ ယဉ်ကျေးမှုများကို ဟောပြောပို့ချပေးခဲ့သူ ပညာရှင်ကြီးလည်းဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် မဟာသရေစည်သူဘွဲ့ချီးမြှင့်ခံရသည်။ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း ဝေဖန်ချက်စာတမ်း ၁၈ စောင်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည်။

A Legal History of India and Burma (1951);The Supereme Quest (1963); Shin Uttamagyaw's Tawla ; Letwethondara's Radus (1962); The University English-Burmese Dictionary (1951-66); A Rapid French course; A Rapid German course များရေးသားပြုစုခဲ့သည်။ [မောင်ဇေယျာ ပြုစုသော မြန်မာလူကျော် ၁၀၀၊ ပထမအုပ်မှ ကောက်နုတ်ချက်]

> **အထူးသဖြင့် ဝေါဟာရပေါင်းငါးသောင်းခွဲကျော်ပါဝင်သည့် အင်္ဂလိပ်-မြန်မာအဘိဓာန်ကြီးကို အသက် ၆၀ ကျော်မှ တစ်ဦးတည်းအောင်မြင်စွာ ပြုစုခဲ့သည်။ အမေရိကန်ကောလိပ်၊ တက္ကသိုလ်များတွင် မြန်မာ့ဥပဒေ၊ မြန်မာ့ဓလေ့ ယဉ်ကျေးမှုများကို ဟောပြောပို့ချပေးခဲ့သူ ပညာရှင်ကြီးလည်းဖြစ်**

**ပါမောက္ခချုပ် ဒေါက်တာထင်အောင်**
**(၁၉၀၉-၁၉၇၈)**

- လွတ်လပ်ရေးခေတ်ဦးကာလ
- ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်နှင့် နိုင်ငံတကာပညာရှင်ထူးချွန်ထက်မြက်သူ
- ဒုတိယကမ္ဘာစစ်မတိုင်မီကပင် အင်္ဂလိပ်စာပေပါရဂူဘွဲ့နှင့် ဥပဒေ၊ ပထဝီ၊ ဘောဂဗေဒ၊ မနုဿဗေဒပညာရပ်အသီးသီးတွင် နိုင်ငံခြားဘွဲ့လွန်ဒီဂရီများရရှိခဲ့သူ
- အင်္ဂလိပ်စကားပြေအရေးအသားထူးချွန်၍ မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ စာအုပ်စာတမ်းများ ရေးသားခဲ့သောကမ္ဘာ့သိပညာရှင်တစ်ဦး
- အထူးသဖြင့် မြန်မာ့ရိုးရာပုံပြင်ပါရဂူ၊ မြန်မာရာဇဝင်များဘက်မှ ခုခံကာကွယ်သူ၊ အမျိုးသားရေးသမိုင်းပညာရှင်အဖြစ် ကျော်ကြားသူ
- ၁၉၂၄၊ မတ်လ။ ရန်ကုန်အစိုးရ အထက်တန်းကျောင်းမှ မက်ထရစ်ကူလေးရှင်းစာမေးပွဲကို မြန်မာ၊ အင်္ဂလိပ်စာဂုဏ်ထူးတို့ဖြင့် အောင်မြင်၊ ရနောင်းဘုရင်ခံဆုနှင့် တက္ကသိုလ်ပညာသင်ဆုရခဲ့သူ
- ၁၉၂၈။ ရန်ကုန်တက္ကသိုလ်မှ ဘီအေ(ဂုဏ်ထူး)ဘွဲ့ရ၊ ရွှေတံဆိပ် ချီးမြှင့်ခံရ။
- ၁၉၂၉။ အင်္ဂလန်သို့ပညာသင်သွားရောက်။
- ၁၉၂၉-၃၀။ လန်ဒန်စကူးအော့ဖ်အီကောနောမစ်မှ အယ်လ်အယ်လ်ဘီ၊ အယ်လ်အယ်လ်အမ်။
- ၁၉၃၀-၃၁။ ကိန်းဘရစ်တက္ကသိုလ်မှ ဘီအေ (လောထရစ်ပို)၊ အယ်လ်အယ်လ်ဘီ၊ လန်ဒန်လင်ကွန်းအင်းမှ ဘာရစ္စတာအက် လောဝတ်လုံဘွဲ့။
- ၁၉၃၁-၃၃။ အိုင်ယာလန်ဒဗ္ဗလင်ထရီနတီကောလိပ်မှ အမ်လစ်၊ ပီအိပ်ချ်ဒီ၊ နယ်သာလန်လေဒင်တက္ကသိုလ်နှင့် ပြင်သစ်ဆောဘွန်းတက္ကသိုလ်တို့မှ အမ်လစ်။
- ၁၉၅၀ ပြည့်နှစ်၊ အောက်စဖို့ဒ်တက္ကသိုလ်မှ ဘီစီအယ်လ်ဘွဲ့များရခဲ့သည်။
- ၁၉၄၆-၅၈။ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်။
- ၁၉၅၈-၅၉။ တက္ကသိုလ်ဒုတိယအဓိပတိ။ သမိုင်းကော်မရှင် (ဥက္ကဋ္ဌ)။
- ၁၉၅၉-၆၃။ သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တာဝန်ထမ်းဆောင်။(ဝန်ထမ်းဘဝအငြိမ်းစားယူ)

**ဒေါက်တာထင်အောင် ရေးခဲ့သောစာအုပ်များ**

- Burmese Drama (မြန်မာ့ပြဇာတ်) (၁၉၃၇)
- Burmese Folk-Tales (မြန်မာ့ရိုးရာပုံပြင်များ) (၁၉၄၈)
- Burmese Law Tales (မြန်မာဓမ္မသတ် ဖြတ်ထုံးပုံပြင်များ) (၁၉၆၁)
- Folk Elements in Burmese Buddhism (မြန်မာဗုဒ္ဓဘာသာနှင့် ရိုးရာဓလေ့ယုံကြည်မှု) (၁၉၆၂)
- The Stricken Peacock : Anglo -Burmese Relation 1752-1948 (ဒဏ်သင့်သည့်ဥဒေါင်း၊ ၁၇၅၂-၁၉၄၈၊ အင်္ဂလိပ်မြန်မာဆက်ဆံရေး) (၁၉၆၅)
- Burmese Monk's Tales(သင်္ဃာဆရာတော်ပုံပြင်များ) (၁၉၆၆)
- A History of Burma (မြန်မာနိုင်ငံသမိုင်း) (၁၉၆၇)
- Epistles Written on the Eve of the Anglo-Burmese War (ကျည်းကန်ရှင်ကြီး၏ မေတ္တာစာများ) (၁၉၆၈)
- A Kingdom lost For a Drop of Honey and other Burmese Folk-Tales (ပျားရည်တစ်စက်ကြောင့်ပြည်ပျက်ခြင်း) (၁၉၆၈)
- Burmese History Before 1287; defence of the chronicles (အေဒီ ၁၂၈၇ မတိုင်မီမြန်မာ့သမိုင်း) (၁၉၇၀)
- Lord Randolph churchill and the Dancing Peacock: British conquest of Burma. 1885 (လော့ဒ်ရန်းဒေါ့ချာချီနှင့် ကနေသောဥဒေါင်း၊ ၁၈၈၅ ခုနှစ် ဗြိတိသျှတို့ မြန်မာပြည်ကို အောင်နိုင်မှု) (၁၉၉၀)တို့ ဖြစ်ပါသည်။

[မြန်မာလူကျော် ၁၀၀၊ ပထမအုပ်၊ မောင်ဇေယျာမှကောက်နုတ်ချက်]

**သုတေသီများစွာ**

မြန်မာ့ပညာရှင်၊ သုတေသီများစွာ၊ များစွာရှိပါသေးသည်။ ယနေ့လူငယ်တို့အားကျဖွယ်၊ ဂုဏ်ယူဖွယ်၊ လေးစားအတုယူဖွယ်များ ဖြစ်ပါပေသည်။ တိုးတက်ခေတ်မီသော ဥပဒေနယ်ပယ်ကြီးကလည်း ကျယ်ဝန်းလှပါဘိ။

**တင်ပြချက်**

လက်ဆင့်ကမ်းအမွေများ ရယူပွားများပါစေကြောင်း တွေးမိသည့် ကျွန်တော့် ဥပဒေအတွေးမျှသာပါ....။

## (၁၃၁)နှစ် ပါတော်မူနေ့နှင့် သီပေါမင်းတရားကြီးနတ်ရွာစံသက် ရာပြည့်အကြိုကုသိုလ်ပြုအလှူတော်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

(၁၃၁)နှစ် ပါတော်မူနေ့နှင့် သီပေါမင်းတရားကြီး နတ်ရွာစံသက် ရာပြည့်အကြိုကုသိုလ်ပြုအလှူတော်ကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်၌ ကျင်းပရာ အနွယ်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အရှင်နှစ်ပါး၏ တီတော်၊ တော်ဘုရားကလေး မြေးတော်အကြီးဆုံး ဦးကျော်သီဟက ရေစက်ချစာတမ်းအားဖတ်၍ ဆရာတော်ကြီးများထံမှ ရေစက်ချ တရားနာယူကြည်ညိုကာ ရေစက်ချ အမျှအတမ်းပေးဝေကြကာ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ညပိုင်းတွင် ဝါခင်းကုန်းမာရ်အောင် ရတနာစေတီတော်မြတ်ကြီးအား ဆီမီးပူဇော်ကြသည်။

"ပါတော်မူနေ့အခမ်းအနားကို ကျင်းပရခြင်း အကြောင်းရင်းက ကျွန်တော်တို့ ဆွေတော်၊ မျိုးတော်တွေဟာ ဘုရင်စနစ်ကို ပြန်လည်တမ်းတတာမဟုတ်ဘူး။ ပါတော်မူခဲ့ရတဲ့အကြောင်းရင်းကို အခြေခံပြီးတော့ ကိုယ့်တိုင်းပြည်ရဲ့ လွတ်လပ်ရေးနဲ့ မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်လာဖို့အတွက် ရည်ရွယ်ပြီး ဒီပါတော်မူနေ့အခမ်းအနားကို ကျင်းပတာပါ" ဟု တော်ဘုရားကလေး၏ မြေးတော်အကြီးဆုံး ဦးကျော်သီဟ ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## (၂၇)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အထိမ်းအမှတ်နေ့ကျင်းပ

**မင်းတပ် နိုဝင်ဘာ ၂၄**

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့၌ CRC Day အထိမ်းအမှတ်နေ့ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က အထက(၁) ခန်းမ၌ကျင်းပရာ လက်ထောက်ပညာရေးမှူး ဦးနိန်ဟွန်းက အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကီးခွီအွမ်က ကလေးသူငယ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အထက(၁)ကျောင်းသူတစ်ဦးနှင့် ပရဟိတ(သိပ္ပံ)ဂေဟာမှ ကျောင်းသားတစ်ဦးတို့က "ကလေးများ၏ ရင်ဖွင့်သံ" ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် CRC Day အထိမ်းအမှတ်နေ့တွင် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသားကျောင်းသူများကို ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ဆုများချီးမြှင့်ကြသည်။

အခမ်းအနားတွင် မင်းတပ်မြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေ မိဘပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လမ်းဘေးတယ်လီဖုန်းရုံများနှင့် ယာဉ်ထိန်းရဲကင်းရုံများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ မလိုအပ်ပါက ရှင်းလင်းဖျက်သိမ်းသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် လမ်းဘေးတယ်လီဖုန်းရုံများနှင့် ယာဉ်ထိန်းရဲကင်းရုံများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ မလိုအပ်ပါကရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

နိုဝင်ဘာ ၂၂ ရက်က ကျင်းပသော ဒုတိယအကြိမ်ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်တွင် ပါဝင်သော ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်ဦးသန်းနိုင်ဦး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်ဦးသန်းနိုင်ဦးက “ကျွန်တော့်ရဲ့မဲဆန္ဒနယ်ပန်းဘဲတန်းမြို့နယ်အပါအဝင် မြို့နယ်အတော်များများမှာ အသုံးမပြုတော့တဲ့ လမ်းဘေး တယ်လီဖုန်းရုံဟောင်းတွေ၊ ယာဉ်ထိန်းရဲမရှိတဲ့ အဆောက်အအုံဟောင်းတွေ၊ မီဒီယာကော်နာအဖြစ်အသုံးပြုတဲ့ အဆောက်အအုံဟောင်းတွေဟာ အခုအခါမှာ အသုံးမပြုတော့ဘဲ ယိုယွင်းပျက်စီးနေတဲ့နေရာတွေအဖြစ် အများအမြင်မှာ မတင့်တယ်စွာနဲ့ တွေ့ရှိရပါတယ်။ ထို့အတူရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူထိန်းသိမ်းရတဲ့လေထုတ်ခေါင်းတိုင်တွေ၊ သံကြွပ်တိုင်ဟောင်းတွေကိုလည်း ပလက်ဖောင်းဘေးလမ်းမတွေပေါ်မှာ အတိုအရှည်မညီစွာနဲ့ ဖြတ်တောက်ထားတာတွေ တွေ့ပါတယ်။ ဒါတွေဟာကတ္တရာလမ်းပေါ်မှာ တည်ရှိနေတာဖြစ်တဲ့အတွက် ယာဉ်တွေသွားလာရတာခက်ခဲတယ်။ ပါကင်တွေထိုးရတာလည်း ခက်ခဲပါတယ်။ ဒီလေထုတ်ခေါင်းတိုင်တွေက ဗိုလ်တထောင်လေမှုတ်စက်ဝန်းနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့် လုပ်ငန်းတွေ ဆောင်ရွက်နေခြင်းရှိမရှိဆိုတာသိရှိလိုပါတယ်။ ရှိရင်လည်း ပိုမိုတင့်တယ်အောင်လို့ ဒီဇိုင်းဆင်ပေးစေချင်ပါတယ်။ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဘူးဆိုရင်လည်းအထက်က ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း လမ်းဘေးတယ်လီဖုန်း ရုံဟောင်းတွေ၊ ယာဉ်ထိန်းရဲကင်းတွေ၊ မီဒီယာကော်နာဆိုင်ဟောင်းတွေနဲ့အတူ အဲဒီလေထုတ်ခေါင်းတိုင်တွေကို ရှင်းလင်းဖယ်ရှားပေးဖို့ အစီအစဉ်ရှိမရှိသိရှိလိုပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းခဲ့ခြင်းအပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမြင့်သောင်းက “ရန်ကုန်တိုင်းဒေသကြီးထဲမှာအမြင်မတင့်တယ်တဲ့လမ်းဘေးတယ်လီဖုန်းရုံဟောင်းတွေလည်းရှိနေပါတယ်။ အသုံးမပြုတော့တဲ့ ယာဉ်ထိန်းရဲကင်းတွေရော အသုံးပြုပြီးတော့ ဆေးမသုတ်ရသေးတဲ့ ယာဉ်ထိန်းရဲကင်းတွေပါရှိနေပါတယ်။ နောက်ပြီး Ipay အဆောက်အအုံဟောင်းတွေပါ။ ဒါတွေဟာ အမြင်မတင့်တယ်စွာနဲ့ရှိနေပါတယ်။ ဒါကိုတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ လမ်းဘေးတယ်လီဖုန်းရုံဆိုရင်လည်း ဆက်သွယ်ရေး ဌာနနဲ့ညှိနှိုင်းဆောင်ရွက်၊ ယာဉ်ထိန်းရဲကင်းတွေကိုလည်း သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ညှိနှိုင်းဆောင်ရွက်ကာ မလိုအပ်တော့လို့ရှိရင် ရှင်းလင်းဖျက်သိမ်းသွားမှာ ဖြစ်ပါတယ်။ နောက်ထပ်တင်ပြချင်တာက ရန်ကုန်တိုင်းဒေသကြီးမှာ အမြင်မတင့်တယ်တဲ့ ပလက်ဖောင်းဘေးကားပါကင် နေရာတွေမှာရှိနေတဲ့သံကြွပ်တိုင် အဟောင်းတွေကို ရှင်းလင်းပေးတာနဲ့ ပတ်သက်ပြီးတော့ ရန်ကုန်မြို့တော်ရဲ့ မိလ္လာစနစ်မှာ အဲဒီသံကြွပ်တိုင်အဟောင်းကြီးတွေရဲ့အရေးပါမှုဟာ အင်မတန်ပဲ အရေးကြီးနေပါတယ်။ အဲဒီမိလ္လာပြွန်စနစ်ဟာ ၁၈၈၈ခုနှစ်ကစပြီး တည်ဆောက်ခဲ့တာ ဖြစ်ပေမယ့်ခုထက်ထိ အသုံးဝင်ဆဲဖြစ်ပါတယ်။ မြို့တွင်းခြောက်မြို့နယ်ရဲ့ မိလ္လာစနစ်မှာ စီအိုင်မိလ္လာပိုက်တွေ၊ လေပိုက်လိုင်းတွေ၊ နောက်ပြီး လေမှုတ်စက်ရုံ နှစ်ရုံနဲ့ မိလ္လာစက်အိုး ၃၅ လုံးအသုံးပြုပြီးတော့ မိလ္လာရေဆိုးတွေကို ဗိုလ်တထောင်မြို့နယ် ရေဆိုးသန့်စင် စက်ရုံကနေပြီး ယနေ့ထိစွန့်ပစ်သန့်စင်ဆဲဖြစ်ပါတယ်။ မိလ္လာစက် အိုးကနေပြီးတော့ မိလ္လာရေတွေကို စုဆောင်းလက်ခံပြီး လေဖိအားသုံးကာ စီအိုင် မိလ္လာပိုက်လိုင်းထဲကို တွန်းပို့ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် မိလ္လာစက်အိုးအတွင်း မိလ္လာရေများ ကုန်သွားပါက စက်အိုးအတွင်းမှာရှိတဲ့လေတွေဟာ အနီးမှာရှိတဲ့ အိတ်ဇောပိုက်ဒီသံကြွပ်လေထုတ်ပိုက်ကတစ်ဆင့် လေထုထဲကို စွန့်ထုတ်ရတဲ့စနစ်ဖြစ်ပါတယ်။ စက်အိုးအတွင်းကနေ လေကုန်တဲ့ အခါမှာမိလ္လာရေများ ထပ်မံပြီး စုဆောင်းထားတဲ့စနစ်ဖြစ်ပါတယ်။ လက်ရှိမှာတော့သက်တမ်းဟာ၁၂၈နှစ်ခန့်ရှိ ပြီဖြစ်ပေမယ့် မိလ္လာပြွန်စနစ်အဟောင်းကို နှစ်စဉ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီစနစ်ကြီးတစ်ခုလုံးမှာပါဝင်တဲ့ ဒီသံကြွပ် လေထုတ်ပိုက်ဟာလည်း လောလောဆယ်အားဖြင့်မရှိမဖြစ် အသုံးပြုနေရဆဲဖြစ်ပါတယ်။ လက်ရှိကျန်နေတဲ့ လေထုတ်ပိုက်များဟာ ၁၆ နေရာမှာ ကျန်ပါသေးတယ်။ ဒါကြောင့်မို့အမြင်တင့်တယ်စေဖို့သံကြွပ်တိုင်များကိုပြန်ပြီး ရောင် စုံလှပတဲ့ ဆေးများ သုတ်ပြီးရင်တော့ အားလုံးလက်ခံနိုင်ဖွယ်ရာရှိပါတယ်”ဟု ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနေ့က ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့ကကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခဲ့ရာရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ကြပြီး ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်ကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**
**(ကမာရွတ်)**

## သတင်းတိုများ

### အကြမ်းဖက်မှုရှုတ်ချသည့် လှုပ်ရှားမှုအဖြစ် ခရီးရှည်စက်ဘီးစီးမည့် ရခိုင်လူငယ်နှစ်ဦး အမ်းမြို့သို့ရောက်ရှိ

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ကို ရှုတ်ချသည့် လှုပ်ရှားမှုအဖြစ် ပေါက်တော-နေပြည် တော်-ရန်ကုန် အသွားအပြန် မိုင်ပေါင်း ၁၂၀၀ ကျော်ခရီးကို စက်ဘီးစီးမည့် ရခိုင်လူငယ်နှစ်ဦးဖြစ်သော ခိုင်ဘိုဘို (၂၁ နှစ်) နှင့် ကျော်မြင့်ဒွေး(၂၂ နှစ်) တို့ နှစ်ဦးသည် နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် အမ်းမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။ ၎င်းတို့သည် အမ်းမြို့၌ ညအိပ်ရပ်နားကာ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်းနှင့် ၎င်းတို့နှစ်ဦး စက်ဘီးခရီးရှည်စီးခြင်းသည် ရခိုင်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### နယူးရော-၁ မိုးစပါးစံကွက်ရိတ်သိမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း စပါးအထွက်နှုန်းတိုးတက်ရေးအတွက် နောင်မြိုင်းကျေးရွာအုပ်စု၌ စိုက်ပျိုးခဲ့သော နယူးရော-၁ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငိုဘွယ်နှင့် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသတွင်းကျေးရွာများမှ တောင်သူများအား အထွက်နှုန်းကောင်းသည့် စပါးမျိုးကို ရွေးချယ်၍ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး၊ လိုအပ်သော ပင်ပွားများရရှိရေး၊ တစ်ဧက ကောက်ကွက်ပြည့်မီရေး၊ အနှံအောင်မျိုးစေ့ရရှိရေး တို့အတွက် စံကွက်ရိတ်သိမ်းခြင်းဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းပြောကြားပြီး စံကွက်ကို ရိတ်သိမ်းခဲ့ရာ စပါးအစို ၁၄၀ ဒသမ ၀၅၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

### လယ်ဝေးမြို့နယ်တွင် နှစ်ရှည်သီးနှံ ဘရာဇီးသီးမွှေးငှက်ပျောများစတင်စိုက်ပျိုး

နေပြည်တော် လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာအုပ်စု ငွေ့ကြီးကျေးရွာ၌ နှစ်ရှည်သီးနှံ ဘရာဇီးသီးမွှေးငှက်ပျောပင်များကို စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ အဆိုပါ သီးမွှေးငှက်ပျောပင်ပေါက်များကို ရွှေဘိုမြို့မှ တစ်ပင်လျှင် ကျပ်တစ်ထောင်ခန့်ဖြင့် ဝယ်ယူရပြီး တစ်ဧကလျှင် အပင်ရေတစ်ထောင်ခန့် စိုက်ပျိုးနိုင်ကြောင်း၊ ပျိုးပင်ပေါက်များကို တစ်လလျှင်နှစ်ကြိမ် ရေသွင်းပေးရကြောင်းနှင့် ငှက်ပျောခိုင်ထွက်ရန် အချိန်ခြောက်လခန့် ကြာမြင့်မည်ဖြစ်ပြီး နှစ်ရှည်သီးနှံပင်ဖြစ်သည့်အတွက် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အဆင်ပြေမည်ဟု မျှော်လင့်ကြောင်း စတင်စိုက်ပျိုးနေသည့် တောင်သူဦးဇင်ဘိုက ပြောသည်။

**ကျော်စွာ (ပြန်/ဆက်)**

### မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တာဝန်ဖန်ရ ကျေးရွာအုပ်စု နားဒိုက်ကျေးရွာနှင့် ကော့လံစူးကျေးရွာများမှ စီမံကိန်းလုပ်ငန်းများကို လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးခဲ့သည်။ အဆိုပါ ကျေးရွာနှစ်ရွာတွင် စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူ ၄၂ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အန္တရာယ်ရှိသော ဇုက္ကလိ-သိမ်ချောင်းနီတိုးတံတားနေရာတွင် ယာယီဘေလီတံတား အမြန်ဆောက်လုပ်မည်



**ဘီးလင်း နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ဇုက္ကလိ-သိမ်ချောင်း နီတိုးကုန်ထုတ်တံတားသည် တဖြည်းဖြည်း နိမ့်ကျနေလျက်ရှိပြီး ယာဉ်များဖြတ်သန်းရန် အန္တရာယ်ရှိသောအခြေအနေ ရောက်ရှိနေသဖြင့် ယာယီပိတ်ထားကာ ဘေလီတံတားကို အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် နိုဝင်ဘာ ၂၀ ရက်က ထပ်မံနိမ့်ကျသွားခဲ့ပြီးနောက် အန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ကုန်သွယ်ယာဉ်များ ဖြတ်သန်းသွားလာမှုကိုယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။ တံတားအခြေအနေကို မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးမင်းမင်းဦးနှင့် ပြည်နယ်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုဝင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသတွင်း ဆန်စပါးပေါ်ချိန်တွင် ကုန်စည်စီးဆင်းမှုများကို ထိခိုက်မှုမဖြစ်စေရေးအတွက် ကုန်သွယ်ယာဉ်များ သွားလာနိုင်မည့် ယာယီဘေလီတံတားကို အမြန်ဆုံး ဆောက်လုပ်ပေးရန် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါတံတားသည် ဒေသတွင်း ဆက်သွယ်သွားလာရေးနှင့် ကုန်စည်စီးဆင်းမှုအတွက် အားထားရသော တံတားတစ်စင်းဖြစ်ပြီး ဒေသတွင်းရှိ စိုက်ဧက ၁၁၀၀၀၀ ခန့်မှ ဆန်စပါးအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များကို အဆိုပါတံတားပေါ်မှ ဖြတ်သန်း၍ ကုန်သွယ်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တရုတ်သံရုံးမှ လှူဒါန်းသည့် တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းဆောင်သစ် ဖွင့်လှစ်

**ကလေး နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ၂၀၁၅ ခုနှစ်က ရေကြီးရေလျှံမှုကြောင့် ရွှေ့ပြောင်းခဲ့ရသော နန်းကျင်းဆောင်ကျေးရွာသစ်ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ တရုတ်သံရုံးမှလှူဒါန်းသည့် တရုတ်-မြန်မာ ချစ်ကြည်ရေး တစ်ထပ်ကျောင်းဆောင်သစ်ကို နိုဝင်ဘာ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

ကျောင်းဆောင်သစ်ကို အလှူရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr.Zhu Jisi၊ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် ရွှေတောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမှူးက ကျောင်းဆောင်သစ်လှူဒါန်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့် ၁၈ ပေရှိကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ လှူဒါန်းငွေ ကျပ်သိန်း ၉၀၀ ကျော် အကုန်ကျခံ၍ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအနေဖြင့် ကျောင်းဆောင်သစ်အပြင် အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေးအတွက် အလှူငွေ ကျပ်သိန်း ၇၀ ကိုလည်း ထပ်မံလှူဒါန်းထားကြောင်း သိရသည်။

**ချင်းတွင်းသား**



# လန်ဒန်ဒါဘီမှာ အနိုင်ရဖို့သေချာနေတာက ချယ်လ်ဆီး

**ပရီမီယာလိဂ်ပွဲစဉ် (၁၃) ကို လာမယ့်နိုဝင်ဘာ ၂၆ရက်နဲ့ ၂၇ ရက်တွေမှာ ဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ လန်ဒန်ဒါဘီပွဲစဉ်ဖြစ်တဲ့ ချယ်လ်ဆီးနဲ့စပါးတို့ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒ့ါအပြင် ပြီးခဲ့တဲ့ ပွဲစဉ် (၁၂)မှာ နိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ မန်ယူ၊ အာဆင်နယ်၊ လက်စတာတို့အနေနဲ့လည်း နိုင်ပွဲပြန်လည်ရယူနိုင်မှာလားဆိုတာကိုပါ စိတ်ဝင်တစားစောင့်ကြည့်ရဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာ ချန်ပီယံလိဂ်နဲ့ယူရိုပါလိဂ်ပွဲတွေကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်ကြပါတယ်။**

## ဆွမ်ဆီး VS ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆွမ်ဆီး | ၂ | ၁ | ပဲလေ့စ် |

ဆွမ်ဆီးခြေက အားနည်းမှုတွေများနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက် အနိုင်ရယူနိုင်ခြင်းမရှိခဲ့ဘဲ အမှတ်ပေးဇယား အောက်ဆုံးကို ရောက်ရှိနေရပါတယ်။ ဒါပေမယ့်လည်း ဆွမ်ဆီးအနေနဲ့ ဒီပွဲကအိမ်ကွင်းဖြစ်နေတာကြောင့် အဆိုပါရလဒ်ဆိုးတွေကို ချေဖျက်နိုင်ဖို့အတွက် အားစိုက်လာမှာဖြစ်သလို လက်ရှိအချိန်မှာလည်း ပဲလေ့စ်ရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် ဆွမ်ဆီးတို့ အနိမ့်ဆုံးသရေလောက်ရမှာပါ။

## အာဆင်နယ် VS ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အာဆင်နယ် | ၄ | ၁ | ဘုန်းမောက် |

မန်ယူကိုသရေသာကစားနိုင်ခဲ့တာကြောင့် အာဆင်နယ်တို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်ကြောင့်ပွဲပန်းမှုတွေရှိလာနိုင်သလို ဒီပွဲအပြီးမှာလည်း လိဂ်ဖလားပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ခဲနေပါတယ်။ ဘုန်းမောက်ကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် ခံစစ်အားပြုကစားလာမှာ ဖြစ်ပါတယ်။ အာဆင်နယ်ကပ်ပြီးသာနိုင်မယ်။

## ဘန်လေ VS မန်စီးတီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

မန်စီးတီးက ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့် လက်ရှိအချိန်မှာ လီဗာပူးနဲ့အမှတ်တူအနေအထားကို ရောက်ရှိနေတာကြောင့် အဆိုပါအနေအထားကို ဆက်ထိန်းနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဘန်လေကလည်းခြေစွမ်းပိုင်း ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ဘန်လေရဲ့ခံကစားအားက ပိုမိုကောင်းမွန်တတ်တာကြောင့် မန်စီးတီးတို့မထင်မှတ်ဘဲ အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

## လက်စတာ VS မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

လက်စတာက နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဝက်ဖို့ဒ်ကိုထပ်မံရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာ ဖြစ်ပေမယ့်လည်း ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒ့ါအပြင် မစ်ဒယ်ဘရော့ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပြီး အသင်းလိုက်တုံ့ပြန်ကစားပုံကပါ ကောင်းမွန်မှုအပြည့်ရှိပါတယ်။ ဒါကြောင့်လည်း လက်စတာတို့အခက်တွေ့နိုင်ပြီး အနိုင်ရမယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ ခက်မယ်။

## ချယ်လ်ဆီး VS စပါး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ချယ်လ်ဆီး | - | - | စပါး |

လန်ဒန်ဒါဘီဖြစ်တာကြောင့်နှစ်သင်းစလုံး ခြေကုန်ထုတ်လာမှာ သေချာနေပါတယ်။ ဝက်စ်ဟမ်းကို အနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ စပါးရဲ့ကစားပုံကောင်းမွန်မှုရှိခဲ့ကာ ဒီပွဲမှာလည်း နိုင်ပွဲဆက်နိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် စပါးက ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်ပါတယ်။ ချယ်လ်ဆီးကတော့ အိမ်ကွင်းဖြစ်တဲ့အပြင် ကြားပွဲလည်းမရှိတာကြောင့် ခြေကုန်ထုတ်ကစားလာနိုင်မှာ သေချာနေပါတယ်။ ချယ်လ်ဆီးကသာအိမ်ကွင်းမှာနိုင်ပွဲရမယ်။

## မန်ယူ VS ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | မန်ယူ | - | - | ဝက်စ်ဟမ်း |

ဒီနှစ်သင်းဟာ ဒီပွဲပြီးရင်သုံးရက်သာခြားကာ လိဂ်ဖလားပွဲအဖြစ်ထပ်မံရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒီနှစ်သင်းအနက် မန်ယူကယူရိုပါလိဂ် ကစားခဲ့ရလို့ပွဲပန်းလာနိုင်သလို လိဂ်ဖလားပွဲကိုလည်း ဆုဖလားတစ်လုံးအတွက် အားစိုက်နေမှာသေချာနေပါတယ်။ ဒါကြောင့်လည်း မန်ယူအနေနဲ့ ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနေပါတယ်။ ဝက်စ်ဟမ်းကလည်း အသင်းလိုက်ကစားပုံ ကောင်းမွန်တာကြောင့် မန်ယူတို့ ကစားရခက်နိုင်ကာကပ်ပြီးသာနိုင်မယ်။

## ဟားလ် VS ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဒီပွဲစဉ်အပြီးမှာ လိဂ်ဖလားပွဲကစားရမှာ ဖြစ်ပေမယ့်လည်း ဟားလ်အနေနဲ့ ပရီမီယာလိဂ်မှာဆန်းဒါးလန်းကို ရှုံးနိမ့်ခဲ့ပြီးတဲ့ နောက်တန်းဆင်းရမယ့် အခြေအနေနဲ့ပိုမိုနီးကပ်သွားရတဲ့အတွက် ဒီပွဲမှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်းခြေစွမ်းပိုင်းမဆိုးသလို နောက်ဆုံးအဝေးကွင်းပွဲမှာ လက်စတာကိုအနိုင်ရခဲ့ပါတယ်။ ဟားလ်အမြင့်ဆုံးသရေလောက်ပဲရမယ်။

## လီဗာပူး VS ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လီဗာပူး | ၃ | ၂ | ဆန်းဒါးလန်း |

ဆောက်သမ်တန်ကို အနိုင်မရခဲ့လို့ လီဗာပူးတို့နိုင်ပွဲရအောင်အားစိုက်လာမှာသေချာနေပါတယ်။ လီဗာပူးအနေနဲ့ အိမ်ကွင်းဖြစ်တဲ့အပြင် ဥရောပပွဲလည်း မကစားခဲ့ရတာကြောင့် ခြေကုန်ထုတ်ကစားလာနိုင်မှာသေချာနေပါတယ်။ ဒ့ါအပြင် လီဗာပူးအနေနဲ့ ဒီပွဲအပြီးမှာ လိဂ်ဖလားရှိပေမယ့် အသင်းငယ် လီဒ်စ်နဲ့သာရင်ဆိုင်ရမှာဖြစ်လို့ ဒီပွဲမှာပိုမိုခြေကုန်ထုတ်နိုင်ဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းခြေစွမ်းပိုင်းမဆိုးပေမယ့် လီဗာပူးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

## ဝက်ဖို့ဒ် VS စတုတ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်ဖို့ဒ် | ၀ | ၁ | စတုတ် |


လက်စတာကို အနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ ဝက်ဖို့ဒ်ရဲ့အသင်းလိုက်ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း ဝက်ဖို့ဒ်အနေ နဲ့ အိမ်ကွင်းဖြစ်နေပြန်တာကြောင့် နိုင်ပွဲထပ်မံရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ စတုတ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအနည်းငယ်အားနည်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း စတုတ်ဟာ အသင်းလိုက် မာကျောမှုပျောက်ဆုံးတတ်ပါတယ်။ ဝက်ဖို့ဒ်တို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

## ဆောက်သမ်တန် VS အဲဗာတန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဆောက်သမ်တန် | - | - | အဲဗာတန် |

ဆောက်သမ်တန်က လီဗာပူးကိုသရေကစားနိုင်ခဲ့သလို ခြေစွမ်းလည်းကောင်းမွန်နေပါတယ်။ ဒ့ါအပြင်လက်ရှိအချိန်မှာ လေးပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့်လည်း အိမ်ကွင်းမှာ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ဒါပေမယ့်လည်း ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်သလိုလိဂ်ဖလားပွဲလည်း ကစားရဖို့ရှိနေသေးတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ အဲဗာတန်ကလည်း အသင်းလိုက်ခြေကောင်းမွန်တာကြောင့် ဆောက်သမ်တန်သရေပဲရမယ်။

## လီဗာပူးတွင် ပုံမှန်ကစားခွင့်ရရှိရန် ကြိုးစားသွားမည်ဟု ခံစစ်မှူး ဖလာနာဂန် ဖွင့်ဟ




အင်္ဂလန်ခံစစ် ကစားသမား ဖလာနာဂန်က မိမိအနေဖြင့် ဘန်လေအသင်းသို့ အပြီးသတ်စာချုပ်ချုပ် ပြောင်းရွှေ့မည် မဟုတ်ဘဲ လီဗာပူးအသင်းတွင် တစ်နေရာရရှိရေးကို ကြိုးစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ ခံစစ်မှူး ဖလာနာဂန်သည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းတွင် လီဗာပူးမှ ဘန်လေသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ခံစစ်မှူး ဖလာနာဂန်သည် လီဗာပူးလူငယ်အသင်းမှ မွေးထုတ်ပေးခဲ့သူဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် လီဗာပူးပထမအသင်းကြီးသို့ ခေါ်ယူခြင်းခံခဲ့ရသည်။ သို့သော်လည်း ဖလာနာဂန်သည် လီဗာပူးအသင်းတွင် ပုံမှန်ပါဝင်ခွင့် ရရှိရန် ရုန်းကန်ခဲ့ရကာ လီဗာပူးအသင်းတွင် ပါဝင်ခဲ့သော ပြီးခဲ့သည့် ခြောက်ရာသီအတွင်း စုစုပေါင်း ပွဲ ၅၀ သာ ကစားခွင့် ရရှိခဲ့ပြီးနောက် ဘန်လေသို့ အငှားဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းမန်နေဂျာ ဂျာဂျင်ကလော့၏ အစီအစဉ်များတွင် ဖလာနာဂန် ပါဝင်ခြင်းမရှိကြောင်း သေချာပါ ဖလာနာဂန်၏ လီဗာပူးကစားသမားဘဝ အဆုံးသတ်သွားနိုင်သည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ် နေသော်လည်း ဖလာနာဂန်ကမူ လီဗာပူးအသင်းတွင် ပုံမှန်တစ်နေရာ ရရှိရေးအတွက် ကြိုးစားသွားရန် ရည်မှန်းထားကြောင်း ပြောဆိုခဲ့သည်။

“ကျွန်တော့်အနေနဲ့ ပုံမှန်ကစားခွင့် ရရှိချင်ပါတယ်။ လီဗာပူးအသင်းကို ပြန်လည်ပြောင်းရွှေ့ရေးနဲ့ပတ်သက်ပြီး ကျွန်တော် သံသယမရှိပါဘူး။ ကျွန်တော့်ရဲ့စိတ်ဓာတ်ပိုင်း ခိုင်မာမှုရှိပါတယ်။ အနာဂတ်မှာဘာဖြစ်လာမလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ လီဗာပူးအသင်းဆီပြန်လည်ပြောင်းရွှေ့ပြီး ပုံမှန်ပွဲထွက်ကစားခွင့် ရရှိလိမ့်မယ်လို့ ယုံကြည်ထားတယ်”ဟု ဖလာနာဂန်က ပြောသွားသည်။

ဖလာနာဂန်သည် ယခုနှစ် ဘောလုံးရာသီတွင် ဘန်လေအသင်းအတွက် ပရီမီယာလိဂ်ပြိုင်ပွဲတွင် သုံးပွဲသာ ပါဝင်ကစားခွင့်ရရှိထားသေးပြီး စုစုပေါင်း လေးပွဲသာ ကစားခွင့် ရရှိထားသူဖြစ်သည်။ ဖလာနာဂန်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မတ်လအတွင်းတွင် လီဗာပူးအသင်းနှင့် ၂၀၁၉ ခုနှစ် အထိ သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားသူဖြစ်သည်။

## မန်နေဂျာ ဘင်နီတက်ဇ်အား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း ပစ်မှတ်ထားနေ



ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသည် လာမည့် သီတင်းပတ် အနည်းငယ်အတွင်း အသင်းမန် နေဂျာဆလာဗန်ဘီလစ်အား ရာထူးမှ ထုတ်ပယ်ဖြစ်ခဲ့ပါက အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် နယူးကာဆယ်အသင်း မန်နေဂျာရာဖေးလ်ဘင်နီတက်ဇ်အား အစားထိုးခေါ်ယူသွားရန် ပစ်မှတ်ထားနေကြောင်း၊ သို့သော်လည်း နယူးကာဆယ်အသင်းတာဝန်ရှိသူများကမူ မန်နေဂျာ ဘင်နီတက်ဇ်အနေဖြင့် နယူးကာဆယ်အသင်းမှ ထွက်ခွာလိမ့်မည်မဟုတ်ဟု ယုံကြည်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲစဉ် ၁၂ ကစားပြီးချိန်တွင် နိုင်ပွဲ သုံးပွဲသာ ရရှိထားသေးကာ ရမှတ် ၁၁ မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့် ၁၇ နေရာတွင် ရပ်တည်နေရပြီး အဆင့် ၁၈ နေရာမှ ဟားလ်စီးတီးအသင်းထက် ရမှတ်တစ်မှတ်သာ အသာစီးရရှိထားခြင်းကြောင့် တန်းဆင်းရမည့် အန္တရာယ်နှင့် နီးကပ်နေသည့်အသင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ၂၀၁၂-၁၃ ဘောလုံးရာသီတွင် လိဂ်ချန်ပီယံရှစ်မှ ပရီမီယာလိဂ်သို့ တန်းတက်လာနိုင်ခဲ့ပြီးနောက်ပိုင်း ပြန်လည်တန်းဆင်းရခြင်းမရှိသည့်အသင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းအနေဖြင့် လာမည့် ပရီမီယာလိဂ်ပွဲနှစ်ပွဲတွင် နိုင်ပွဲရရှိစေရန် စွမ်းဆောင်နိုင်ခြင်းမရှိပါက ရာထူးမှ ထုတ်ပယ်ခံရလိမ့်မည်ဖြစ်ကြောင်း အင်္ဂလန်မီဒီယာများက ဖော်ပြထားသည်။ ဝက်စ်ဟမ်းအသင်းသည် လာမည့် ပရီမီယာလိဂ်ပွဲနှစ်ပွဲအဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် အဝေးကွင်း၌ မန်ယူနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၄ ရက်တွင် အိမ်ကွင်း၌ အာဆင်နယ်အသင်းနှင့်လည်းကောင်း ရင်ဆိုင်ရမည်ဖြစ်သည်။ မန်နေဂျာ ဘင်နီတက်ဇ်သည် ၂၀၁၅ ခုနှစ် နွေရာသီအတွင်းတွင် ဝက်စ်ဟမ်းအသင်းမန်နေဂျာအဖြစ် တာဝန်ယူရေးအတွက် ဝက်စ်ဟမ်းအသင်း၏ ပူးတွဲပိုင်ရှင်များဖြစ်သည့် ဒေးဗစ်ဂိုးလ်၊ ဒေးဗစ်ဆူလေဗန်တို့နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ဖူးသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ် ဇွန်လအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းက ဘင်နီတက်ဇ်အား အသင်းနည်းပြသစ်အဖြစ် ခေါ်ခန့်အပ်ခဲ့သည်။ စပိန်လူမျိုး မန်နေဂျာဘင်နီတက်ဇ်သည် လီဗာပူး၊ ချယ်လ်ဆီး စသည့်ပရီမီယာလိဂ်ကလပ်များကို တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

## ပရီမီယာလိဂ်ပွဲစဉ်(၁၃)

| | | | |
|---|---|---|---|
| **စနေနေ့ (၂၆-၁၁-၁၆)** | | | |
| ည ၇း၀၀ | ဘန်လေ | - | မန်စီးတီး |
| ည ၉း၃၀ | ဟားလ်စီးတီး | - | ဝက်စ်ဘရွန်း |
| ည ၉း၃၀ | လက်စတာစီးတီး | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | လီဗာပူး | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | ဆွမ်ဆီး | - | ခရစ္စတဲလ်ပဲလေ့စ် |
| နံနက် ၀၀း၀၀ | ချယ်လ်ဆီး | - | စပါး |
| **တနင်္ဂနွေနေ့ (၂၇-၁၁-၁၆)** | | | |
| ည ၆း၃၀ | ဝက်ဖို့ဒ် | - | စတုတ်စီးတီး |
| ည ၈း၄၅ | အာဆင်နယ် | - | ဘုန်းမောက် |
| ည ၁၁း၀၀ | မန်ယူ | - | ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | ဆောက်သမ်တန် | - | အဲဗာတန် |

## စပိန်လာလီဂါပွဲစဉ်(၁၃)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၂၅-၁၁-၁၆)** | | | |
| နံနက် ၂း၁၅ | အီဘာ | - | ဘတ်တစ် |
| **စနေနေ့ (၂၆-၁၁-၁၆)** | | | |
| ည ၆း၃၀ | မာလာဂါ | - | ဒီပို့တီဗို |
| ည ၉း၄၅ | ရီးရဲ | - | ဂီဂျွန် |
| နံနက် ၀၀း၀၀ | အက်စ်ပန်ညို | - | လီဂါနက်စ် |
| နံနက် ၂း၁၅ | ဆီဗီလာ | - | ဗလင်စီယာ |
| **တနင်္ဂနွေနေ့ (၂၇-၁၁-၁၆)** | | | |
| ည ၅း၃၀ | ဗီလာရီးရဲ | - | အလာဗက်စ် |
| ည ၉း၄၅ | အိုဆာဆူနာ | - | အက်သလက် |
| နံနက် ၀၀း၀၀ | ဆယ်တာဗီဂို | - | ဂရန်နာဒါ |
| နံနက် ၂း၁၅ | ဆိုစီဒက်စ် | - | ဘာစီလိုနာ |
| **တနင်္လာနေ့ (၂၈-၁၁-၁၆)** | | | |
| နံနက် ၂း၁၅ | လက်စ်ပဲလ်မက်စ် | - | ဘီဘာအို |

**ပြီး**ခဲ့တဲ့ နွေရာသီဈေးကွက်ကာလအတွင်း ဟမ်းမဲလ်၊ ဂန်ဒိုဂန်၊ မီခီတာရန်တို့လို ကစားသမားကောင်းတွေကို ရောင်းချခဲ့တဲ့ ဒေါ့မွန်အသင်းဟာ ကစားသမားသစ် ရှစ်ဦးကို ပြန်လည် အားဖြည့်ခေါ်ယူခဲ့တယ်။ ဒေါ့မွန်အသင်းကို ရောက်ရှိလာတဲ့ ကစားသမားသစ်တွေအနက် အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ တောင်ပံကစားသမား အမ်ရီမိုးလည်း ပါဝင်ခဲ့တယ်။

# ဒေါ့မွန်အသင်းမှ တူရကီမက်ဆီ သို့မဟုတ် အမ်ရီမိုး

အောင်က



ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဒိန်းမတ်ကလပ် နော့ဂျီလန်အသင်းမှာ ၂၀၁၅ ခုနှစ်မှ စတင်ခဲ့တဲ့ အမ်ရီမိုးလို လူငယ်ကစားသမားကို ခေါ် ယူနိုင်ဖို့အတွက် ဒေါ့မွန်အသင်းဟာ ပြောင်းရွှေ့ကြေး ယူရို ၉ ဒသမ၅ သန်းအထိ အသုံးပြုခဲ့ရတယ်။ လူငယ်ကစားသမားတစ်ဦးအတွက် ပေးချေခဲ့ရတဲ့ ပြောင်းရွှေ့ကြေးပမာဏ များပြားတယ်လို့ ဆိုရမယ်။ ဒါပေမယ့် ပင်ကိုဘောလုံး စွမ်းရည်ပြည့်ဝပြီး အလားအလာ ကောင်းတွေရှိတဲ့ အမ်ရီမိုးဟာ “တူရကီမက်ဆီ”အဖြစ်တောင် တင်စားခံထားရသူမို့ ဒေါ့မွန်အနေနဲ့ အမ်ရီမိုးအတွက် ထိုက်တန်တဲ့ ပြောင်းရွှေ့ကြေးပေးချေခဲ့ရတာဆိုရင်မှားမယ်မထင်ဘူး။

အမ်ရီမိုးဟာ ဒိန်းမတ်နိုင်ငံမှာ မွေးဖွားခဲ့ပြီး ဒိန်းမတ်လူငယ်လက်ရွေးစင်အသင်းတွေမှာ ပါဝင်ကစားခဲ့ပေမယ့် နိုင်ငံလက်ရွေးစင်အသင်းကြီးကို ရွေးချယ်ရာမှာတော့ ဖခင်ဖြစ်သူရဲ့ ဇာတိနိုင်ငံဖြစ်တဲ့ တူရကီနိုင်ငံ လက်ရွေးစင်အသင်းမှာ ပါဝင်ကစားဖို့ရွေးချယ်ဆုံးဖြတ်ခဲ့တယ်။ တူရကီအသင်းမှာ ပါဝင်ကစားဖို့ အမ်ရီမိုး ဆုံးဖြတ်ခဲ့ခြင်းဟာ ဒိန်းမတ်ဘောလုံးလောကအတွက် ကံဆိုးမိုးမှောင်ကျခြင်းလို့ နော့ဂျီလန်အသင်းနည်းပြ ကက်စပါဂျူလ်မန်ရဲ့မှတ်ချက်ကို ကြည့်မယ်ဆိုရင် အမ်ရီမိုးရဲ့ ခြေစွမ်းကို အနီးစပ်ဆုံး သုံးသပ်နိုင်မှာဖြစ်တယ်။



၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီမှာ အမ်ရီမိုး ပါဝင်ကစားခဲ့တဲ့ နော့ဂျီလန်အသင်းဟာ ဒိန်းမတ်ပထမတန်းပြိုင်ပွဲဖြစ်တဲ့ စူပါလီဂ်ပြိုင်ပွဲမှာ အဆင့် (၉)နေရာသာ ရရှိခဲ့တယ်။ အဲဒီရာသီမှာ အမ်ရီမိုးဟာ နော့ဂျီလန်အတွက် အမှတ်ပေးပွဲ ၁၃ ပွဲသာ ပါဝင်ကစားခဲ့ရပေမယ့် ခြေစွမ်းပြကစားနိုင်ခဲ့မှုတွေကြောင့် မန်ယူ၊ လီဗာပူး၊ အိုင်းယက်စ်၊ ဂါလာတာစာရေးတို့လို အသင်းတွေရဲ့ စိတ်ဝင်စားမှုကို ခံခဲ့ရပေမယ့် ဒေါ့မွန်အသင်းက လက်ဦးမှုရယူပြီး အမ်ရီမိုးကိုခေါ်ယူနိုင်ခဲ့တာဖြစ်တယ်။ အမ်ရီမိုးဟာ ညာတောင်ပံနေရာမှာ အဓိက ကစားသူဖြစ်ပေမယ့် တိုက်စစ်ဇုန်ရဲ့ ဘယ်နေရာမှာမဆို ကစားနိုင်စွမ်းရှိသူဖြစ်တယ်။ အာဂျင်တီးနားနဲ့ ဘာစီလိုနာအသင်းက ကမ္ဘာကျော် ကစားသမား လီယွန်နယ်မက်ဆီနဲ့ ခိုင်းနှိုင်းခံရတာနဲ့ ကိုက်ညီအောင် အမ်ရီမိုးဟာ သူ့ရဲ့ဘောလုံး သယ်ယူနိုင်စွမ်းရှိတဲ့ စွမ်းရည်နဲ့ ပြိုင်ဘက်နောက်တန်းတွေကို ကျော်ဖြတ်နိုင်စွမ်းရှိသူမို့ ကွင်းလယ်နေရာမှာ ကစားစေမယ် ဆိုရင်လည်းအသင်းကို ထိထိရောက်ရောက် အကျိုးပြုနိုင်သူဖြစ်တယ်။ ဒါ့အပြင် လိုအပ်လာရင် တိုက်စစ်ကစားသမားအဖြစ် ကစားနိုင်တဲ့ အမ်ရီမိုးဟာ အသင်းဖော်တွေကို အခွင့်အရေးဖန်တီးပေးဖို့ အမြင်လည်းရှိသူမို့ အသင်းရဲ့တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးပေးနိုင်စွမ်းရှိသူတစ်ဦးလည်းဖြစ်တယ်။

အမ်ရီမိုးဟာ ပြိုင်ဘက်ခံစစ် ကစားသမားတွေကို သူ့ရဲ့ တစ်ကိုယ်တော် စွမ်းဆောင်ရည်နဲ့ ဖြတ်ကျော်ဖို့ ကြိုးစားလေ့ရှိသူမို့ တစ်ကိုယ်ကောင်းဆန်သူအဖြစ် မကြာခဏ ဝေဖန်ခံရလေ့ရှိတယ်။ ဒေါ့မွန်အသင်းမှာ ကစားသမားကောင်းတွေရှိနေတာမို့ အမ်ရီမိုးအနေနဲ့ အသင်းရဲ့အဓိက ကစားသမားတစ်ဦးဖြစ်လာဖို့လည်း ရုန်းကန်နေရတယ်။ ဒါကြောင့်လည်း အခုနှစ် ဘောလုံးရာသီမှာ အမ်ရီမိုးဟာ ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၁၀ ပွဲ ပါဝင်ကစားခွင့်ရထားတယ်ဆိုပေမယ့် ပွဲထွက်ကစားသမားအဖြစ် ဘွန်ဒက်စ်လီဂါ ပြိုင်ပွဲမှာ သုံးပွဲ၊ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာ တစ်ပွဲသာ ရရှိထားသေးတယ်။ အောက်တိုဘာ ၁၅ ရက်မှာ ဒေါ့မွန်နဲ့ ဟာသာဘာလင်တို့ တစ်ဂိုးစီ သရေကျခဲ့တဲ့ ဘွန်ဒက်စ်လီဂါပွဲမှာ တိုက်ရိုက်အနီကတ်ပြသခံခဲ့ရလို့ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရခြင်းကလည်း အမ်ရီမိုးအတွက် ဒေါ့မွန်အသင်းမှာ ပါဝင်ခွင့်ရရေးကို အတားအဆီးဖြစ်စေခဲ့တယ်။ ပုံမှန်ကစားခွင့် ရရှိဖို့ရုန်းကန်နေရတဲ့ အနေအထားဖြစ်နေပေမယ့် ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ တစ်ဂိုးသွင်းယူထားပြီး အသင်းဖော်တွေ ဂိုးသွင်းယူနိုင်ဖို့ နှစ်ကြိမ် ဖန်တီးပေးထားနိုင်ခဲ့ခြင်းက အမ်ရီမိုးရဲ့စွမ်းရည်ကို သက်သေပြနေတဲ့ အချက်ဖြစ်တယ်။

> **ပင်ကိုခြေစွမ်းကောင်းရှိပေမယ့် လူငယ်ကစားသမားတစ်ဦးမို့ အမ်ရီမိုးအနေနဲ့ သင်ယူစရာတွေ ကျန်ရှိနေသေးတယ်။ ဒါပေမယ့် ဒေါ့မွန်လိုအသင်းကြီးတစ်သင်းမှာ ကစားဖော်ကောင်းတွေနဲ့ လက်တွဲခွင့်ရပြီး လေ့လာသင်ယူမှုတွေ ပြုလုပ်နိုင်မယ်ဆိုရင်. . . .**

ပင်ကိုခြေစွမ်းကောင်းရှိပေမယ့် လူငယ်ကစားသမားတစ်ဦးမို့ အမ်ရီမိုးအနေနဲ့ သင်ယူစရာတွေ ကျန်ရှိနေသေးတယ်။ ဒါပေမယ့် ဒေါ့မွန်လိုအသင်းကြီးတစ်သင်းမှာ ကစားဖော်ကောင်းတွေနဲ့ လက်တွဲခွင့်ရပြီး လေ့လာသင်ယူမှုတွေ ပြုလုပ်နိုင်မယ်ဆိုရင် အမ်ရီမိုးဟာ မကြာမီကာလအတွင်းမှာ ဥရောပဘောလုံးလောကရဲ့ တောက်ပတဲ့ ကြယ်တစ်ပွင့်ဖြစ်လာမှာ အသေအချာပဲ ဖြစ်ပါတယ်။ ။

| Game week 14 | ပြင်သစ်ပထမတန်းပွဲစဉ်(၁၄) | | | |
|---|---|---|---|---|
| | **သောကြာနေ့ (၂၅-၁၁-၁၆)** | | | |
| | နံနက် ၂း၁၅ (စနေနံနက်) | ရိန်းစ် | - | တူးလောက်စ် |
| | **စနေနေ့ (၂၆-၁၁-၁၆)** | | | |
| | ည ၁၀း၄၀ | မိုနာကို | - | မာဆေး |
| | နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | ဘော်ဒိုး | - | ဒီဂျွန် |
| | နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | မောင့်ပယ်လီယာ | - | နန့်စီ |
| | နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | နန့်စ် | - | လေလီ |
| | နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | ကိန်းစ် | - | ဂူအင်ဂမ့် |
| | နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | မတ်ဇ် | - | လောရီယင့် |
| | **တနင်္ဂနွေနေ့ (၂၇-၁၁-၁၆)** | | | |
| | ည ၈း၃၀ | အန်ဂျာ | - | စိန့်အေတီယန် |
| | ည ၁၀း၃၀ | နိုက်စ် | - | ဘက်စတီယာ |
| | နံနက် ၂း၁၅ (တနင်္လာနံနက်) | လိုင်ယွန် | - | ပီအက်စ်ဂျီ |



## အမေရိကန်အသင်း နည်းပြရာထူးမှ ကလင်းစမန်း ထုတ်ပယ်ခံရမှုကို မအံ့သြဟု အူဂန်သာလေ ပြောဆို

အမေရိကန်လက်ရွေးစင်အသင်း နည်းပြရာထူးမှ နည်းပြဂျာဂင်ကလင်းစမန်း ထုတ်ပယ်ခံခဲ့ရခြင်းအပေါ် အံ့အားသင့်မှုမရှိကြောင်း ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီခံစစ်မှူးဟောင်း ကလာအပ်စ် အူဂန်သာလာက ထုတ်ဖော်ပြောဆိုလိုက်သည်။

၂၀၁၁ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် အမေရိကန် လက်ရွေးစင်အသင်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူ နည်းပြကလင်းစမန်းသည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၁ ရက်တွင် ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။ အမေရိကန်လက်ရွေးစင်အသင်းသည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကွန်ကာကပ်ဖ်ဇုန် နောက်ဆုံးအဆင့် ခြေစစ်ပွဲ၏ ပထမဆုံး နှစ်ပွဲအဖြစ် မက္ကဆီကို၊ ကော်စတာရီကာအသင်းတို့နှင့် ကစားခဲ့သောပွဲများတွင် ရှုံးပွဲများ ကြုံတွေ့ခဲ့ရပြီးနောက် အမေရိကန်ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက နည်းပြ ကလင်းစမန်းအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်အသင်းသည် နည်းပြကလင်းစမန်း၏ လက်အောက်တွင် ၂၀၁၃ ခုနှစ် ကွန်ကာကပ်ဖ် Gold Cup ချန်ပီယံဆုဖလားရရှိခဲ့သည်။ ဂျာမနီကစားသမားဟောင်း ကလင်းစမန်းသည် ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်းတွင် ဂျာမနီလက်ရွေးစင်အသင်းနည်းပြအဖြစ် တာဝန်ယူခြင်းဖြင့် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်း နည်းပြအဖြစ်လည်း တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

ကလင်းစမန်း၏ ဂျာမနီအသင်း ကစားဖော်ဟောင်းဖြစ်သူ အူဂန်သာလာ (၅၉နှစ်)က “နည်းပြတစ်ဦး ရာထူးကနေ ထုတ်ပယ်ခံရတယ်ဆိုတာက ဒီလုပ်ငန်းရဲ့အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါတယ်။ နည်းပြတစ်ဦးဟာ နိုင်ပွဲတွေရရှိနေချိန်မှာ မြင့်မားတဲ့ အခြေအနေတစ်ခု ပိုင်ဆိုင်နိုင်မှာဖြစ်ပေမယ့် ရှုံးပွဲတွေ ကြုံတွေ့ရချိန်မှာတော့ ရာထူးကနေ ထုတ်ပယ်ခံရပါလိမ့်မယ်။ ဒါက သာမန်ဖြစ်ရပ်သာ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်အသင်းနည်းပြရာထူးကနေ ကလင်းစမန်း ထုတ်ပယ်ခံရမှုအပေါ် အံ့အားသင့်မှု မရှိပါဘူး”ဟု ပြောသွားသည်။

နည်းပြ ကလင်းစမန်း၏ အနာဂတ်နှင့် ပတ်သက်၍ မေးမြန်းမှုကို လေဗာကူဆင်အသင်းနည်းပြဟောင်း အူဂန်သာလာက “ကလင်းစမန်းဟာ ဂျာမနီကို ပြန်လာလိမ့်မယ်လို့တော့ ကျွန်တော်မထင်ဘူး”ဟု ဖြေဆိုခဲ့သည်။

အမေရိကန် ဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် နိုဝင်ဘာ ၂၂ ရက်တွင် နည်းပြ ဘရုအရီနာအား အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်။ နည်းပြအရီနာသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အမေရိကန်အသင်း နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

# ရန်ကုန်မှ မော်လမြိုင်အထိ ဝှီးချဲတွန်းမည့် ခရီးရှည်နှင့် ဂီတဖျော်ဖြေပွဲကျင်းပ

**ဝေါ  နိုဝင်ဘာ ၂၄**

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကြိုလှုပ်ရှားမှုတစ်ရပ် ကျင်းပရာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် CB BANK တို့ ပူးပေါင်းကာ မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည်ပြပွဲအဖြစ် ရန်ကုန်မှ မော်လမြိုင်အထိ ဝှီးချဲတွန်းမည့် ခရီးရှည်နှင့်ဂီတဖျော်ဖြေကာ သန်စွမ်းမှုစွမ်းရည်များ ပြသကြမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များက နိုဝင်ဘာ ၂၂ ရက်တွင် ဘုရားကြီးမြို့နယ်သို့ သွားရောက်ကြိုဆိုခဲ့ကြသည်။ ရန်ကုန်မြို့မှ မော်လမြိုင်မြို့အထိ ကိုယ်အင်္ဂါမသန်စွမ်းသူများမှ ဝှီးချဲများတွန်းကာ သန်စွမ်းမှုစွမ်းရည်များ ပြသကြမည်ဖြစ်ပြီး အမြင်အာရုံချို့တဲ့သူများက တေးဂီတဖြင့် ဝေါမြို့နယ်အားကစားခန်းမ၌ ယင်းနေ့ညပိုင်း ၇ နာရီတွင် မျက်မမြင်ခေတ်ပေါ်တီးဝိုင်းဖြင့် အမြင်အာရုံအားနည်းသူများနဲ့ ကိုယ်အင်္ဂါမသန်စွမ်းသူများက ဂီတဖြင့်ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ယင်းကဲ့သို့ မသန်စွမ်းသူများ၏ စိတ်ဓာတ်နှင့်ကြံ့ခိုင်စွမ်းရည်၊ ပူးပေါင်းဆောင်ရွက်နိုင်မှုစွမ်းရည်များ တိုးတက်မြင့်မားစေရန်ရည်ရွယ်ပြီး မသန်စွမ်းသူများက ဝှီးချဲများတွန်းကာ စွမ်းရည်များပြသကြရာတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံခရစ်ယာန် မျက်မမြင်များအသင်းမှ တွဲဘက်အတွင်းရေးမှူး ဦးစောသောင်းကြည်ဦးစီးသော မသန်စွမ်း အမျိုးသား ၂၆ ဦး၊ အမျိုးသမီးလေးဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပုဂံရှေးဟောင်းစေတီပုထိုးများ ပြုပြင်ထိန်းသိမ်းမည့် နည်းစနစ်များ ဆွေးနွေးသုံးသပ်ခြင်းအတွက် ပြည်တွင်းပြည်ပ ပညာရှင်များကွင်းဆင်းလေ့လာ

**ရန်ကုန်  နိုဝင်ဘာ ၂၄**

မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ်သန်း ၄၀၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၇၀၁၀၈ ဒေါ်လာ ရရှိထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒေါ်လာတစ်သန်း လှူဒါန်းမည်ဟု ကတိပြုထားကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက်ပိုင်း ပျက်စီးမှုရှိသော အဆောက်အအုံများကို အရေးပေါ် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာတွင် ဝါးငြမ်းဆင်ခြင်း၊ သဲခဲရှင်းခြင်း၊ မိုးကာအုပ်ခြင်း၊ အတွင်းအပြင် ယာယီထောက်ပင့်ခြင်း၊ ခါးပတ်ပတ်ခြင်း၊ အက်ကြောင်းများဖာခြင်း၊ အလေးဝန်လျှော့ခြင်း၊ အုတ်စားဖြည့်ခြင်း၊ အနားသတ်ကြားသိပ်ခြင်းနှင့် ရေပိတ်လွှာပြုလုပ်ခြင်းစသော လိုအပ်သည့် အရေးပေါ်ပြုပြင်သည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယမ္ဗေသဘင်၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည့် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇) ပါးစုံညီ ဒွါဒသမအစည်းအဝေး ဒုတိယနေ့တွင် ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက ပုဂံရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်နေမှုများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာတွင် ယင်းသို့ထည့်သွင်းတင်ပြလျှောက်ထားခဲ့သည်။

ယခုအခါ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားစေတီပုထိုးများကို ပြန်လည်ပြုပြင်ရာတွင် ဩဝါဒါစရိယဆရာတော်များထံ ဩဝါဒခံယူ၍ ရှေးထုံးစဉ်လာ လိုက်နာဆောင်ရွက်ကြသည့် ဗိသုကာကျမ်း၊ ဌာပနာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်းအစရှိသော စာပေကျမ်းဂန်များနှင့်အညီ စနစ်တကျဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက လျှောက်ထားသည်။

ထို့အပြင် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ပတ်သက်၍ စာရင်းကောက် မှတ်တမ်းတင်ခြင်း၊ အဆောက်အအုံများ၏ ပျက်စီးဆုံးရှုံးမှုကို စစ်ဆေးမှတ်တမ်းပြုစုခြင်း၊ ပျက်စီးမှုရှိသော အဆောက်အအုံများအား အရေးပေါ်ထိန်းသိမ်းရေး ဆောင်ရွက်ခြင်း၊ အသေးစိတ်စစ်ဆေး သုံးသပ်ခြင်းနှင့် မှတ်တမ်းပြု အစီရင်ခံစာရေးသားခြင်း၊ ပြုပြင်ထိန်းသိမ်းမည့် နည်းစနစ်များ ဆွေးနွေးသုံးသပ်ခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်း ခန့်မှန်းကုန်ကျစာရင်းတွက်ချက်ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုအလိုက်ဦးစားပေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ငန်းစဉ်များအလိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်များအနက် စာရင်းကောက် မှတ်တမ်းတင်ခြင်း၊ အဆောက်အအုံများ၏ ပျက်စီးဆုံးရှုံးမှုကို စစ်ဆေးမှတ်တမ်းပြုစုခြင်းနှင့် ပျက်စီးမှုရှိသော အဆောက်အအုံများအား အရေးပေါ် ထိန်းသိမ်းရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ပြုပြင်ထိန်းသိမ်းမည့်နည်းစနစ်များ ဆွေးနွေးသုံးသပ်ခြင်း လုပ်ငန်းစဉ်ကို ပြည်တွင်းပြည်ပပညာရှင်များ လေ့လာစစ်ဆေးဆဲဖြစ်ပြီး ပျက်စီးဆုံးရှုံးသွားသော အဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်း ခန့်မှန်းကုန်ကျစာရင်းနှင့် ပျက်စီးဆုံးရှုံးမှုအလိုက် ဦးစားပေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ငလျင်ဒဏ်ခံသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပျက်စီးမှုအခြေအနေပေါ်တွင် တန်ဖိုးသတ်မှတ်ချက်များအလိုက် ဦးစားပေးသတ်မှတ်ခြင်း၊ ဘာသာရေးရှုထောင့်နှင့် ယဉ်ကျေးမှုရှုထောင့်တို့ ညှိနှိုင်းသုံးသပ်ဆောင်ရွက်ခြင်း၊ မူလလက်ရာမပျက်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် ရေရှည်ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို UNESCO အပါအဝင် ပြည်တွင်းပြည်ပပညာရှင်များ၏ စစ်ဆေးအကြံပြုချက်များနှင့်အညီ နောင်ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ၏ အခြေအနေများကိုပါ ထည့်သွင်းစဉ်းစား၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်သွားမည်ဟု ပြည်ထောင်စုဝန်ကြီးက လျှောက်ထားခဲ့သည်။

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ စာရင်းကောက်ယူမှတ်တမ်းတင်ဆောင်ရွက်မှုအရ စုစုပေါင်း ၃၈၉ ဆူရှိပြီး အဆိုပါပျက်စီးမှုများအပေါ် အခြေခံ၍ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ပထမဦးစားပေး ၃၆ ဆူ၊ ဒုတိယဦးစားပေး ၅၃ ဆူနှင့် တတိယဦးစားပေး အဆူ ၃၀၀ဟူ၍ ပျက်စီးမှုပမာဏအလိုက် ခွဲခြားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရီရီမြင့်၊ ဥမ္မာသန့်**

# လက်ရည်စစ်အိုးပင်းစစ်တုရင်ချန်ပီယံလုပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ




**ရန်ကုန်  နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကျင်းပသည့် လက်ရည်စစ် အိုးပင်းစစ်တုရင်ပြိုင်ပွဲချန်ပီယံလုပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေက ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း၌ မြန်မာ့လက်ရွေးစင် အင်တာနေရှင်နယ် မာစတာ အောင်အောင်-အောင်မျိုးလှိုင် ရမှတ်ရှစ်မှတ်ကို ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် မာစတာကျော်လင်းနိုင်က ရမှတ် ရှစ်မှတ်ခွဲဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် စစ်တုရင်အားကစားသမား ၁၀၀ ကျော်နှင့် ၂၀၁၅ မြန်မာ့လက်ရွေးစင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမမှဒသမအထိ အမှတ်အများဆုံးရရှိကြသော ကျော်လင်းနိုင်၊ ဇေယျာ၊ ဝင်းထွန်း၊ မြင့်ထူး၊ ဝင့်သူ၊ ငွေမင်းလွင်၊ မျိုးထက်၊ ညီညီလွင်၊ အောင်အောင်-အောင်မျိုးလှိုင်၊ ခင်သန်းတို့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ငွေသားဆုများနှင့် ချန်ပီယံဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြသည်။

ယင်းပြိုင်ပွဲ၌ လက်ရည်သစ်အိုးပင်းပြိုင်ပွဲတွင် အမှတ်အများဆုံးရရှိခဲ့သော ၁၀ ဦးနှင့် ၂၀၁၅ မြန်မာ့လက်ရွေးစင် လေးဦး တို့အား ၂၀၁၇ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံများရွေးချယ်ပြီး ပြည်ပပြိုင်ပွဲများသို့ ရွေးချယ်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## မှုခင်းသတင်းတိုထွာ

# တရားမဝင်သစ်လုံး အစုံ ၃၉ လုံး ဖမ်းမိ

**ကသာ  နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် လာကာကြိုးပြင်ကာကွယ်တော ငုပင်ချောက်အနီး၌ တရားမဝင်သစ်လုံးများနှင့်သစ်ခွဲသားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၈ ရက်က စကရအကူတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး အေးသိန်း၊ ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်နှင့်အဖွဲ့သည် ကောလင်းမြို့နယ် လာကာကြိုးပြင်ကာကွယ်တော ငုပင်ချောက်အနီးတွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင်သစ်လုံးမျိုးစုံ ၃၉ လုံး တရားမဝင်သစ်ခွဲသား ၁၈ ချောင်းနှင့် တရားမဝင်(22HG) အင်ဂျင်တစ်လုံးတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ပိုင်ရှင်ဖြစ်သူ ကောလင်းမြို့နယ် ဇောခိကုန်း(၁) ရွာနေ ဒွေးလွင်ဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဖောင်းပြင်မြို့အထွက်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ဖောင်းပြင်  နိုဝင်ဘာ ၂၄**

ဖောင်းပြင်မြို့ စစ်တပ်ကုန်းအဆင်း မိုင်တိုင်အမှတ် (၁၃၅)နှင့် (၁၃၆) အကြား ဗျူဟာလမ်း ကွန်ကရစ်လမ်းပေါ်၌ နိုဝင်ဘာ ၂၂ ရက်က မြောက်မှတောင်သို့ ဦးအောင်သိုက် မောင်းနှင်လာသည့် သုံးဘီးဆိုက်တွဲနှင့် တောင်မှမြောက်သို့ ဦးသန်းမောင် အထက်မန်လီရွာ မောင်းနှင်လာသည့်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိကြရာ ဆိုင်ကယ်နှင့် သုံးဘီးဆိုက်တွဲတို့ တိမ်းမှောက်သွားပြီး ဆိုင်ကယ်မောင်းသူ ဦးသန်းမောင်နှင့် ဆိုင်ကယ်နောက်ခုံ၌ပါလာသူ အောင်စိုးတို့တွင် ဒဏ်ရာများနှင့် သုံးဘီးဆိုက်တွဲ၌ စီးနင်းလိုက်ပါလာသူ မောင်မြို့နှင့် မမြတ်မေတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်းနှင်သူ ဦးအောင်သိုက်နှင့် ဦးသန်းမောင်တို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူသုံးဦးအား လက်နက်မှုဖြင့် ဖမ်းဆီး

**စဉ့်ကူး  နိုဝင်ဘာ ၂၄**

စဉ့်ကူးမြို့မရဲစခန်းမြောက်ဘက် သုံးမိုင်ခန့်အကွာ ခူလယ်ကျေးရွာ ရောဝတီတံတား ရတနာသိခ်သွားကားလမ်းပေါ်တွင် နိုဝင်ဘာ ၂၀ ရက်က ဆိုင်ကယ်သုံးစီးဖြင့် တရားမဝင်ဓားလက်နက်ကိုင်ဆောင်သူ သုံးဦးအား ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ စဉ့်ကူးမြို့မရဲစခန်းမှ တာဝန်အရ အဆိုပါကားလမ်းမပေါ်တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများပြုလုပ်နေစဉ် ကျောက်မြောင်းမှ စဉ့်ကူးဘက်သို့ ရဲဝင်းအောင် မောင်းနှင်လာသော ဆိုင်ကယ်အတွင်းမှ အရိုးအသွား ၁၀ လက်မခွဲခန့်ရှိ ဓားမြှောင်တစ်ချောင်းကိုလည်းကောင်း၊ မိုးသူထံမှ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် ငြိမ်းချမ်း၏ ဆိုင်ကယ်အတွင်းမှ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းတို့ကို တွေ့ရှိရသဖြင့် စဉ့်ကူးမြို့မရဲစခန်းက ၎င်းတို့အား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

# ဒေါင်းမြှူးချောင်းအတွင်း လူတစ်ဦး ရေနစ်သေဆုံး

**ဝန်းသို  နိုဝင်ဘာ ၂၄**

ကသာခရိုင် ဝန်းသိုမြို့နယ် မြောက်လည်ကျေးရွာအနီးရှိ ဒေါင်းမြှူးချောင်းတွင် နိုဝင်ဘာ ၂၀ ရက်က လူတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ ဝန်းသိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်မောင်သက်နှင့်အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ နေမျိုးထွန်း (၃၂နှစ်)မြောက်လည်ရွာ ဝန်းသိုမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် ဒေါင်းမြှူးချောင်းအတွင်း ငါးရှာရာမှ ရေအောက်ရှိ ကျောက်တုံးနှင့်ညှပ်မိကာ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဝန်းသိုမြို့မရဲစခန်းက စစ်ဆေးနေကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# လူငယ်ခေါင်းဆောင်မှုသင်တန်းဖွင့်

**မြိတ်  နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြိတ်တက္ကသိုလ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော လူငယ်ခေါင်းဆောင်မှုသင်တန်း (Youth Leadership Training) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ မြိတ်တက္ကသိုလ် အဆောင်(၈)ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို တက္ကသိုလ်ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် သင်တန်းနည်းပြ ဆရာ ဆရာမ ခုနစ်ဦးတို့က အသင်းအဖွဲ့တည်ဆောက်ခြင်း၊ ခေါင်းဆောင်မှု၊ လူငယ်နှင့်စေတနာလုပ်ငန်းရှင်များအကြောင်း စသည့် ခေါင်းစဉ်များဖြင့် နိုဝင်ဘာ ၁၈ ရက်မှ ၂၅ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**

### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်မြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် နာရီစင်အဆောက်အအုံအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရှေးမူမပျက် ပြင်ဆင်မွမ်းမံမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၁၁-၂၀၁၆ ရက်
(ခ) **တင်ဒါတင်ရမည့်နောက်ဆုံးရက်** - ၁၂-၁၂-၂၀၁၆ ရက်
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - (စီမံ/ထောက်ပံ့)ဌာန ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂။ တင်ဒါပုံစံစည်းကမ်းများကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ၂၅-၁၁-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်(စီမံ/ထောက်ပံ့)ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၇၇၇၈၃ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကက-၁၃/၁၁/၂၂၇

**AEC** အဆင့်မြင့် ကိုယ်ပိုင်အထက်တန်းကျောင်း

နှစ်စဉ်ဘာသာစုံဂုဏ်ထူးနှင့် အောင်ချက်အမြင့်မားဆုံးကျောင်း

ပဋ္ဌမတန်း မှ တက္ကသိုလ်ဝင်တန်းအထိ

- ဆိတ်ငြိမ်အေးချမ်းသော ခြံဝင်းကျယ်ဖြင့် အစိုးရစာသင်ကျောင်းကဲ့သို့ သင်ကြားနိုင်ခြင်း။
- ကျောင်းသား၊ ကျောင်းသူအဆောင်သီးသန့်ထားရှိခြင်း။
- သက်တောင့်သက်သာရှိစေရန် Air Con စာသင်ခန်းများဖြင့် သင်ကြားပေးခြင်း။
- ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ သင်ကြားပေးခြင်း။
- စာသင်ခန်းများအား ကျောင်းသား၊ ကျောင်းသူများကို သီးသန့်ခွဲ၍ သင်ကြားပေးခြင်း။
- မိမိတို့၏သားသမီးများကို စည်းကမ်းပြည့်ဝ၍ ထူးချွန်ထက်မြက်အောင် တာဝန်ယူ သင်ကြားပေးနိုင်ခြင်း။
- မိမိတို့၏သားသမီးနှင့်မခြား စောင့်ရှောက်၍ လိမ္မာရေးခြားရှိအောင် လမ်းညွှန်မှုပေးနိုင်ခြင်း။

လူကြီးမင်းတို့၏ ယုံကြည်စွာအပ်နှံမှုအပေါ်တာဝန်ယူသင်ကြားပေးသည်။

Ph.D, M.Sc ဘွဲ့ရ ကျွမ်းကျင်Study Guide များ အလိုရှိသည်

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဒီဇင်ဘာလ (၁) ရက်နေ့မှစ၍ ကြိုတင်ကျောင်းအပ်လက်ခံနေပါပြီ**

ရုံးချုပ် - အမှတ် ၁၈/၁၉၊ ပြည်ထောင်စုလမ်းမကြီး၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
ဖုန်း - ၀၉-၅၁၃၁၈၉၂၊ ၀၉-၄၂၀၁၁၆၀၈၅၊ ၀၉-၂၅၄၄၃၄၃၄၉ ၊ ၀၉-၂၅၄၄၃၄၀၃၁။

---

# Ever Clean

အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးသွားဝန်ဆောင်မှုလုပ်ငန်း

- ဘားအံ-တောင်ပိုင်းတောင်-ချစ်သူမြိုင် → Dec 3,10,24,31
- မော်လမြိုင်-ကျိုက္ကမီ-စက်စဲ → Dec 10,24,31
- တောင်ငူ-သံတောင်ကြီး-ပတီချောင်း → Dec 17
- မန္တလေး-ပြင်ဦးလွင် → Dec 23,30
- ဘားအံ-မြဝတီ-မဲဆောက် → Dec 23,30

ဆက်သွယ်ရန်ဖုန်း 09-33886666 , 09-795185522
အမှတ် (၃၃/၃၅) ၃လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

---




တေးရေး - စောရူဆဲ ၊ အောင်ထက်
BAND : LUCKY HAND STUDIO : LYNN, HARMONY, E SUS:5
HARMONY : NOE NOE, JEWEL

၂၇ . ၁၁ . ၂၀၁၆ (တနင်္ဂနွေနေ့) ညနေ (၄) နာရီ မှ (၇) နာရီ အထိ Junction Square
၂၉ . ၁၁ . ၂၀၁၆ (အင်္ဂါနေ့) ညနေ (၄) နာရီ မှ (၇) နာရီ အထိ Mingalar Mandalay
၃၀ . ၁၁ . ၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ (၄) နာရီ မှ (၇) နာရီ အထိ Ocean (မုံရွာ) နှင့်
၂ . ၁၂ . ၂၀၁၆ (သောကြာနေ့) ညနေ (၄) နာရီ မှ (၇) နာရီ အထိ Ocean (မော်လမြိုင်)

တို့တွင် **တေးသံရှင် အောင်ထက်** နှင့် အတူ အနုပညာရှင်များမှ အမှတ်တရ လက်မှတ်ရေးထိုးပေးပြီး တေးသီချင်းများဖြင့် သီဆို ဖျော်ဖြေပါမည်။

---

**ရွှေကမ္ဘာ**
**အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း**
14'ကားများဖြင့်လုပ်သားအပါတာဝန်ယူဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ခေါ်)
Ph : 09-5097001
09-49259491
09-421177464

---

'အရွယ်ရောက်သူတိုင်းအတွက် ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း'
Course in driving skills for all adults.
၂၀၁၆-ခု၊ အပါတ်စဉ်(၅၀)၊ ဒီဇင်ဘာလ (၁)ရက်နေ့ဖွင့်မည်။

# ကောင်းဝေ

KAUNG WAI
(ယာဉ်မောင်း စက်ပြင်ထိန်းသိမ်းသင်တန်း)

အမှတ် (၆၅၁)၊ မောင်မကန်လမ်း။ (၁၇)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။
Ph- 09 73213416, 09 73056208, 09 250166727

ဖောင်ကြီးလမ်းခွဲနှင့် သီတာအေးလမ်းထိပ်၊ ဘုရင့်နောင် အလုပြင်ဆိုင်နောက်ကျောဖက်၊ လှည်းကူးမြို့နယ်။
Ph- 09 453204065, 09 453204067, 09 43157424

ရွှေမင်္ဂလာကားဂိတ် နှင့် ချစ်တီးထမင်းဆိုင်ကြား၊ ရန်ကုန် - ပဲခူးလမ်း၊ ယာဉ်ဝင်းဟောင်းအနီး။
Ph- 09 795662540, 09 254767928, 09 780977536

နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ထားပါမည်။

---

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၁ယ/၆၅၇၇၈ Kenbo-125 ယာဉ်အမည်ပေါက်သူ ဦးသိန်းထွန်း ၉/စကတ(နိုင်)၀၀၂၄၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

---

**ချာချီးယား ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

---

AWARDS

# FINALIST



နောက်ဆုံးဆန်ခါတင်စာရင်းဝင်

NEPAS သည် မြန်မာ့လေကြောင်းလုပ်ငန်းကို ကမ္ဘာ့အဆင့်သို့ ပျံသန်းထိုးဖောက်စေခဲ့ပြီ။

ဆန်းသစ်တီထွင်မှု၊ ခေါင်းဆောင်မှု၊ သူမတူသော စွမ်းဆောင်ရည်တို့ကို ကိုယ်စားပြုသော ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနယ်ပယ်၏ ဂုဏ်သိက္ခာအရှိဆုံး ဆုတစ်ခုဖြစ်သော Platts Global Energy Awards ကော်မတီ၏ Strategic Deal of the Year ဆု နောက်ဆုံးဆန်ခါတင်စာရင်းဝင် အဆိုပြုခံရသော National Energy Puma Aviation Services (NEPAS) အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ထူထောင်ခဲ့သော NEPAS သည် MPPE နှင့် Puma Energy တို့၏ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်း အရည်အသွေး စိတ်ချယုံကြည်ရသော လေကြောင်းလောင်စာဆီများ ထောက်ပံ့ပေးနေပါသည်။

National Energy Puma Aviation Services

2016 PLATTS GLOBAL ENERGY AWARDS FINALIST

UPG

ကရဝိက်

ကရဝိက် ရှေးဆန်သောဆီဆေး

KARAWEIK ANTIQUE METAL PAINT

**ကရဝိက်ရှေးဆန်သောဆီဆေး**

အနုပညာမြောက်ပြီးရှေးဆန်၍ လှပသောပစ္စည်းများသည် ဆွဲဆောင်မှုရသကို ဖြစ်စေပါသည်။ ဂန္ထဝင်ဆန်သောပစ္စည်းများသည် အနုရသကိုပေးခြင်းသာမကတန်ဖိုးအားဖြင့်လည်း မြှင့်တင်ပေးပါသည်။ ဤကဲ့သို့သောဖန်တီးမှုများကို ကရဝိက်ရှေးဆန်သော ဆီဆေးများဖြင့်မိမိစိတ်တိုင်းကျခြယ်မှုန်းနိုင်ပါမည်။

ကရဝိက်ရှေးဆန်သောဆီဆေးများကို အခရိုက်လစ်ချုပ်ဆေးများဖြင့်ဖော်စပ်ထား၍ စွဲကပ်မှုအားကောင်းမွန်ပြီး ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိပါသည်။

အခြားဂုဏ်သတ္တိများမှာ-

- သံချေးတက်ခြင်းမှ အလွန်ကောင်းမွန်စွာ ကာကွယ်နိုင်ခြင်း
- မျက်နှာပြင်အမျိုးမျိုးတွင်အသုံးပြုနိုင်ခြင်း
- ဆေးသားလွှာအဟောင်းများပေါ်တွင်အသုံးပြုနိုင်ခြင်း
- မျက်နှာပြင်အပေါ်မူတည်၍ဒီဇိုင်းအမျိုးမျိုးဖန်တီးနိုင်ခြင်း
- သုံးစွဲသူကိုယ်တိုင်စိတ်တိုင်းကျလွယ်ကူစွာလုပ်ဆောင်နိုင်ခြင်း



Karaweik Acrylic Antique Metal Paint
Copper Gold (KG-AA22)




Karaweik Acrylic Antique Metal Paint
Pale Gold (KG-AA44)



UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II), Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com email : info@upgpaint.com



DENKO

ဖွင့်လှစ်ပြီးဆိုင်ပေါင်း ၂၉ ဆိုင်

ရန်ကုန်တိုင်း
ဗဟန်း
အင်းစိန်
အောင်ဆန်း
လှည်းကူး
ကုန်းတလပေါင်

ရှမ်းပြည်နယ်
အောင်ပန်း
ကျောက်မဲ

မွန်ပြည်နယ်
မော်လမြိုင်
ကျိုက်ထို

မကွေးတိုင်း
ချောက်

ပဲခူးတိုင်း
ဖြူး (အမြန်လမ်း၁၁၅မိုင်)
ဘုရားကြီး

နေပြည်တော်
လယ်ဝေး
တပ်ကုန်း

စစ်ကိုင်းတိုင်း
ရွှေဘို
စစ်ကိုင်း
(အုန်းတောလမ်းခွဲအနီး)

ကချင်ပြည်နယ်
ဖားကန့်
(သာစည်ရပ် /
လေဆိပ်လမ်းခွဲအနီး)

မန္တလေးတိုင်း
မတ္တရာ
မန္တလေး
(ရွှေကျင်ကျောင်းတိုက်ရှေ့)
မိတ္ထီလာ
ဝမ်းတွင်း
ညောင်ဦး
မန္တလေး(ကားကြီးဝင်း)
မန္တလေး
(ဂုဏလမ်း / ခင်စောမူကွေ့)
မန္တလေး
(ကျောက်စိမ်းဘုရားအနီး)
တံတားဦး (ပန်းယျ)
မန္တလေး(သီပွဲလမ်း)
မန္တလေး
(ကမ်းနားလမ်းနှင့်
ကန်တော်ကြီးလမ်းထောင့်)
စဥ့်ကိုင်




* Denko Trading Company မှ စက်သုံးဆီများကို လက်လီ၊ လက္ကားရောင်းချရာတွင် Denko အမည်တစ်ခုတည်းဖြင့်သာ အမြဲရောင်းချပါသည်။

DENKO ဆီဆိုင်မှ အရည်အသွေးမြင့် ဓါတ်ဆီ၊ ဒီဇယ်များကို
ခေတ်မီစက်သစ်များဖြင့် ဆီအချိန်အတွယ်ပြည့်မီစွာ
နိုင်ငံတဝှမ်း ဝန်ဆောင်မှုပေးနေပါသည်။

ဆီလက္ကားဝယ်ယူနိုင်သည့် မြို့များ
ရန်ကုန်၊ ပြည်၊ စလေ၊ မင်းဘူး ဖုန်း - ၀၉ ၂၆၄၂၃၀၇၉၅၊ ၀၉ ၄၄၂၁၆၄၄၀၃
မန္တလေး၊ ပခုက္ကူ၊ မုံရွာ၊ ကသာ၊ ဗန်းမော် ဖုန်း - ၀၉ ၄၄၀၀၆၈၅၈၂၊ ၀၉ ၂၀၁၁၄၄၉

f -Denkomyanmar/ www.denkomyanmar.com


နာချင်ရာ နာစမ်း . . .
WORKS WHEREVER IT HURTS.
TIGER BALM®
TIGER BALM®
3 PLASTERS 三片装
COOL 清凉
TIGER BALM PLASTER
虎標鎮痛藥布
For long lasting relief of
Muscular Aches and Sprains
Contusion
Muscular Fatigue
Tiger Balm Plaster - Cool သည်
ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများအတွက်
အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Myanmar Reg No. R1907AA1733
TIGER BALM®
3 PLASTERS 三片装
WARM 温感
TIGER BALM PLASTER-RD
虎標鎮痛藥布-RD
For long lasting relief of
Muscular Pains
Stiff Shoulders
Back Pain
Tiger Balm Plaster - Warm သည်
ကြွက်သားနာကျင်ခြင်း၊ ဇက်ခိုင်(ဦးလွဲ)ခြင်းနှင့်
ခါးနာခြင်းဒဏ်ရာများအတွက် အသုံးပြုရန်
အထူးသင့်လျော်ပါသည်။
Myanmar Reg No. R1907AA1734
ထိခိုက်နာကျင် ခါးနာခြင်းများအတွက် အကောင်းဆုံး
TIGER BALM PLASTER




**Driving Myanmar's Digital Future** မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အနာဂတ်ကို မောင်းနှင်ခြင်း

Visit

CommuniCast 2016 Myanmar

The 3rd Communications Technology, Enterprise & Convergence Solutions Show

International Myanmar ICT Exhibition 2016

Incorporating: Myanmar Satellite Forum 2016 www.myanmarsatelliteforum.com

Supported by: MCF SOFTWARE PARK

Supported by: MCF MCPA MCIA

NEW DATES & VENUE

**Tuesday 6 - Thursday 8 December**

Novotel Yangon Max, Yangon • (10.00-18.00 Hrs.)

ပြပွဲသည် ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအတွက်ဖြစ်ပါသည် | အသက် (၁၆) နှစ်အောက် ဝင်ရောက်ခွင့်မပြုပါ

Register at စာရင်းပေးသွင်းရန်

www.communicastmyanmar.com

Info Hotline: +95-1 513 515-519

Platinum Sponsor: HUAWEI

Organised by: BES ဘီအီးအက်စ် AN ALLWORLD EXHIBITIONS MEMBER

---

မိမိ၏ မိသားစုကို ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ဟင်းလျာများကို ရွေးချယ်ချက်ပြုတ်လိုသော အိမ်ရှင်မအမျိုးသမီးထုအားလုံးနှင့် ကျန်းမာသုတ စာဖတ်ပရိသတ်များ၏ တစ်ခဲနက်တောင်းဆိုမှုများအရ ဒေါက်တာခင်မောင်လွင် (FAME) ရေးသားထားသော . . .

" **မီးဖိုချောင်သုံးအစားအစာများနှင့် ကျန်းမာရေး** " စာအုပ်ကို ပြန်လည်ဖြည့်စွက်မွမ်းမံကာ ဒုတိယအကြိမ် အဖြစ် ထပ်မံပုံနှိပ်ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။



အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့။
ဖုန်း - ၀၁ - ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃၊ ၀၉ - ၉၆၅၅၅၉၈၆၀
E-mail : marketing@famepharma.com, FAME Pharmaceuticals

---

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

- ညောင်နှစ်ပင်ကြာတန်ဈေးမှာ ဝ.၄၆ဧကအဖိုးပါမြေပြင (၂၈၀)သိန်း
- အောင်သုခ(၅)လမ်းသာကေတ (၃၀×၆၀)ပေ၊ဂရန် (၁၆၅၀)သိန်း
- ရန်ကုန်-ပုသိမ်လမ်းဘုတ်ပြီးမြစ်အနီး(၁၀၀×၃၄၅)ပေ (၂၅၀၀)သိန်း

Ph: 09-49342067, 09-785084831

---

ODYSSEY

ပြည်တွင်းပြည်ပခရီးသွားလက်မှတ် အိမ်အရောက်ပို့ဝန်ဆောင်မှု

01 373199,240545,09 73187799

အကောင်းဆုံးကိုယ်စားလှယ်ယူနိုင်သည်

---

**အောင်ပြည့်စုံ**

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း / နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။

09-250095114
09-421041338
09-73224763

---

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

---

**အမြန်ရောင်းမည်**

မန္တလေးလမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်း၊ ပင်လုံ ဒိမ်ရာအနီး၊ ပေ (၁၉×၅၄) ဆောက်လုပ်ပြီးစီး။

၆ ထပ် - ၃၀၀ သိန်း
၅ ထပ် - ၃၅၀ သိန်း
၄ ထပ် - ၄၀၀ သိန်း
၃ ထပ် - ၄၅၀ သိန်း
၂ ထပ် - ၅၅၀ သိန်း
မြေညီထပ် - ၁၂၀၀ သိန်း

ဆက်သွယ်ရန်ဖုန်း-
၀၉ ၅၁၉၈၇၉၉၈၊
၀၉ ၄၂၁၁၀၈၇၇၇၊
၀၉ ၄၅၀၀၁၅၉၄၆။

---

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။**

လှည်းကူးမြို့၊ကျွန်းကလေးဈေးအနီး၊ဥယျာဉ်မြေ၊ကွန်ကရစ်လမ်းဘေး၊ရေပါ၊မီးရှိ (40'x60')-(130)သိန်း။ (25'x50')-(75)သိန်း။(25'x65')-(95)သိန်း။

Ph:09-799716395,09-795518355,09-252278945

---



Home Since 1996 Think of House. Think of Home

**ပါကေး အစားထိုး ကြမ်းခင်း**

Special Promotion !

Buy Flooring ၂ ကျင်း → Get FREE Wall Covering ၁ ကျင်း

*Terms & Condition Applied

အမှတ်-(၁၁)၊မင်းကြီးလမ်း၊အင်းစိန်ဆေးရုံအနီး၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ☎ 09 79 700 70 74, 09 79 700 70 84

---

**ဦးအောင်ကျော်** (Tu Tu - Su Su)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ဌာနစုမှူး(၂)၊တတိယအတွင်းဝန် ဝန်ကြီးဌာန/အဖွဲ့အစည်း(၁၃)ခုတွင်လစ်လပ်လျက်ရှိသောရာထူးများ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး-ဒုဦးစီးမှူး(စီမံ)/စစစ-ဒုတိယစုံစမ်းရေးမှူး/ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး-အငယ်တန်း အင်ဂျင်နီယာ(၂)၊ဒုကြီးကြပ်ရေးမှူး(တိုင်းတာရေး/ ရေလမ်းညွှန်) ဆေးဘက်ဆိုင်ရာ၊ဆေးနှင့်နီးနွယ်တက္ကသိုလ်-နည်းပြ/ သရုပ်ပြ အထူးသီးသန့်တန်းခွဲသစ်များစတော့မည်။အမြန်ဆက်သွယ်ပါ။

၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ဖုန်း- ၂၅၀၇၂၇၊၀၉၅၁၆၃၀၈၄

---

**တစ်အိတ်ဝယ်ရင် ပို့ပေးပါသည်**

ရန်ကုန်မြို့တွင်းအိမ်အရောက်ပို့ပေးပါသည် ။

09-73077711 ☎ 01-682844
09-73077722 ☎ 01-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါင်မုန့်ဆန်းမွှေး

---

**အောင်သရဖူ**

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

လူကြုံအင်းတို့၏အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။

အမှတ်-၁၈၁၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊

09254009334,
09254009335,
09254009336

---

**သုခစံ**

အဆင့်မြင့် ကားစီးလုံးငှား

09-5170371, 09-261023300

(အန်စတုံး၊ Alphard)ကားများ ဈေးနှုန်းမှန်ကန်စွာငှားသည်။

---

PUN HLAING + SILOAM HOSPITALS

**"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"**

LIKE US ON facebook Pun Hlaing Siloam Hospitals



အိုင်ယာလန်နိုင်ငံ၌ ဆေးပညာအတွေ့အကြုံများစွာရှိခဲ့သူ

ဒေါက်တာဝင်းထိန် အရိုး၊ အကြော၊ အဆစ် နှင့် ထိခိုက်ဒဏ်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး သည်

ပန်းလှိုင်စီလုံဆေးရုံကြီးတွင် Full-time Specialist အဖြစ် လူနာများကို ကြည့်ရှုပေးလျက်ရှိပြီး

ပြည်မြို့ရှိ လောကပါလဆေးရုံကြီး တွင်လည်း လစဉ် ကြည့်ရှုပေးနေပြီး ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ပန်းလှိုင်စီလုံဆေးရုံ
တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေ
ဖုန်း-၀၁-၆၈၄၃၂၅၊ ၀၉၄၂၀၀၄၂၆၇၉ (ကြိုတင်စာရင်းပေးသွင်းရန်)

လောကပါလဆေးရုံ - ပြည်မြို့
ဒီဇင်ဘာလ (၁)ရက်မှ (၂) ရက်နေ့ထိ

ကြိုတင်စာရင်းပေးသွင်းရန်
ဖုန်း - ၀၉၇၉၆၃၇၇၁၀၆၆ - မဒီချို
www.punhlaingsiloamhospitals.com

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)
## အိတ်ဖွင့်တင်ဒါပိတ်ရက်ပြောင်းလဲသတ်မှတ်ခြင်း

စက်မှုဝန်ကြီးဌာန၊အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် အသုံးပြုရန် လိုအပ်သော ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူရန်အတွက် ၁၈-၁၁-၂၀၁၆ ရက်တွင် တင်ဒါခေါ်ယူခဲ့ပြီး ၂၂-၁၁-၂၀၁၆ ရက်တွင် တင်ဒါပိတ်ရက်အဖြစ် သတ်မှတ်ခဲ့သော်လည်း လုပ်ငန်းလိုအပ်ချက်အရ တင်ဒါပိတ်ရက်အား ၉-၁၂-၂၀၁၆ ရက်သို့ ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ
## ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသပေးရန်လိုအပ်သော အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့(FDA)အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်းများကို အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** ၂၂-၁၁-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်** ၂၁-၁၂-၂၀၁၆ ရက်၊ ၁၆:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ၊ ပုဗ္ဗသီရိမြို့ပတ်လမ်းနှင့် ဇေကရာဇ်ပန်းလမ်းထောင့် ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၄၃၀၀၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
## သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
## သုတေသနလက်ထောက် (၂)၊ စာကြည့်တိုက်လက်ထောက် (၂) ရာထူးလျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနရှိ အောက်ဖော်ပြပါရာထူးနေရာများတွင် ခန့်ထားနိုင်ရန်အတွက် ၂၇-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် လျှောက်လွှာခေါ်ခဲ့ယူပြီး ဖြစ်ပါသည်။ ယခုအခါ ထပ်မံလျှောက်ထားလိုသူများရှိပါက ထပ်မံလျှောက်ထားနိုင်ရန်အတွက် ခေါ်ယူခြင်းဖြစ်ပြီး လျှောက်လွှာများကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ရုံးချုပ်နှင့်ရုံးခွဲများတွင် အခမဲ့ရယူ၍ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမည်/လစာနှုန်း | အရည်အချင်းသတ်မှတ်ချက် | အရေအတွက် |
|---|---|---|---|
| (က) | သုတေသနလက်ထောက်(၂) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - မဟာဝိဇ္ဇာဘွဲ့(MA) (အင်္ဂလိပ်စာ/သမိုင်း/ ရှေးဟောင်းသုတေသန ပညာ)ရရှိထားသူ ဖြစ်ရမည်။ - အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ပြီး ကွန်ပျူတာMicrosoft Office Programmeများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်။ | (၇) နေရာ |
| (ခ) | စာကြည့်တိုက်လက်ထောက်(၂) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုနှင့် ဘွဲ့လွန်စာကြည့်တိုက် ပညာဒီပလိုမာဘွဲ့ ရရှိပြီးမဟာဝိဇ္ဇာဘွဲ့တန်းသို့ တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ - အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ပြီး ကွန်ပျူတာ Microsoft Office Programme များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်။ | (၃) နေရာ |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) ပြင်ပမှ လျှောက်ထားသူသည် ၁၅-၁၁-၂၀၁၆ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။
(ဂ) မည်သည့်အမျိုးသားစာကြည့်တိုက်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဃ) တာဝန်ချထားသောဒေသများသို့ ကွင်းဆင်းလေ့လာရေးသွားရောက်နိုင်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။
(စ) ဝန်ထမ်းဖြစ်ပါက လျှောက်လွှာများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်။

၃။ လျှောက်လွှာများကို သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်တွင် ၁၆-၁၂-၂၀၁၆ရက်နောက်ဆုံးထား၍ လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ၊ ဘွဲ့ရအမှတ်စာရင်းမိတ္တူ၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာမူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှ ထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၅။ သတ်မှတ်စည်းကမ်းချက်များနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်တင်ပြသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်ပါက လူတွေ့စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၈၄၊ ၀၆၇-၄၀၈၄၃၆၊ ၀၆၇-၄၀၈၃၈၃တို့သို့ ရုံးချိန်အတွင်းဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဖခင်အမည်မှန်

မင်္ဂလာဒုံ၊ အမက(၇)၊ ပထမတန်းမှ မောင်ရှိုင်းမြတ်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၅/ဘတလ(နိုင်)၀၇၅၄၉၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စု၊ရင်းတိုက်ကွင်းရွာနေ ဦးစောပေတရု(ခ)ဦးမျိုးချစ် ၇/လပတ(နိုင်)၀၈၀၄၅၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောပေတရု(ခ)ဦးမျိုးချစ်**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## (၂၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိတက္ကသိုလ်နှင့် မြတ်ဆရာတို့ကို ကျေးဇူးဆပ်ရန် မြတ်ဆရာပူဇော်ပွဲကို (၂၈-၁-၂၀၁၇) စနေနေ့ နံနက်(၉)နာရီ ရန်ကုန်ပညာရေးတက္ကသိုလ်(Learning Hub)တွင်ကျင်းပပါမည်။

နှစ်စဉ်ကန်တော့ခံမြတ်ဆရာများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | | | |
|---|---|---|---|
| ဦးအုန်းမြင့် | ကျောင်းအုပ်(ငြိမ်း) ဥက္ကဋ္ဌ | ၅၁ | ၇၆၀၇၉ |
| Dr.ဒေါ်အေးအေးမြင့် | (တာဝန်ခံ)ပါ/ချုပ်ရန်ကုန်ပညာရေးတက္ကသိုလ် | ၅၁ | ၅၇၁၄၆ |
| ဦးစိုးဝင်း | ဒုညွှန်ချုပ် (ငြိမ်း) | ၅၀ | ၀၆၃၉၈ |
| ဦးမျိုးသန့် | ဒုညွှန်ချုပ် | ၈၆ | ၂၃၄၆၄ |
| ဒေါ်ဆွေဆွေလှဲ | ဒုညွှန်မှူး | ၄၉ | ၄၅၀၇၈၀ |
| ဦးကျော်သောင်း | ပန်းချီ | ၇၃ | ၁၆၄၇၄၉ |
| ဦးရှိန်းလိန်းအောင် | ဒုညွှန်မှူး (ငြိမ်း) ဒုဥက္ကဋ္ဌ | ၅၁ | ၉၃၈၅၀ |
| ဒေါ်ရီရီဝင်း | ဘဏ္ဍာရေးမှူး | ၅၁ | ၆၇၇၆၆ |
| ဦးစိုးမြင့် | နယူးရွှေစင်ရွှေဆိုင် | ၅၀ | ၆၃၂၂၈ |
| ဦးကျော်ဝင်း | လ/ထညွှန်မှူး | ၇၃ | ၀၀၉၁၄၃ |
| ဦးကျော်မိုးဦး | အတွင်းရေးမှူး | ၅၃ | ၉၄၅၆၈ |

## နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုမွန်လွှာ

၂၀၁၆ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ကျရောက်သော ဖေဖေ ဦးစံတင့်နှင့် မေမေ ဒေါ်တင်တင်တို့၏ ဦးစီးအရာရှိ ကြေး/မြေ(ငြိမ်း) ကုန်သွယ်ရေး(ငြိမ်း) နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် စိန်ရတုသို့တိုင် ကျန်းမာပျော်ရွှင်စွာလက်တွဲရင်း သား သမီး မြေးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်အတူ တိုင်းပြည်နှင့် လူမျိုးအကျိုး ဘာသာ၊ သာသနာနှင့် လောကအကျိုးများကို ကျန်းကျန်းမာမာဖြင့် သယ်ပိုးနိုင်ပြီး နိဗ္ဗာန်ရွှေပြည်တိုင်အောင် လက်တွဲလျှောက်လှမ်းနိုင်ပါစေကြောင်း သားတို့ သမီးတို့အားလုံးမှ တောင်းဆုပြုလျက်-

**သမီးကြီး** - ဒေါ်ခင်ဆွေဦး(ခေတ္တစင်ကာပူ)
**သမီးလတ်** - ဗိုလ်ကြီးအောင်ကျော်ဦး(ငြိမ်း)-
ဒေါ်ခင်ဆွေတင့်(ဦး/ရှိ၊ ခရိုင်ထွေ/အုပ်)
**မြေး** - ခင်ကြည်ဖြူသန့်၊ ဖူးပွင့်ရွှေစင်သန့်
**သမီးငယ်** - ဒေါ်ခင်ဆွေမြင့်(မြို့နယ် ထွေ/အုပ်)

## (၂၉)နှစ်ပြည့်
## မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ဦးခင်ဇော် (ဦးစီးအရာရှိ၊ မြို့ပြ၊ ပဲခူး)နှင့် မေမေ ဒေါ်ခင်လေးနွယ်တို့၏ နိုဝင်ဘာ ၂၂ ရက်တွင်ကျရောက်သော (၂၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် စိန်ရတုမင်္ဂလာတိုင်အောင် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**သမီးကြီး-** မဝတ်ရည်လှိုင် [BE Civil အငယ်တန်းအင်ဂျင်နီယာ(၃) မြို့ပြ၊ လမ်းအထူးအဖွဲ့-၁၄]
**သားလတ်-** ဒေါက်တာ အောင်ခန့်ဇော် (M.B.B.S,Ygn)
**သမီးငယ်-** မပြည့်ပုဏ္ဏမီဇော် [Grade-8(A) အထက(၂) စမ်းချောင်း]

## စက်ပစ္စည်းရောင်းရန်

အသုံးပြုနေဆဲ လိုင်စင်ပါ ဂလစ်ဘူးအချိုရည်ထုတ်လုပ်သည့် စက်ပစ္စည်းများ ရောင်းရန်ရှိသည်။ ညှိနှိုင်းဈေးနဲ့ရောင်းမည်။ စိတ်ဝင်စားလိုပါက အောက်ပါဖုန်းကိုဆက်သွယ်ပါ။

**ဖုန်း-၀၉-၂၅၄၄၈၈၁၄၀၊ ၀၉-၇၉၀၇၀၀၈၂၂**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အလုပ်ခေါ်စာ

၁။ သတင်းမီဒီယာကောင်စီ၏ ဝက်ဘ်စာမျက်နှာ (Web page) ကို စီမံကိုင်တွယ်ရန် Web Master တစ်ဦးခန့်အပ်ရန်ရှိပါသည်။
၂။ အောက်ပါလုပ်ငန်းတာဝန်များ ထမ်းဆောင်ရမည်ဖြစ်သည်။
(က) ဝက်ဘ်စာမျက်နှာ တည်ဆောက်ခြင်း၊
(ခ) Web page ပေါ်တွင် သတင်းမီဒီယာကောင်စီဆိုင်ရာ အချက်အလက်များ၊ သတင်းများ၊ ကြေညာချက်များကို စနစ်တကျစီမံခန့်ခွဲထားရှိရန်၊
(ဂ) သတင်းမီဒီယာကောင်စီ စီမံခန့်ခွဲရေးအဖွဲ့က ပေးအပ်သော ဝက်ဘ်စာမျက်နှာဆိုင်ရာ တာဝန်များကိုထမ်းဆောင်ရန်၊
(ဃ) တစ်ပတ်အလုပ်ချိန် နာရီ ၄၀ ထမ်းဆောင်ရန်၊
၃။ အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) ဘွဲ့တစ်ခုခုရရှိပြီးသူ
(ခ) ဝက်ဘ်စာမျက်နှာ (Web Content Management) အတွေ့အကြုံရှိသူ
(ဂ) သတင်းမီဒီယာကောင်စီလုပ်ငန်းတာဝန်များကို သိရှိနားလည်သူ
(ဃ) သတင်းမီဒီယာလောက အတွေ့အကြုံ ၃ နှစ် အနည်းဆုံးရှိသူ
(င) အင်္ဂလိပ်ဘာသာကျွမ်းကျင်သူ
၄။ လျှောက်ထားလိုသူသည် ကိုယ်ရေးအချက်အလက် CV နှင့်အတူ ၉-၁၂-၂၀၁၆ရက် နေ့ နောက်ဆုံးထား၍ mmpresscouncil@gmail.com သို့ လျှောက်ထားနိုင်သည်။
၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးအခန်း အမှတ်(၁၃၆-၁၃၈)၊ (A+C)၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၂၆၃၂၆ သို့လည်း ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာ နတ်တော်တရားပတ် (၁၀)ရက်စဉ် ဝိပဿနာအလုပ်ပေးတရားပွဲကြီးကျင်းပမည်

ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ်တရားတော်များကို သနပ်ပင်မြို့၊ ရတနာပုံမန်းကျောင်းတိုက် ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တကိတ္တိမာလာဘိဝံသနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒနမာလာ(မြို့နယ်သံဃနာယကဥက္ကဋ္ဌ)အရှင်သူမြတ်တို့၏ ဩဝါဒကိုခံယူလျက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ကဥ္စနသာရ (Ph.D) (BUDDHISM) အမှူးပြုသော တပည့်-ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်သူမြတ်တို့က ဥပနိဿယမပျက် ထမ်းရွက်တော်မူကြကာ၊ ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၌ (၁၃၇၈ခုနှစ် နတ်တော်လဆန်း ၂ရက်) ၁-၁၂-၂၀၁၆ရက်မှစ၍ နတ်တော်လဆန်း ၁၂ရက် ၁၁-၁၂-၂၀၁၆ရက်အထိ နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူကြမည်ဖြစ်ပါ၍ တရားဝင်ရောက်အားထုတ်ကြမည့် ဒုလ္လဘသံဃာတော်များ သိက္ခာရှင်များ၊ ယောဂီသူတော်စင်များနှင့် ၁၀ ရက်စဉ်အတွင်း အာဟာရဒါနများကို လှူဒါန်းကြမည့် အလှူရှင်များသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ (အချိန်မီ)ကြိုတင် စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ပါကြောင်း လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**ကသစ်ဝိုင်ဓမ္မရိပ်သာ၊ အောင်မင်းခေါင်ကုန်းမြေ၊ ပဲခူးမြို့။**

**ဆက်သွယ်ရန်**
- အတွင်းရေးမှူး ဦးသောင်းညွှန့် ဖုန်း-၀၉-၇၉၆၄၇၁၄၄၈
- ဒေါက်တာငွေးအောင် ဖုန်း-၀၉-၄၂၃၆၆၂၇၉၅
- ဓမ္မရိပ်သာ ဖုန်း-၀၉-၈၆၅၀၉၈၈

## မွေးနေ့ဆုမွန်ကောင်းတောင်းလွှာ
## HAPPY BIRTHDAY ချစ်ဇနီးလေး မိုးပြည့်ပြည့်ဖြိုး

မိဘ၊ ခင်ပွန်း၊ သားနှင့် ဝန်ထမ်းများအပေါ် အမြဲနားလည်ပေးသော ချစ်ဇနီးလေးရဲ့ (၃၄)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်ခင်ပွန်း၊ သားများနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းပြီး ဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုးကို ထောက်ပံ့ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ခင်ပွန်း** - ဗိုလ်မှူးကျော်ကိုကိုရှိန်း
**သားကြီး** - မောင်ကျော်ကိုကိုဆက်နိုင် (Primary 1 Virtuoso Brainwork)
**သားလတ်** - မောင်သုဝေယံရှိန်း (Barin Graduateso)
**သားငယ်** - မောင်မိုးပြည့်စုံဟိန်း (Brain Leaders Aplomb)
**သမီး** - မဂျူဂျူခင် (နဝမတန်း)
မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း

## ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)
### ဖုန်း-၀၉-၇၃၂၅၄၈၃၅

ရန်ကုန်ဂေါက်အသင်းမှ အသင်းသားအချို့သည် အသင်းသို့ပေးသွင်းရန်ရှိသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို (၂)နှစ်ကျော်ကြာသည်အထိ ပေးသွင်းရန် ပျက်ကွက်နေပါသဖြင့် အဆိုပါ အသင်းသားများသည် Defaulter သတ်မှတ်စာရင်းတွင် ပါဝင်သွားနိုင်ပါသောကြောင့် မိမိတို့ ပေးသွင်းရန်ကျန်ရှိနေသည့် လစဉ်ကြေးနှင့် နှစ်စဉ်ကြေးများကို ၃၁-၁၂-၂၀၁၆ ရက် (စနေနေ့) နောက်ဆုံးထားပြီး မပျက်မကွက်ပေးသွင်းကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**
**ရန်ကုန်ဂေါက်အသင်း**

## မြေဂရန်နှင့် မြေပေးမိန့်လျှောက်ထားချက်အတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်ကွက်/ကျေးရွာ | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ကျင်လှ | ပုသိမ် | အမှတ်(၁၃) | ၁၆၃-စီ | D ၆၅-က | ၀.၀၅၅ | ဂရန်အမည်ပြောင်း |
| ၂ | ဦးစိန်မြင့် | ပုသိမ် | အမှတ်(၁၃) | ၅၂ | D ၄၇ | ၀.၀၅၅ | ဂရန်အသစ် |
| ၃ | ဦးဆန်းဦး | ပုသိမ် | အမှတ်(၁၃) | ၅၂ | D ၁၀ | ၀.၀၅၅ | ဂရန်အမည်ပြောင်း |
| ၄ | ဒေါ်နှင်းယုဆိုင် | ပုသိမ် | အမှတ်(၁၃) | ၅၂ | ၁၈ | ၀.၀၈ | ဂရန်အမည်ပြောင်း |
| ၅ | ဦးအောင်နိုင် | ပုသိမ် | အမှတ်(၁၃) | ၅၂ | D ၉ | ၀.၀၅၅ | ဂရန်အမည်ပြောင်း |
| ၆ | ဦးနောင်နောင် | ရွှေသောင်ယံ | ချောင်းသာ | ၁၉၉၀ | | ၀.၀၇၃ | မြေပေးမိန့် |
| ၇ | ဦးဝင်းမောင်+ ဒေါ်လှလှဝင်း | ပုသိမ် | အမှတ် (၅) | ၆၇ ထောင်ကုန်း | ၇၅ | ၀.၀၈၃ | ဂရန်အမည်ပြောင်း ဦးပိုင်ခွဲ |

အဆိုပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၁၇၉၉)၊ မြေကွက်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးဇော်မြင့်ဦး (ဘ) ဦးမြင့်စန်း ၁၂/ဥကမ(နိုင်)၀၁၇၃၈၇ (ကိုယ်စား) ဦးလှအောင်မှ ဝန်ခံကတိပြုချက်၊ မြေချစလစ်မူရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၄၂၄၁၇ Honda Wave 100 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ဝင်း ၁၄/ပသန(နိုင်)၀၈၉၂၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ နဂါးရုံ့မီးတောင်ပေါက်ကွဲ

**ကျောက်ဖြူ နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ စိုင်ခြုံကျေးရွာအုပ်စု စိုင်ခြုံမြောက်ရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ ရှိသော (ခန့်မှန်းမြေပုံအညွှန်း ES 628457)တွင် ပန်းရည် နဂါးရုံ့မီးတောင်သည် နိုဝင်ဘာ ၂၄ ရက် နံနက် ၃ နာရီ မိနစ် ၄၀ က ပေါက်ကွဲခဲ့ပြီး ရွံ့ရည်များ ၁၀ မိနစ်ခန့် မှုတ်ထုတ်ခဲ့သည်။ ယင်းတောင်၏ဝန်းကျင် ပေ ၄၀-၅၀ ခန့် ပျံ့နှံ့ခဲ့သည်။ ရွံ့ရည်ထုမှာ လေးပေ ငါးပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါ ရွံ့မီးတောင် ပေါက်ကွဲမှုကြောင့် လူနှင့် တိရစ္ဆာန်၊ စိုက်ခင်းများ ပျက်စီးထိခိုက်မှုမရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



# KIA လက်နက်ကိုင်အဖွဲ့က ပြည်ထောင်စုလမ်းမကြီးကို ပိတ်ဆို့မှု တပ်မတော်က ရှင်းလင်း၊ ယာဉ်များသွားလာနိုင်ပြီ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူဆယ်မြို့နယ် ကောင်းခါးရွာအနီး ပြည်ထောင်စုလမ်းမကြီးကို ယနေ့ နံနက်ပိုင်းတွင် KIA လက်နက်ကိုင်အဖွဲ့က ယာဉ်များကန့်လန့်ဖြတ်ရပ်ကာ လမ်းပိတ်ဆို့ထားသဖြင့် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

**ရှင်းလင်းနိုင်ခဲ့**

မူဆယ်မြို့အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ မော်တောင်းကျေးရွာနှင့် နမ့်အွန်ကျေးရွာအကြား၊ ကောင်းခါးရွာအနီး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ယနေ့ နံနက် ၉နာရီ ၄၅ မိနစ်ခန့်က KIA လက်နက်ကိုင်အဖွဲ့က တွဲကားယာဉ်များကို အတင်းအကျပ်ရပ်တန့်စေပြီး ကန့်လန့်ဖြတ်ပိတ်ကာ ယာဉ်သွားလာမှုကို ပိတ်ဆို့ထားသဖြင့် တပ်မတော်စစ်ကြောင်းက ရှင်းလင်းခဲ့ရာ နံနက် ၁၀ နာရီခွဲခန့်တွင် ရှင်းလင်းနိုင်ခဲ့ပြီး ပိတ်ဆို့နေသည့် ခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ စာမျက်နှာ ၇ ကော်လံ ၁

## ယနေ့ မာတိကာ

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ဆောက်လုပ်စအဆောက်အအုံပြိုကျ ၊ ၆၇ ဦးထက်မနည်းသေဆုံး
စာမျက်နှာ » ၁၀

ဆူဇူကီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများ ဆက်လက်ကျင်းပမည်
စာမျက်နှာ » ၁၄

လီဗာပူးတွင် ပုံမှန်ကစားခွင့်ရရှိရန် ကြိုးစားသွားမည်ဟု ခံစစ်မှူး ဖလာနာဂန် ဖွင့်ဟ
စာမျက်နှာ » ၁၈

ဒေါ့မွန်အသင်းမှ တူရကီမက်ဆီ သို့မဟုတ် အမ်ရီမိုး
စာမျက်နှာ » ၁၉

# မောင်တော - ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး မကြာမီကောင်းလာမည်ဟု မျှော်လင့်နေကြ

**သတင်း - မင်းသစ်(သတင်းစဉ်)နှင့် အေဝမ်းစိုး**

**မောင်တော နိုဝင်ဘာ ၂၄**

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ပိတ်ထားခြင်းမရှိသော်လည်း နယ်မြေအခြေအနေအရ ကုန်သွယ်မှု ခေတ္တရပ်တန့်နေကြောင်း၊ မကြာမီ ကောင်းလာလိမ့်မည်ဟု မျှော်လင့်ရကြောင်း မောင်တောကုန်သွယ်ရေးစခန်းကို အမှီပြုလုပ်ကိုင်နေသူများက ဆိုသည်။

အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ မောင်တော - ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်ဆိုင်းခဲ့သော်လည်း အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နယ်စပ်ကုန်သွယ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး နိုဝင်ဘာ ၃ ရက်မှ ယနေ့အချိန်အထိ နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်တန့်သွားကြောင်း မောင်တောကုန်သွယ်ရေးစခန်း ဦးစီးအရာရှိ ဦးခင်ကျော်မြင့်က ပြောသည်။ စာမျက်နှာ ၆ ကော်လံ ၁



**မောင်တောနယ်စပ်ကုန်သွယ်ရေး ပြန်လည်ဖွင့်လှစ်ခြင်းကြောင့် ကုန်စည်များပို့ဆောင်ရန် စက်လှေပေါ်တင်နေမှုကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်** (ဓာတ်ပုံ - နေလင်း)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အချိုရည်ပုလင်းဖြင့် ပြုလုပ်သော အသေးစားပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ယနေ့မွန်းလွဲပိုင်းက ပေါက်ကွဲမှု လေးကြိမ်ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)ရပ်ကွက် ပြည်ထောင်စုလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးအတွင်း ရုံးအနောက်ဘက်ရှိ သန့်စင်ခန်းအတွင်း ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က နှစ်မိနစ်ခြား သုံးကြိမ်နှင့် စာမျက်နှာ ၆ ကော်လံ ၅

